www.burmeseclassic.com

မိုး စာပေ

ပုညခင်

# ချစ်ကြိုးရှုပ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀၀၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၀၀၀၉၀၇

ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

အဖုံးဒီဇိုင်း - ဝန်းချို-ကိုဆန်း


ပုံနှိပ်သူ - ဦးမြင့်ဆန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။



ဦး မိုး ၀၁၆၀

# ပုညခင်



# ချစ်ကြိုးရှုပ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ၂ ဝဆောန်း သားပါ။

ကျွန်တော့် ကို ၂ လပိုင်း ၂ ရက်နေ့ မွန်းလွဲ ၂ နာရီမှာ မွေးတယ်။

တနင်္လာသားဆိုတော့ မွေးနံ့ကလည်း ၂ ပေါ့။

မေခင်က ကျွန်တော့်ကို ပြောတယ်...

ကျွန်တော့်စိတ်ဟာ အမြဲ နှစ်မျိုး နှစ်ခွ ဖြစ်နေတတ်တယ်တဲ့။

မှန်တယ်။

ကျွန်တော့်ကို စားစရာတွေထဲမှာ ဘာကို အကြိုက်ဆုံးလဲလို့ မေးရင်...

'ဟမ်ဘာဂါ' နဲ့ 'မုန့်စိမ်းပေါင်း' ကို အကြိုက်ဆုံးလို့ ဖြေမယ်။

အဲဒီ နှစ်မျိုးထဲမှာ ဘာကို ပိုကြိုက်သလဲလို့ လာမမေး နဲ့ ကျွန်တော် မဖြေတတ်ဘူး။

အဝတ်အစားတွေထဲမှာ ဘာကို အကြိုက်ဆုံးလဲလို့ မေးရင်...

'ဂျင်းဘောင်းဘီ' နဲ့ 'ကော်လံတတုံး ရှပ်အကျီ' ကို အကြိုက်ဆုံးလို့ ဖြေမယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ နှစ်မျိုးထဲမှာ ဘာကို ပိုကြိုက်သလဲလို့ လာမမေးနဲ့ ကျွန်တော် မဖြေတတ်ဘူး။

အရောင်တွေထဲမှာ ဘယ်အရောင်ကို အကြိုက်ဆုံးလဲလို့ မေးရင်...

'အဝါ'နဲ့ 'အနီ'ကို အကြိုက်ဆုံးလို့ ဖြေမယ်။

ဘယ်အရောင်ကို ပိုကြိုက်သလဲလို့ လာမမေးနဲ့ ကျွန်တော် မဖြေတတ်ဘူး။

ကောင်မလေးတွေထဲမှာ ဘယ်သူ့ကို အချစ်ဆုံးလဲလို့ မေးရင်...

'ရွှေပိတောက်'နဲ့ 'မွေ့လွန်းအိမ်' ကို အချစ်ဆုံးလို့ ဖြေမယ်။

ဘယ်သူ့ကို ပိုချစ်သလဲလို့ လာမမေးနဲ့ ကျွန်တော်မဖြေတတ်ဘူး။

မဖြေတတ်ဘူး။

တကယ် မဖြေတတ်ဘူးဗျာ။



ကံဆိုးတာက...

ကျွန်တော်ကြိုက်တဲ့နှစ်မျိုးတွေဟာ ဘယ်လိုမှ တွဲစပ်ပေးလို့ အဆင်မပြေတာပဲ။

ခင်ဗျားတို့ပဲ စဉ်းစားကြည့်...

'ဟမ်ဘာဂါနဲ့ မုန့်စိမ်းပေါင်း' ဘယ်မှာ တွဲစားလို့ ကောင်းမှာလဲ။

'ဂျင်းဘောင်းဘီနဲ့ ကော်လံကတုံး ရှပ်အကျႌ'

ဘယ်လို တွဲဝတ်လို့ ကောင်းမှာလဲ။

'အနီရောင်နဲ့ အဝါရောင်...'

ဘယ်လို စပ်ဟပ်လို့မှ လိုက်ဖက်မညီဘူး။

အဲဒီလိုပဲ...

'ရွှေပိတောက်နဲ့ မွေ့လွန်းအိမ်...'

မဖြစ်ဘူး...

မဖြစ်ဘူး...

တကယ် မဖြစ်ဘူးဗျာ...။

www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှင့် တိုက်ခိုက်ခြင်း

(သို့မဟုတ်)

ကျွန်တော်ရယ် ...

မဟာဆန်သူရယ် ...

ဟော့ရှော့ဒေဝီရယ် ...။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ၂ ဂဏန်း ကို မုန်းပါသည်။

အကြောင်းမှာ ကျွန်တော့်ဘဝရဲ့ ဝေခွဲရခက်သော နှစ်မျိုး နှစ်ခွကိစ္စများသည် ၂ ရက်နေ့များမှာ ပေါ်ပေါက်လာတတ်၍ ဖြစ်သည်။

အဲဒီနေ့ကလည်း ၂ ရက်နေ့ပဲ ဖြစ်ခဲ့သည်။

၂ လပိုင်း ၂ ရက်နေ့မို့ ၂ ဂဏန်း နှစ်ထပ်ကွမ်းသောနေ့ ဖြစ်၍ ပိုပြီး ရင်တုန်စရာကောင်းသောနေ့ဖြစ်သည်ဟု ဆိုနိုင်သည်။

အဲဒီနေ့ဟာ ကျွန်တော့်ရဲ့ မွေးနေ့လည်းဖြစ်ပါသည်။

ထိုနေ့မနက်ပိုင်းတွင် ကျွန်တော်သည် ဗီရိုထဲမှ အဂတ်အစား နှစ်စုံကို အသေအချာရွေးချယ်ရင်း မနက်ပိုင်းမှာ ဘုရားသွားရင် ကောင်းမလား ...? ညနေပိုင်းကျမှ အခေါင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သုငယ်ချင်း နှစ်ယောက်နဲ့အတူတူ လှုငယ်ပီပီ ပျော်ပျော်ပါးပါး ညနေစာစားရင်း မွေးနေ့ပွဲဆင်နွှဲရင်ကောင်းမလား ... ? စဉ်းစားရင်း ထုံးစံအတိုင်း ဒွိဟ မင်းသား ဖြစ်နေခဲ့သည်။

ကျွန်တော့်ရဲ့ ဘယ်ဘက်လက်မှာတော့ ဘုရားသွားရင် ဝတ်ဖို့ ကော်လံကတုံးရှပ်နှင့် ပုဆိုးတစ်စုံ၊ ညာဘက်လက်မှာတော့ ဂျင်းဘောင်းဘီနှင့် တီရှပ်တစ်စုံ။

ကျွန်တော်က ဘယ်ဘက်လက်ကို မြှောက်ကြည့်လိုက်၊ ညာဘက်လက်ကိုမြှောက်လိုက်လုပ်နေတုန်း အခန်းရဲ့အပြင်ဘက်က ဖေဖေနဲ့ မေမေရဲ့ ငြင်းခုံသံကို ကြားရလေသည်။

"ကိုယ်ကတော့ ကီးဘုတ်ပဲ"

"ကျွန်မကတော့ Lap Top ပဲ"

"ကီးဘုတ် ဝယ်ပေးလိုက်ရင် သားအရမ်းပျော်မှာကွ"

"Lap Top ဝယ်ပေးလိုက်ရင်လည်း သားအရမ်းပျော်မှာပဲ"

"သား ကီးဘုတ်တီးဘယ်လောက်ကျွမ်းတယ်ဆိုတာ အမေကြီး မသိတာလည်း မဟုတ်"

"သား ကွန်ပျူတာဘယ်လောက်ကျွမ်းကျင်တယ်ဆိုတာ အဖေကြီး မသိတာလည်း မဟုတ်"

"မွေးနေ့လက်ဆောင်ဆိုတာ ကီးဘုတ်လိုမျိုး ဂီတသံစဉ်





လေးတွေကို ဖန်တီးပေးတဲ့ အရာမျိုးဖြစ်မှ ပိုပြီးစိတ်ကို ပျော်ရွှင်စေတာကွ"

"စိတ်ကူးယဉ်ဆန်တဲ့ ရှင့်အတွေးအခေါ်တွေကို နေရာတကာ ချမသုံးစမ်းပါနဲ့၊ Lap Top ဆိုတာက သားအတွက် အမြဲအသုံးဝင်တယ်၊ အင်တာနက်ပဲချိတ်သုံးမလား ပညာတွေအများကြီး ရနိုင်တယ်ရှင့်"

"မင်းရဲ့ လက်တွေ့ကျတဲ့ အတွေးအခေါ်တွေကိုလည်း ခဏခေါက်သိမ်းလိုက်စမ်းပါ မိန်းမရာ၊ လက်တွေ့ကျတိုင်း ပျော်ရွှင်ရတာမှ မဟုတ်တာ"

"ပျော်ရွှင်တိုင်း အကျိုးရှိတာမှ မဟုတ်တာ၊ ဘဝဆိုတာ ..."

"အမလေးဗျာ ... တော်ပါတော့၊ မင်းရဲ့ အဲဆိုအမိန့်တွေကို နားမထောင်ပါရစေနဲ့တော့"

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ Lap Top ပဲ ဝယ်ပေးမှာပဲ"

"ကိုယ်ကတော့ ကီး ဘုတ်ပဲ ဝယ်ပေးမှာပဲ"

"နှစ်မျိုးစလုံး ဝယ်ဖို့တော့ မတတ်နိုင်ဘူး၊ ရှင် ခွတိုက်မနေနဲ့"

"ကဲ ... ဒီလိုဆိုလည်း သားရဲ့အဆုံးအဖြတ်ကိုပဲ နာခံရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ"

ငြင်းခုံစကားတွေအဆုံးမှာ ကျွန်တော့်အခန်းတံခါးက ဖြန်းခနဲပွင့်သွားကာ ဖေဖေနဲ့မေမေ ဝင်လာသည်။ ပြီးတော့ သံပြိုင်ဖြင့်...

"happy birthday သားကလေး"

ဟု ကလေးတွေလို ပြောလိုက်ပြီး မေမေက စတင်ကာ...

"သားရေ... သားရဲ့မွေးနေ့မှာ ဖေဖေနဲ့မေမေက မွေးနေ့လက်ဆောင်တစ်ခုဝယ်ပေးမယ် စဉ်းစားထားတာ၊ အဲဒါ ကီးဘုတ်ဝယ်ရမလား Lap Top ဝယ်ရမလား ဆုံးဖြတ်ရခက်နေလို့ မေ့သားကလေးကပဲ ဆုံးဖြတ်ပေးပါကွယ်"

လာပြီ နှစ်မျိုး နှစ်ခု ဆုံးဖြတ်ရခက်တဲ့ကိစ္စတွေ။ အင်းလေ... ဒီနေ့ကလည်း ၂ ဂဏန်း နှစ်ထပ်ကွမ်းနေ့ ကိုး။

"သား နှစ်ခုစလုံးကို ကြိုက်တယ်၊ နှစ်ခုစလုံး လိုချင်တယ် မေမေ"

"နှစ်ခုစလုံးတော့ မတတ်နိုင်ဘူး သားရယ်၊ တစ်ခုပဲ ယူပါ၊ ကြိုက်တဲ့ဟာ တစ်ခုရွေး"

"ဟာ... မရွေးတတ်လို့ပါ မေမေရာ၊ သားက နှစ်ခုစလုံး





ကိုကြိုက်ပြီး နှစ်ခုစလုံးကို လိုချင်နေတာ၊ အဲဒါ ဘယ်လို လုပ်မလဲ ဖေဖေရယ်နော်"

"သား မင်းအမြဲဒီလိုချည်းလုပ်နေလို့ မရဘူးနော်၊ ဘဝမှာ ရွေးချယ်ခွင့်ဆိုတာ ဘယ်လိုကိစ္စမျိုးမှာမဆို ရှိလာနိုင်တာပဲ၊ နှစ်ခုစလုံး မရနိုင်ရင် တစ်ခုကိုတော့ မဖြစ်မနေရွေးရမှာပဲ"

"သားကတော့ နှစ်ခုစလုံးကိုကြိုက်ရင် နှစ်ခုလုံးကိုရွေးမှာပဲ"

"ဘဝမှာ တစ်ခုပဲရွေးမှဖြစ်မယ့်ကိစ္စတွေမှ အများကြီး"

"သားကတော့ နှစ်ခုပဲ"

"နှစ်ခုလုံး လိုချင်ရင် တစ်ခုမှမရဘဲနေမှာနော်၊ မေမေ မတတ်နိုင်တာကို ပူဆာရင် တစ်ခုမှ ဝယ်မပေးတော့ဘဲ နေမယ်"

"သားက နှစ်ခုလုံး ကြိုက်နေတာကိုး"

"သား စဉ်းစားကြည့်စမ်း၊ လမ်းဆုံတစ်ခုရှေ့မှာ သား ခဏရပ်ပြီး ဟိုလမ်းရော ဒီလမ်းပါ တစ်ပြိုင်တည်းလျှောက်သွားချင်တယ်ဆိုရင် ဖြစ်နိုင်မလား"

"ဟိုတစ်ဖက် ဒီတစ်ဖက်လှမ်းပြီးလျှောက်ရင်ရော မေမေ"

"မင်း ပေါင်နှစ်ခြမ်းပဲ ဖြန်းခနဲကွဲသွားမှာပေါ့ သားကလေးရဲ့၊ နားလည်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ရွဲ့ပြောတာမို့ ကျွန်တော်က တဟိဟိ ရယ်မိသည်။ ကျွန်တော့်ရဲ့စိတ်နှစ်ခွဖြစ်တတ်ပုံတွေကို မေမေကလည်း ကြည့်ရတာ မဟုတ်ပါ။

ဖေဖေက ကျွန်တော့်လက်နှစ်ဖက်ဆီက ဆန့်ကျင်ဘက်ဝတ်စုံတွေကိုကြည့်ကာ မျက်မှောင်ကြုတ်ရင်း...

"ဒီဝတ်စုံနှစ်စုံကရော ဘာလုပ်တာတုန်း သား"

"ဒါက ဘုရားသွားရင်ဝတ်ဖို့ဝတ်စုံနဲ့ သူငယ်ချင်းတွေနဲ့ ညစာစားရင်ဝတ်ဖို့ဝတ်စုံပါဖေဖေ၊ အဲဒီကိစ္စနှစ်ခုထဲက ဘယ်ကိစ္စကိုရွေးရင်ကောင်းမလဲ စဉ်းစားနေတာ"

"အမလေးကွာ...ဒါများ သိပ်စဉ်းစားမနေနဲ့၊ လွှင်ယံပဲ ညနေကျ ဟောဒ့ရှေ့လေး ဝတ်ပြီး သူငယ်ချင်းတွေနဲ့ ပျော်ပေါ့"

"ဟင်...ရှင် ကလေးကိုဖျက်ဆီးမနေနဲ့၊ မွေးနေ့ပဲ ယဉ်ယဉ်ကျေးကျေး ပုဆိုးလေးဝတ်ပြီး ဘုရားတက်ကုသိုလ်ယူရမှာပေါ့..."

ကဲ...အဲဒီလိုပါဆို...။ ကျွန်တော်ဟာ နှစ်မျိုးနှစ်ခွကိစ္စတွေကြား ဘယ်လောက်တောင် ဗျာများရသလဲဆို...။ ကိုယ့်





စိတ်နှစ်ခွကို ဝေခွဲရခက်တာကတစ်မျိုး၊ ဖေဖေနဲ့မေမေရဲ့ အမြဲကွဲလွဲတတ်တဲ့ ဆန္ဒနှစ်ခုကြား ဗျာများရတာက တစ်မျိုး။

"သားက ကုသိုလ်တော့ ရချင်ပါတယ်မေမေ၊ ဒါပေမယ့် လွှင်ယံပီပီသသလေး ညနေဘက်မှာ သူငယ်ချင်းတွေနဲ့ ကဲချင်သေးတယ်၊ မနက်ရော ညရော တစ်နေ့လုံးကြီး အပြင်ထွက်ရမှာကျတော့လည်း နည်းနည်းပျင်းသေးလို့"

"ကဲလေ...မေမေ့ဘက်က တစ်ခုတော့ လျှော့ပေးလိုက်ပါတော့မယ်၊ သားဖေဖေပြောသလို ညနေပိုင်းမှ သူငယ်ချင်းတွေနဲ့ ပျော်ပါ၊ မေမေခွင့်ပေးတယ်၊ ဒါပေမယ့် ဒီမနက်တော့ ဘုရားတက်ကုသိုလ်ယူရမယ်"

ကဲ...ကြည့်။ နှစ်ခုစလုံးလိုချင်တဲ့ဟာကျ ဝယ်မပေး။ တစ်ခုပဲလုပ်ချင်ပါတယ်ဆိုတော့မှ နှစ်ခုစလုံး လုပ်တဲ့။

"သားက နှစ်ခုထဲက တစ်ခုရွေးဖို့ စဉ်းစားနေတာ"

"ကြော်ကွယ်...ဘဝမှာ တစ်ခါတစ်ခါကျရင် တစ်ခုပဲလုပ်ချင်ပေမယ့် နှစ်ခုစလုံးကို လုပ်သင့်ရင် လုပ်ရတာတွေ ရှိတယ်ကွယ့်၊ စီမံခန့်ခွဲတတ်ရင် ပြဿနာမရှိပါဘူး၊ မနက်ပိုင်းမှာ ဘုရားသွား၊ နေ့ခင်းနေ့လယ် ပြန်နားပြီး ညနေ



www.burmeseclassic.com

www.burmeseclassic.com



စောင်းတော့မှ သူငယ်ချင်းတွေနဲ့ တစ်ခေါက်ပြန်ထွက်ပေါ့ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ မေမေ၊ သား အဲဒီလိုပဲ လုပ်လိုက်ပါတော့မယ်"

"ဒါဆို သားဆုံးဖြတ်ရခက်နေတဲ့ မွေးနေ့လက်ဆောင်ကိစ္စကိုလည်း မေမေပဲ အဆင်ပြေအောင် စီမံပေးလိုက်တော့မယ်"

"မင်းက ဘယ်လိုစီမံမှာလဲ"

"အသာနေပါ အမေကြီးရယ်၊ တရားသဖြင့် ဖြစ်ရပါစေမယ်"

မေမေက စက္ကူရွက်ကလေး နှစ်ရွက်သွားယူလာကာ တစ်စုံတစ်ရာ ရေးလိုက်ပြီး မဲလိပ် လိပ်လိုက်သည်။

"ကဲ...ဒီနှစ်လိပ်ထဲက တစ်လိပ်နှိုက်ယူ"

မေမေက မဲလိပ်နှစ်လိပ်ကို လက်ခုပ်ထဲမှာခလောက်လိုက်ပြီး ပြောသည်။ ကျွန်တော် မဲလိပ်တစ်လိပ်ယူလိုက်သည်။ မေမေက ကျွန်တော့်လက်ထဲက မဲလိပ်ကိုလှမ်းယူလိုက်ပြီး ဖေဖေ့ဆီ လှမ်းပေးလိုက်သည်။

"ကဲ...အမေကြီး...ဒါ သားအတွက် ဝယ်ပေးရမယ့် ပစ္စည်းပဲ၊ ဒါကိုဖွင့်ကြည့်ပြီး Lap Top ပဲဖြစ်ဖြစ်၊ ကီးဘုတ်ပဲ





ဖြစ်ဖြစ် ကျွန်မတို့ ကြည်ကြည်ဖြူဖြူ ဝယ်ပေးလိုက်ကြတာပေါ့၊ ကဲ...သား ဘုရားသွားမယ်ဆို သွားတော့၊ သား နှိုက်ထားတဲ့ မဲလိပ်ထဲက ပစ္စည်းကိုပဲ မေမေတို့ ဝယ်ထားလိုက်တော့မယ် ဟုတ်ပြီလား၊ ဘဝမှာ ဝေခွဲရခက်တဲ့ ကိစ္စတွေကို ရွေးချယ်ဖို့အတွက် တစ်ခါတစ်ခါ အကြံဉာဏ်လိုတယ်ကွယ့်"

မေမေက ကျွန်တော့်ရဲ့မွေးနေ့တွေမှာ ပစ္စည်း လက်ဆောင်အပြင် အဲဒီလိုအဆိုအမိန့်လေးတွေကိုလည်း လက်ဆောင်ပေးကာ ဆုံးမတတ်သူဖြစ်သည်။

တကယ်တော့ ကျွန်တော်တို့မိသားစုထဲမှာကို နှစ်မျိုးနှစ်ခွ ဖြစ်နေခဲ့တာဖြစ်သည်။ ပျော်ပျော်ရွှင်ရွှင် နနပျိုပျို နေတတ်သော ဖေဖေ့ရဲ့ဆန္ဒကတစ်မျိုး။ နေရာတကာ စည်းစနစ်ကျကျ၊ လက်တွေ့ကျကျ နေချင်သော မေမေ့ရဲ့ဆန္ဒကတစ်မျိုး။ ဖေဖေက တစ်ခါတစ်ခါ 'အချစ်ဆိုတာ' အစချီကာ အနုအရွလေးတွေပြောချင်ပေမယ့် မေမေကတော့ 'ဘဝဆိုတာ' ကို ပါးစပ်များက မချ။

ဖေဖေနဲ့မေမေရဲ့ နှစ်မျိုးနှစ်ခွဆန္ဒတွေကြားမှာ ဗျာများရသူက ကျွန်တော် ၂ ဂဏန်းသမားပင်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ဖေဖေနဲ့မေမေတို့ရဲ့ ဆုံးမစကားတွေက ကျွန်တော့်ဦးနှောက်ထဲမှာ နှစ်မျိုးနှစ်ခွ ရှုပ်ယှက်ခတ်ပြီးကျန်ခဲ့သည်။

"ဘဝမှာ ရွေးချယ်ခွင့်ဆိုတာ ဘယ်လိုကိစ္စမျိုးမှာမဆို ရှိလာနိုင်တာပဲ၊ နှစ်ခုစလုံးမရနိုင်ရင် တစ်ခုခုကိုတော့ မဖြစ်မနေ ရွေးရမှာပဲ"

"ဘဝမှာ တစ်ခါတစ်ခါကျရင် တစ်ခုပဲ လုပ်ချင်ပေမယ့် နှစ်ခုစလုံးကို လုပ်သင့်ရင် လုပ်ရတာတွေ ရှိတယ်"

"နှစ်ခုစလုံး လိုချင်ရင် တစ်ခုမှမရဘဲနေမှာနော်"

"ဘဝမှာ သိပ်ဝေခွဲရခက်တဲ့ကိစ္စတွေကို ရွေးချယ်ဖို့အတွက် တစ်ခါတစ်ခါ အကြံဉာဏ် လိုတယ်ကွယ့်"

အဲဒီလို နှစ်မျိုးနှစ်ခွကိစ္စများဖြင့် စတင်ဖွင့်လှစ်ခဲ့သော ကျွန်တော့်ရဲ့ မွေးနေ့ ၂ လပိုင်း ၂ ရက်နေ့-မနက်ခင်းမှာ ကျွန်တော်က ကော်လံကတုံး ရှပ်လေးနှင့် ယောလုံချည် ဆီးရောင်ကလေးကို ယဉ်ယဉ်ကျေးကျေးဝတ်ကာ ရွှေတိဂုံဘုရားသို့သွားခဲ့ပါသည်။

ပထမပိုင်း ဓာတ်လမ်းက အဲဒီမှာ အစပြုခဲ့တာ ဖြစ်သည်။





အချစ်နှင့် တိုက်မိခြင်း (၁)

တနင်္လာနေ့မနက်...

တော်တော်လှပြီး ဣန္ဒြေ ရပါသည်။

ကျွန်တော့်ခြေထောက်ကလေးကို ပြောပါတယ်။

ကျွန်တော့်ခြေထောက်တစ်ဖက်ကို ကားပေါ်မှ ချလိုက်ပြီး ထိုခြေထောက်ကိုငုံကြည့်ကာ ကျွန်တော့်ဟာကျွန်တော် သဘောကျကျေနပ်သွားခြင်းဖြစ်ပါသည်။

ဒီနေ့အဖို့မှာတော့ ကျွန်တော့်ရဲ့ ကတ္တီပါညှပ်ဖိနပ်ဝတ်ခြေထောက်ကလေးကအစ တည်ငြိမ်ဣန္ဒြေရပြီး သိက္ခာလည်း ရှိနေသလိုလို...၊ သန့်ပြန့်အဆင့်မြင့်နေသလိုလို...၊ လူကြီးလူကောင်းပဲ ဆန်နေတော့သလိုလို...။ ကိုယ့်ဘာသာငုံကြည့်ရင်း ကျေနပ်နေမိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်နေ့တွေတုန်းကတော့ All star ဖိနပ်စီးကာ မြောက်ကြွကြွ လှမ်းနေကျ ကျွန်တော့်ခြေလှမ်းတွေဟာ ခုတော့ ကတ္တီပါဖိနပ်ကို ငဲ့ရတာကြောင့်လားမသိ ကားပေါ်ကနေ လမ်းပေါ်ကို ကျသွားတာများ တကယ့်ကို ဖွဖွလေး၊ ညင်ညင် သာသာလေး၊ ဖတ်ခနဲတောင်မြည်ဖို့ ဝေး...။

ကျွန်တော့် ခေါင်းကနေ ခြေဖျားအထိ သွင်ပြင် လက္ခဏာကိုက သန့်ပြန့်တည်ကြည်ရည်မွန်သည့်အသွင်ကို ဆောင် နေပါသည်။

ကျွန်တော်က ကားအောက်ကို လှမ်းဆင်းလိုက်ပြီး ကားတံခါးကို ရိုမှုဖြင့် လှမ်းပိတ်လိုက်ပါသည်။

"တွိ...တွိ"

ပြီးတော့ ကျွန်တော် ကားနားမှာခြေစုံရပ်ပြီး ရွှေတိဂုံ ဘုရားဘက်သို့ မျက်နှာမူကာ ခြေစုံရပ်တန့်ပြီး လက်အုပ်ချီ ဦးနိုက်လိုက်ပါသည်။

ပြီးမှ ရင့်ကျက်သော ဣန္ဒြေဖြင့် ဓာတ်လှေကားဆီ လျှောက်လာခဲ့၏။

ကျွန်တော် ဓာတ်လှေကားရှေ့ရောက်တော့ ဓာတ် လှေကားဟာ ပိတ်လုပိတ်ခင်လေး။ ပြန်လည်စေ့ပိတ်နေပြီဖြစ်သော





ဓာတ်လှေကားထဲသို့ ကျွန်တော် လှမ်းအဝင်၊ မိန်းကလေး တစ်ယောက်ကလည်း လှမ်းအဝင်...

"ထရှိ" (ပခုံးချင်းပွတ်မိသံဖွဖွလေး)

ပခုံးချင်း အလွန် ညင်သာစွာ ထိခတ်လိုက်သည့် ထိုခဏမှာ သူမ လက်မှအကိုင်လာသော အောင်စံပယ်ပန်းကုံးလေး က သူမလက်မှ ကြမ်းပြင်ဆီသို့ ရှလောခနဲပြုတ်ကျသွားတော့ သည်။ (စံပယ်ပန်းကုံး ပြုတ်ကျတာကတော့ ဘာသံမှ မမြည်ပါ)

"အို..."

"ဆောရီး..."

သူမထံမှ 'အို' သံကလေးက တိုးတိတ်ညင်သာလွန်း တာမို့ ကျွန်တော်ကလည်း တိုးတိုးကလေး 'ဆောရီး' လိုက်ရပြီး ကျသွားသော ပန်းကုံးကလေးကို ငုံ့အကောက်...

"အို...မကောက်နဲ့တော့လေ...အသစ်ပဲ ဝယ်လိုက်ပါတော့ မယ်"

အလို...အသံလေးက ချိုသာလွန်းပေစွ...။ နူးညံ့ ညင်သာနက်ရှိုင်းလွန်းပေစွ...။

ကျွန်တော် သူမကို ဖျတ်ခနဲမော့အကြည့်၊ သူမရဲ့ တင့်လှပေဟန်အသွင်သဏ္ဌာန်ကို အတွေ့၊ မျက်နှက်ဝန်းနှင့် အဆုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ ရင်ဘတ်ထဲမှာ ဖတ်ဖတ် ဖတ်ဖတ် လှုပ်ခတ်သွားတော့သည်။ ဒါဟာ အမှုမဲ့အမှတ်မဲ့မဟုတ်သော တွေ့ဆုံခြင်းဆိုတာကို အာရုံနိုးကြားသိမြင်လိုက်ပါသည်။

ပုံမှန် ခုန်လှုပ်နေသော ရင်ခုန်သံက ရုတ်တရက် speedမြင့်လာပါသည်။ မနက်စောစောအိပ်ရာက မထစဖူးထလာရသဖြင့် ထိုင်းမှိုင်းနေသောလူက ရုတ်တရက် လန်းလန်းဆန်းဆန်းဖြစ်လာပါသည်။ အိပ်ရေးမဝသဖြင့် ဝေသီနေသော မျက်လုံးတွေက ရုတ်တရက်ကြည်လင်တောက်ကြွား စူးရှထက်သန်လာပါသည်။

ဓာတ်လှေကားထဲမှာ စပယ်ပန်းကုံးသည်လား ဓာတ်လှေကား မောင်းသူလား၊ ဒါမှမဟုတ် နှစ်ခုစလုံးလုပ်သည့် သူလား မသိသော လူတစ်ယောက်ရယ်၊ ကျွန်တော်ရယ်၊ သူမရယ်ပဲရှိသည်။

ဟိုလူကို ဘေးဖယ်ထားလျှင် သူမနဲ့ကျွန်တော် နှစ်ယောက်တည်းဖြစ်သဖြင့် ဓာတ်လှေကားထဲက လေထုက အရင်လို မွန်းအစ်လှောင်မနေတော့ဘဲ နွေးနွေးမွှေးမွှေးလေးဖြစ်နေသည်။ ဓာတ်လှေကားထဲမှာ သန့်ရှင်းမွှေးပျံ့သော လေထုကို ရှူရှိုက်ခွင့်ရတာ ဒီတစ်ကြိမ် ပထမဆုံးပင်။





"ကျွန်တော့်ကြောင့်ဖြစ်ရတာ ကျွန်တော်ပဲ ပြန်ဝယ်ပေးပါမယ်"

ကျွန်တော်က တည်ကြည်လှခြေရှစွာ ပြန်ပြောလိုက်သည်။ လူက တည်ပြနေပေမယ့် ခုလေးပဲ မျက်လုံးမှတစ်ဆင့် ရင်ဘတ်ထဲဝင်သွားပြီဖြစ်သော သူမ အလှက ကျွန်တော့် ကလီစာတွေထဲမှာ ဖြောင်းဆန်အောင် တွန်းမွှေနေသည်။

သိပ်လှတာပဲ။ အင်မတန် မဟာဆန်သောအလှ...။ တည်ငြိမ်သောအလှ...။ စတွေ့တွေ့ချင်းမှာ ထူးခြားစွာ သတိပြုမိနိုင်သောအလှ...။ ဆံပင်တွေကို အပြောင်သိမ်းထားတာမို့ မွေးညင်းနုလေးဆွေယှက်ဖြာနေသော နဖူးပြင်လှလှလေးက ထင်းနေသည်။ မိန်းကလေး အတော်များများက မျက်ခုံးမွေးကို ရိတ်နုတ်ပုံသွင်းကြတာမို့ မူရင်းအတိုင်း မရှိနိုင်ကြတော့ချိန်မှာ သူမရဲ့ မည်းနက်ထူထဲသော မျက်ခုံးမွေးတွေကို တစ်ပင်တလေတောင် ရိတ်သင်ထားပုံမရဘဲ ပကတိအတိုင်း အလှကြီးလှနေသည်။ မျက်စန်းအိမ်ကျယ်ကျယ်က ဆွဲငင်မှု တစ်မျိုးဖြင့် ညို့ရီတောက်ပနေသည်။ အပေါ်နှုတ်ခမ်းက လေးကိုင်းပုံ ကွေးကွေးလေး၊ အောက်နှုတ်ခမ်းက ထူထူအိအိကလေး။

အရပ်မြင့်မြင့် ကိုယ်လုံးပြည့်ပြည့်လေးနှင့် သူမက



www.burmeseclassic.com

www.burmeseclassic.com



အနက်ပေါ်မှာ အနီရောင်ကွက်လေးတွေပါသော ကချင်လုံချည်နှင့် ရင်ဖုံးအင်္ကျီလက်ပြတ်ကော်လံထောင် အနက်ရောင်ကလေးကို တွဲဝတ်ထားသည်။ ရင်ဖုံးကြယ်သီးတွေက ပုလဲလုံးကလေးတွေဖြစ်ပြီး ပုတီးနားဆွဲကလေး ဆွဲထားသည်။ အသားအရည်က ပုလဲနှစ်ကို ပန်းရောင်ကလေးစွက်ထားသလိုမို့ ဘယ်လို လှမှန်းကိုမသိချေ။

ကျွန်တော် အသာအယာ မျက်လွှာချသလိုလိုနှင့် ဖိနပ်မပါသော သူမရဲ့ခြေထောက်ကလေးတွေကို ငုံ့ကြည့်မိ၏။

အားပါးပါး ... ဒီလောက်လှတဲ့ ခြေထောက်မျိုးတစ်ခါမှကို မတွေ့ဖူးချေ။ ခြေဖမိုးလေးနှင့် ခြေချောင်းတွေက ပြည့်ပြည့်ကလေး။ အရောင်ဆိုးမထားသော ခြေသည်းတွေက ပန်းသွေးရောင် ပကတိ။

"အောင်စံပယ်ပန်းကုံးတွေနော် ... ကုသိုလ်ယူသွားကြပါ။ ကုသိုလ်ယူပါ"

စံပယ်ပန်းရောင်းသည့် ဓာတ်လှေကားဓောင်းသူက ကျွန်တော့်အခြေအနေကိုကြည့်ကာ 'သေချာပြီ' အထင်နှင့် ရွှင်တင်နေသည်။ သူထင်သလိုပါပဲ ကျွန်တော်ကလည်း ...

"အဲဒီစံပယ်ပန်းကုံးတွေ အကုန်ယူမယ်ဗျာ၊ ဘယ်လောက်လဲ"





"အို ... နေပါစေရှင်၊ ဒီလောက်အများကြီး မလိုပါဘူး၊ ကျွန်မဘာသာပဲ ငါးကုံးလောက် ဝယ်လိုက်ပါ့မယ်"

"ကျွန်တော့်ကို ကုသိုလ်ပြုခွင့်ပေးပါဗျာ၊ ခုန ငရဲ့ရှိအောင် လုပ်မိပြီမဟုတ်လား၊ ကုသိုလ်မပြုရရင် ကျွန်တော် ငရဲကြီးသွားမှာပေါ့၊ ရော့ပါ ... ဒီပန်းတွေ အကုန်ယူလိုက်ပါ"

"အို ... အများကြီး ..."

"ပန်းတွေများတော့ ကုသိုလ်တွေလည်း အများကြီးမိုရတာပေါ့၊ ပန်းလှူရင် အဆင်းလှတယ်တဲ့၊ နောက်ဘဝကျဒါ့ထက် ပိုလှရင် လှစရာတောင် ကျန်ပါဦးတော့မလား"

"ရှင် ..."

"ဩော် ... အခုတောင် တော်တော်လှနေပြီဆိုတော့လေ ...၊ ကဲ ... ယူပါဗျာ၊ ပန်းအလျှော်ပေးတာပါ"

"ဒါဆို ရှင် တစ်ဝက်ယူ၊ ကျွန်မ တစ်ပက်ပဲ ယူမယ်"

"အင်း ... ဒါလည်း ကောင်းတာပဲ"

ကျွန်တော်တို့က အထက်ပန္နယ်ဓာတ်လှေကားဝမှာ စံပယ်ပန်း ဝေခြမ်းရေးလုပ်လိုက်ပြီး ဘုရားပေါ်သို့ ရှေ့ဆင့် နောက်ဆင့်ဆိုသလို လျှောက်လာခဲ့ကြပါသည်။ အတူယှဉ်တွဲပြီး ဖွတ်ကြက်နေလျှင် အသင်သေးခံရမှာစိုးတာမို့ ဟန်ကိုယ့်ဖို့ လုပ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာဂြိုဟ်တိုင်ရှေ့မှာ သူမ ရပ်လိုက်တော့ ကျွန်တော် အရမ်းပျော်သွားသည်။ အိုကေ... ကျွန်တော်လည်း တနင်္လာပဲ။

သူမက ရေသပ္ပာယ်လို့ရသည့်ဂြိုဟ်တိုင်အတွင်း ဘက်သို့ ဝင်သွားကာ စံပယ်ပန်းကုံးတွေကို ဘုရားဆင်းတုတော်ရဲ့ပခုံးတော်မှာ အသွယ်သွယ် ချပေးလိုက်သည်။ ကျွန်တော်က လည်း သူမလိုပဲ ဂြိုဟ်တိုင်ဆီသွားကာ စံပယ်ပန်းတွေ ထပ်ကပ်လိုက်သည်။ သူမက ကျွန်တော့်ကို မော့ကြည့်ရင်း...

"ဪ... ရှင်လည်း တနင်္လာသားပဲလား"

"ဟုတ်ကဲ့ ခင်ဗျ..."

ကျွန်တော်က ဣန္ဒြေရရ ပြန်ပြောလိုက်ပြီး ရေ သက်စေ့ကပ်ဖို့ ရေခွက်ကလေးကို လှမ်းယူလိုက်သည်။ သူမကလည်း ရေခပ်ကာ ဆင်းတုတော်ကို ရေသပ္ပာယ်နေပြီ။

ကျွန်တော်လည်း ရေသပ္ပာယ်နေပါသည်။ သို့သော် ဘယ်နှခွက်မှန်း မရေတွက်မိတော့ပါ။ သူမရဲ့ ရေခွက်ကို တိတ်တိတ်ကလေး ရေတွက်နေရလို့ဖြစ်သည်။

၂၁...၂၂...၂၃...။ ၂၃ မှာ ရပ်သွားပြီ။ ဒါဆို သူမ အသက်က ၂၃ နှစ်ပေါ့။





ထိုနည်းဖြင့် သူမအသက်ကို သိခွင့်ရလိုက်ပါသည်။

အဲဒီနေ့မနက်က ကျွန်တော့် ဘုရားဖူးရင်း လိပ်ဥ ဆုံးမိနေတာကို ဝန်ခံပါသည်။ ရေသပ္ပာယ်ပြီးတော့လည်း ရှေ့ဆင့် နောက်ဆင့်။ ဘုရားရှိခိုးပြီးတာကလည်း မတိမ်းမယိမ်း။

သို့သော် ကျွန်တော့ဘာသာ စိတ်ထဲက ဆင်ကြံပဲ ကြံကြံ... လိပ်ဥပဲတူးတူး... အပေါ်ယံကတော့ ရင့်ကျက်တည်ကြည်သော ဣန္ဒြေကိုဆောင်ထားတာမို့ သူမအဖို့ အနှောင့်အယှက် ဖြစ်ပုံမရပါ။

သူမက အလှူခံဌာနဘက်သို့ လျှောက်သွားတော့ ကျွန်တော်ကလည်း သူမနောက်မှ မသိမသာလိုက်သွားလိုက်မိ ပါသည်။ အလှူခံဌာနမှာ ဖြတ်ပိုင်းဖြတ်တဲ့အခါ သူမနာမည် ကိုတော့ ပြောမှာပဲ...။ အဲဒီနည်းဖြင့် နာမည်ကို သိနိုင်သေး သည်။

အားပါး... ဒီလိုဆိုတော့ ဘုရားပေါ်မှာ တစ်ခါဆုံရုံ နဲ့ မိန်းကလေးတစ်ယောက်ရဲ့ အသက်နဲ့နာမည်ကို အလွယ်တကူ သိခွင့်ရနိုင်တာပါပဲလား...။ သိခွင့်ရနိုင်တဲ့ နည်းတွေကလည်း ဘုန်းတော်ကြီး... သိုလ်နှင့်ဆက်စပ်နေတာမို့ အလွန်ကောင်းမွန်နေတော့တာပင်။

"အလှူငွေ ဘယ်လောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါးထောင်ပါရှင်၊ ဘက်စုံပြုပြင်ဖို့ အလှူငွေပါ"

"နာမည်ပြောပါ"

ဟော...သိရတော့မယ်။

"ဦးမင်းရှိန် ဒေါ်သရဖီ မိသားစုလို့ပဲ ရေးပါရှင်"

ဟာ...သွားပါပြီကွာ...။

ဒီတစ်ခါတော့ မှန်းချက်နှင့် နမ်းထွက်မကိုက်တော့တာမို့ သူမ နာမည်ကို သိခွင့်မရလိုက်ပါ။ သို့သော် ဘာ့ဖြစ်လဲ နောင်တစ်ချိန်မှာ တော်ကောင်းတော်နိုင်သည့် ယောက္ခမလောင်းတွေရဲ့နာမည်တော့ သိခွင့်ရသေးတာပဲ။

ဒီလိုနှင့် နာရီဝက်ခန့်အကြာမှာ သူမရော ကျွန်တော်ပါ ဘုရားပေါ်မှ ဆင်းလာခဲ့ကြပါသည်။

♥ ♥ ♥

မိန်းကလေးတစ်ယောက်နှင့် ခင်မင်ရင်းနှီးမှုရယူလိုလျှင် ပထမဦးစွာ ထိုမိန်းကလေး၏ ကျေးဇူးတင်မှုကို စတင်ရယူဖို့ ကြိုးစားရမည်ဟူသော အဆိုအမိန့်ကို ဘယ်ငတိက မိန့်ခဲ့သလဲ မသိ။ ကျွန်တော်ကတော့ လောလောဆယ်မှာ ထိုအဆို





ဟုတ်မဟုတ်စမ်းသပ်ဖို့ အခွင့်အရေးကို ဦးနှောက်ပေါက်ထွက်မတတ် စဉ်းစားရင်း ဘုရားစောင်းတန်းလှေကားထစ်တွေအတိုင်း သူမနောက်မှ လိုက်ဆင်းလာခဲ့လေသည်။

ကျွန်တော့်ရဲ့ မှုရင်းစရိုင်လ်အတိုင်းသာဆို လူငယ်ပီပီ ရှူးသလို ပေါသလိုလေးလုပ်ပြီး အရောဝင်ကာ ရင်းနှီးမှုရဖို့ ကြိုးစားမိမှာပင်။ ခုတော့ ဝါတော်ရပုဂ္ဂိုလ်ကြီးသဖွယ် သိက္ခာဆည်ထားတာမို့ ရုပ်တည်ကြီးနှင့် ဟန်ကိုယ့်ဖို့ လုပ်နေရတာ ဘယ်လောက် ဆိုးသနည်း။

တစ်ခုတော့ ကျွန်တော့်အကြောင်း ကြိုပြောထားချင်သည်။

လင်းရိပ်ညိုဆိုတဲ့ ကျွန်တော်ဟာ မိန်းကလေးမြင်တိုင်း ကြောင်ငမ်းတတ်သူဟုတော့ ခုအဖြစ်အပျက်ကိုကြည့်ပြီး အထင်တော် မမှားစေလိုပါ။

ကျွန်တော့်ဝတ်ငြ်းကျင်မှာ မိန်းမလှတွေအများကြီးရှိပါသည်။ သူငယ်ချင်းမက ရည်းစားမကျ အိစိအိစိလေးတွေလည်းအများကြီး ရှိပါသည်။ အဲဒီမိန်းကလေးများစွာထဲက ဘယ်သူ့ကိုမှ ကျွန်တော် မြင်မြင်ချင်း သဘောကျခဲ့တာမျိုးမရှိ။ ချစ်လှချည်ရဲ့ဟု ဘယ်သူ့အပေါ်မှာမှလည်း အလေးအနက်မထားဖူးခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုလို ဘုရားမှာဟုတ်စ်ခါဆိုပြီး နှစ်သက်သဘောကျကာ နောက်ယောင်ခံလိုက်ရသည့် အဖြစ်သနစ်မျိုးဆိုတာ ဟိုး နိုင်တီးဂွမ်တုံးက ရှိးသွားပြီဖြစ်သော ရုပ်ရှင်ဇာတ်လမ်းတွေထဲမှာသာ ကျန်ရစ်ခဲ့ပြီဆိုတာကိုလည်း ကျွန်တော် သိပါသည်။

သို့သော် အရိုးဆုံးဟာ အဆန်းဆုံးဟုယူဆလိုက်လျှင်တော့ ကျွန်တော့်အဖြစ်ကို အဆန်းဆုံးဟု ဆိုချင်ဆိုနိုင်ပါသေးသည်။

သူမ (သို့မဟုတ်) ဦးမင်းရှိန် ဒေါ်သရဖီတို့၏ ၂၃ နှစ်အရွယ် သမီးကလေးကတော့ လေ့ကားထစ်တွေအတိုင်း ဆင်းသွားကာ တက္ကစီ လှမ်းတားနေပါပြီ။

သူမမှာ ကားမပါတာကို အခွင့်ကောင်းယူကာ ကျွန်တော်လိုက်ပို့ပေးချင်ပေမယ့် သူမက ကျွန်တော့်ကားကို ဘာလိုင်းကြီး ဘယ်လိုက်စီးပါ့မလဲ...။ အဲဒီအခြေအနေထိ ရောက်ဖို့ အတွက် ကြားထဲမှာ အဖြစ်သနစ်ကလေးတစ်ခု လိုအပ်နေပါသည်။

စဉ်းစားရလွန်းလို့ ဦးနှောက်ပေါက်လုဆဲဆဲမှာ ကျွန်တော် အကြံတစ်ခုရသွားသည်။

ကျွန်တော်နှင့် မလှမ်းမကမ်း၊ သူမ မမြင်သည့်နေရာမှာ တက္ကစီတစ်စီး ရပ်ထားတာကျွန်တော်တွေ့ပြီ။ ကျွန်တော်





ဘ ပုဆိုးတစ်စအသာမကာ ထိုတက္ကစီအနီးသို့ လှစ်ခနဲပြေးသွားလိုက်ပြီး...

"ဗျို့ တက္ကစီဆရာ..."

"ဗျ...ပါစင်ဂျာ"

မဆိုး။ ဒီကားဆရာကြည့်ရတာ သဘောကောင်းပြီး အရှင်မာတတ်ရှိမည့်ပုံ။

"အစ်ကို...အစ်ကို့မှာ မိန်းမရှိလား"

ကျွန်တော့်မေးခွန်းကြောင့် တက္ကစီဆရာ မျက်ခုံးပင့်သွားကာ...

"ဟာ...ရှိတာပေါ့၊ ဘယ်နေလိမ့်မလဲ၊ ဒီအရွယ်တောင်ရောက်နေပြီပဲဥစ္စာ၊ ဒီအရွယ်ရောက်မှ မိန်းမမရှိရအောင် ဂေါက်နေတဲ့သူမှ မဟုတ်တာ"

"ဒါဆို အစ်ကိုက အောင်မြင်သူကြီးပေါ့၊ ကျွန်တော့်မှာတော့ ခုမှ ကြိုးစားမလို့အဆင့်ပဲရှိသေးတာ၊ အစ်ကို့လိုဖြစ်အောင် တစ်ခုတော့ ကူညီဗျာ၊ ဟိုမှာတွေ့လား အရမ်းလှတဲ့ မိန်းကလေးတစ်ယောက် ကားတားနေတာ"

"အိုကေ...တွေ့ပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနားသွားပြီး အစ်ကို့ကားနဲ့ တိုက်လုတိုက်ခင်လေး လုပ်ပစ်လိုက်စမ်းပါ"

"ဟာ…ဟော့ကောင်ရ မင်းဟာက မိန်းမရချင်တာမှမဟုတ်တာ၊ မိန်းမသတ်ချင်သလို ဖြစ်မနေဘူးလား"

"အကြောင်းရှိလို့ပါအစ်ကိုရာ၊ သူ့ကိုလန့်ရုံလေးပဲလုပ်ပေးပါ၊ ကြည့်နေ သူ လမ်းဒီဘက်ခြမ်းမှာ ကားတားလို့မရရင် ဟိုဘက်ခြမ်းကိုကူးပြီး တားမှာပဲ၊ လမ်းကူးတာနဲ့ အချိန်ကိုက် အစ်ကို့ကားကို သူ့နားထိ ဝိုးခနဲမောင်းထွက်ပြီး ကျွီးခနဲဘရိတ်အုပ်ပစ်လိုက်၊ လန့်ရုံလေးပဲနော်၊ ဟုတ်ပြီလား၊ အဲဒီအတွက် မြောက်ဒဂုံအထိ ပါစင်ဂျာရသလို ကားခ ရရပါစေမယ်၊ ဟောဒီမှာ အစ်ကို…တစ်ခါတည်း ပေးလိုက်မယ်၊ ငါးထောင်ဆို အိုကေနော်"

"မင်းပိုက်ဆံရမှုတော့ ဝမ်းသာပါတယ်ကွာ၊ ဒါပေမယ့် ဒီအလုပ်ကအန္တရာယ်ကြီးတယ်ကွ၊ အချိန်အဆမတတ်ရင် သတ်သလို ဖြစ်မှာနော်"

"တစ်ထောင်အကွာလောက်မှာ ဘရိတ်အုပ်လိုက်ရင် အသက်နဲ့အဝေးကြီးပါ အစ်ကိုရာ၊ ဟော…ဟော ပြောရင်း





ဆိုရင်း ဟိုမှာလမ်းကူးတော့မယ်၊ လုပ်…လုပ်…မြန်မြန်လေးလုပ်ပါ အစ်ကိုရ၊ ကူညီစမ်းပါ…"

ကျွန်တော်က ဖွတ်တွန်းလွှတ်နေတာမို့ တက္ကစီဆရာ [illegible] ကားကို သူမ ရှိသောလမ်းဘက်သို့ ဝေါခနဲကွေ့မောင်းသွားသိုက်ပါသည်။ မျက်စိတစ်မှိတ်အတွင်းမှာပါပဲ။

"ဗျူး…ဝေါ…ကျွီး…"

"အမေ့…"

"ဟာ…ဟော့လူ…ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ရမ်းလှချည်လား၊ အဆင်ပြေရဲ့လား၊ ဘာဖြစ်သွားသေးလဲ ခင်ဗျ၊ လန့်သွားတယ်ထင်တယ်"

ကားဘရိတ်အုပ်သံ၊ သူမလေးရဲ့ အာမေဍိတ်သံ၊ [illegible]ပြိုင်တည်းမှာ လန့်ဖျပ်ယိမ်းယိုင်သွားသော သူမဆီ လှစ်ခနဲ [illegible]သွားကာ မေးမထိန်းပေးလိုက်သော ကျွန်တော့်ရဲ့ တက္ကစီ [illegible]ကို ဟိန်းဟောက်သံနှင့် သူမကို မေးမညာတာသံတို့ စက္ကန့် [illegible]ည်းငယ်သာခြားကာ ထွက်ပေါ်လာခဲ့ပါသည်။

"ကျေးဇူး…ကျေးဇူးပါပဲရှင်၊ ကျွန်မအရမ်းလန့်သွားတာ[illegible] ရှင်သာ လာမကူရင် လဲတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟော...ကျေးဇူးတင်ခံရပြီ။ မှန်းချက်နဲ့တော့ ကွက်တိပါပဲလား။

ကျွန်တော်က တက္ကစီဆရာကို တစ်ချက်လှမ်းကြည့်ပြီး မျက်စိတစ်ဖက်မှိတ်ပြလိုက်တော့ တက္ကစီဆရာကလည်း လက်လှမ်းပြကာ မောင်းထွက်သွားသည်။ သူမလေးကတော့ ဘာကိုမှ မြင်ပုံမရ။ လန့်သွားသောအရှိန်ဖြင့် ဗိုလ္လိုက်မောလျနေပုံပင်။

"တော်တော်လန့်သွားတယ်ထင်တယ်၊ ကားသမားတွေက ဒီလိုပါပဲဗျာ၊ ဒါနဲ့ ခင်ဗျား ကားငှားနေတာထင်တယ်"

"ဟုတ်ကဲ့ရှင်၊ မွေ့ တက္ကစီတားနေတာ ကြာပြီ၊ မရနိုင်တာနဲ့ လမ်းဟိုဘက်ခြမ်းကဆို ပိုလွယ်မလားလို့ လမ်းကူးမိတာ"

"ဒီအချိန်က ရုံးသွား ကျောင်းသွားကားတွေ များနေတော့ တက္ကစီအလွတ်နဲ့တွေ့ဖို့မလွယ်ဘူးလေ၊ ခင်ဗျားက ဘယ်ထိသွားရမှာလဲ"

"လှည်းတန်းအထိပါပဲ"

"ဟာ...ဒါဆို ကျွန်တော်နဲ့ လမ်းကြုံတာပဲ"

တကယ်တော့ ဘာမှကိုမဆိုင်။ ကျွန်တော်နေတာက မှော်ဘီ ဘုရားလမ်းပေါ်က ပုလဲကွန်ဒိုမှာ။

"မွေ့ အပန်းမကြီးရင် ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါလား





ကျွန်တော့်အတွက်တော့ မွေ့ကိုပို့ရတာ ဘာမှအပန်းမကြီးပါဘူး၊ လမ်းကလည်း ကြုံနေတယ်ဆိုတော့လေ..."

"ဟင်း...ဟင်း...မွေ့ မဟုတ်ပါဘူးရှင်၊ မွေ့ပါ"

"မွေ့...အဲ...မွေ့၊ ဒီတစ်လုံးတည်းလား၊ နာမည်က နည်းနည်း ဆန်းသလိုပဲနော်"

"မွေ့နာမည် မွေ့လွန်းအိမ်ပါ၊ မွေ့လို့ပဲခေါ်ကြပါတယ်"

"မွေ့က တနင်္လာ မဟုတ်လား၊ နာမည်က နေ့သင့်နံသင့်တော့ မကျဘူးနော်"

"ဟုတ်တယ်၊ နေ့သင့်နံသင့်မကျပေမယ့် အဲဒီနာမည်လေးကို လှလို့ဆိုပြီး မွေ့ဖေဖေ ပေးပေးတာ၊ မွေ့မေမေကတော့ နေ့နံမသင့်လို့ဆိုပြီး သဘောမကျပါဘူး၊ မွေ့မေမေ ပေးတဲ့နာမည်က ဗေဒင်ဆရာပေးတဲ့ နာမည်အတိုင်း ကြည်ကြည်အေး တဲ့"

"မဆိုးပါဘူး၊ လှသားပဲ...ရိုးရိုးလေး"

"ဟင်...မလှပါဘူး၊ နာမည်က ဒီလောက် တုံးတာကို"

"နာမည်တုံးပေမယ့် လူက လှသားပဲ၊ ပြဿနာမရှိပါဘူး၊ ကဲ...လာပါဗျာ၊ ကားပေါ်တက်ပါ၊ ကျွန်တော့်ကို ယုံကြည်ရင် လိုက်ပို့ခွင့်တော့ပေးပါ၊ မွေ့မိတ်ဆွေတွေပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာရှင်"

"လမ်းကြုံတာပဲ၊ အားနာစရာမရှိပါဘူး"

ကျွန်တော် ကားရှေ့ခန်းတံခါးဖွင့်ပေးလိုက်ပြီး သူမကို ဝင်ထိုင်စေလိုက်သည်။ ကားမောင်းထွက်လာရင်း ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် စတင်၍ အရောင်းမြှင့်တင်ရေး (promotion) လုပ်ရပါသည်။

"ကျွန်တော့်နာမည်ကလည်း မွေ့နာမည်လိုပဲ၊ နေ့သင့်နံသင့် မကျပါဘူး၊ တနင်္လာသားသာဆိုတယ် နာမည်က လင်းရိပ်ညိုလေ၊ ဘာမှကိုမဆိုင်ဘူး...၊

"ကျွန်တော့်မေမေကလည်း မွေ့မေမေ ဒေါ်သရဲလိုပဲ...ဗေဒင်ဆရာကို သိပ်ယုံကြည်တာ"

"ဟင်...မွေ့မေမေနာမည်ကို ရှင်ဘယ်လိုသိလဲ"

"သြော်...အဟင်း...ဒါလား...ခုန မွေ့အလှူခံဖြတ်ပိုင်း ဖြတ်နေတုန်း အမှတ်တမဲ့ ကြားလိုက်တာပါ"

"ဆက်ပြောပါဦး၊ ရှင့်မေမေ ဗေဒင်ယုံတဲ့အကြောင်း..."

"မေမေကဗျာ...ကျွန်တော့်အကြောင်းသိချင်ရင် ဗေဒင်ဆရာဆီသွားမေးရော၊ ဗေဒင်ဆရာက ကျွန်တော့်အဖေမှ





မဟုတ်တာ ကျွန်တော့်အကြောင်းကို ဘယ်လိုသိနိုင်မှာ လဲ...လို့ ကျွန်တော်ပြောပါသေးတယ်...၊

"ဒါပေမယ့် မေမေကမရဘူး၊ ဒွတ်ပဲ၊ သူ့ကွယ်ရာမှာ ကျွန်တော် ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုတာ သိပ်သိချင်တာကိုး...၊

"ကျွန်တော်ကလည်း မှန်တဲ့အတိုင်း ကျွန်တော် ဘယ်သွားတယ် ဘာလုပ်တယ်ဆိုတာ မေမေ့ကို အကုန်ပြောပြတာပဲ၊ ဒါလည်း မေမေက မယုံဘူး၊ တစ်နေ့တော့ ဗေဒင်ဆရာက ကျွန်တော့်ကို အိမ်ထောင်ကျကိန်းမြင်တယ် လို့လည်း ဟောလိုက်ရော မေမေ့ခမျာ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ မေးတော့ စစ်တော့တာပဲ...၊

"ကျွန်တော်ကလည်း အမှန်အတိုင်းပဲ မကွယ်မဝှက် ပြောပြပါတယ်၊ ကျွန်တော့်မှာ ရည်းစားမရှိတဲ့အကြောင်း၊ ရည်းစားဖြစ်ဖို့ ရည်ရွယ်ထားသူလည်း မရှိတဲ့အကြောင်း၊ တိတ်တိတ်လေး ကျိတ်ချစ်မိတဲ့သူတောင် မရှိကြောင်း၊ ဒါပေမယ့် မေမေက ကျွန်တော် ဘာပြောပြောမယုံဘူးဗျာ၊ သူ့သားလေး ရှောင်တခင် အိမ်ထောင်ကျသွားမှာကိုပဲ စိုးရိမ်နေတော့တာ...၊



www.burmeseclassic.com

www.burmeseclassic.com



"မွေ့ပဲ စဉ်းစားကြည့်လေ၊ ရည်းစားတောင်မှရှိတဲ့ ဥစ္စာ...အိမ်ထောင်က ဘယ်လိုလုပ် ချက်ချင်းကြီးကျမလဲ၊ ဘယ်မိန်းကလေးကမှလည်း ကျွန်တော့်ကို ခိုးပြေးမှာမှ မဟုတ်တာ"

မွေ့က ငြိမ်ငြိမ်သက်သက်လေးပဲ နားထောင်နေသည်။ ဒါ့ထက်ပိုပြောရင် သိပ်သိသာသွားမှာစိုးတာမို့ ကျွန်တော်က ထိုစကားကို ထိုနေရာမှာရပ်ကာ စကားလမ်းကြောင်းပြောင်းရသည်။

"မွေ့နဲ့ကျွန်တော်လည်း တိုက်မိတဲ့ကိစ္စနဲ့ပဲ မိတ်ဆွေဖြစ်ရသလိုပဲနော်၊ ဓာတ်လှေကားထဲဝင်တုန်းကလည်း တစ်ခါတိုက်မိ၊ ခုနလည်း မွေ့ကို ကားတိုက်မိမလိုဖြစ်ပြီး တစ်ခါပြန်တွေ့ရတာ မဟုတ်လား"

"ဟုတ်တယ်နော်"

'နောက်ဆို မွေ့ အချစ်နဲ့တောင် တိုက်မိတော့မှာ' ဟု ကျွန်တော့်စိတ်ထဲက တိုးတိုးလေး ဆက်ပြောလိုက်မိသည်။

ကားက လှည်းတန်းနားနီးလာတော့ ကျွန်တော်က ကားကို အရှိန်လျှော့လိုက်သည်။





"မွေ့ကို မှတ်တိုင်နားမှာပဲဖြစ်ဖြစ် ရပ်လို့လွယ်တဲ့ နေရာမှာ ချပေးခဲ့လေ၊ မွေ့လမ်းဆင်းလျှောက်သွားလိုက်မယ်"

"မွေ့တို့အိမ်ရှေ့အထိပဲ ပို့လိုက်ပါ့မယ်၊ မဝေးတော့ပါဘူး"

"မွေ့တို့အိမ်က အတွင်းအကျဝင်ရမှာ၊ ကားပြန်လှည့်ထွက်ဖို့ ခက်မယ်"

"ရပါတယ်၊ ကျွန်တော် ပို့လိုက်ပါ့မယ်"

"အားနာစရာတော့ ကောင်းနေပြီ"

"ရပါတယ်ဗျာ၊ မွေ့မိတ်ဆွေချင်းပဲ၊ ကူညီလိုက်ရပါတယ်"

ဆိုင်သလား မဆိုင်သလားတော့ မသိ၊ လိုရာဆွဲပြောလိုက်ပြီး သူမညွှန်ပြသည့်လမ်းထဲသို့ ဝင်လာခဲ့သည်။

ကားကို သူမရဲ့တိုက်ခန်းရှေ့ ရပ်လိုက်ချိန်မှာ တိုက်ခန်းပေါ်မှဆင်းလာသော မိန်းကလေးတစ်ယောက် အနားရောက်လာကာ...

"ဟော...မွေ့...နောက်ကျနေလိုက်တာ"

"အေးဟယ်...ကားငှားလို့ မရနိုင်တာနဲ့ ကြာနေတာ၊ ခုတောင် မိတ်ဆွေတစ်ယောက်နဲ့ လမ်းကြုံလိုက်လာလို့ ဒီအချိန် ပြန်ရောက်တာ၊ မြ အပြင်ထွက်မလို့လား၊ ကံကောင်းလို့ပဲ...မွေ့မှာ သော့ပါမလာဘူး မြရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တို့က မွေ့ကျောင်းဆက်သွားမယ်ထင်လို့၊ မွေ့အတန်း ပြီးချိန်ဆို တို့လည်း ပြန်ရောက်ပြီလေ"

"ဖမွေ့ ဒီနေ့ အတန်းမတက်တော့ဘူး၊ မမီတော့ဘူးလေ၊ အတန်းပြီးချိန်လောက်မှ သူငယ်ချင်းတွေကို ဦးချစ်ဆိုင်မှာ သွားစောင့်ဖမ်းပြီးစာအုပ်သွားငှားရမှာ၊ ဪ...မြ...ဒါ မွေ့ရဲ့မိတ်ဆွေသစ် လင်းရိပ်ညိုတဲ့၊ ကိုလင်းရိပ်ညို သူက မွေ့ရဲ့ သူငယ်ချင်း မြပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ..."

တကယ်တော့ မြကို တွေ့ရတဲ့အတွက် ဝမ်းသာတာ မဟုတ်ပါ။ မြရဲ့စကားများမှကြောင့် မွေ့ဟာ ကျောင်းထဲမှာ ဒီပလိုမာတစ်ခုခု တက်နေသူဖြစ်ကြောင်း၊ သူငယ်ချင်းနှစ်ယောက် တည်းသာ နေကြောင်း သိခွင့်ရခဲ့လို့ ဖြစ်သည်။

ဒီလောက် သတင်းအချက်အလက်တွေ သိရလျှင် ကျွန်တော် ရှေ့ဆက်ဖို့ မခဲယဉ်းတော့ပြီ။

ကျွန်တော်က ရှိခနဲ လေကလေးတစ်ချက် ချွန်ကာ ကားမောင်းထွက်လာခဲ့လေသည်။





"မေမေရေ...သားပြန်လာပြီ၊ မွေးနေ့မှာ ကုသိုလ်တွေ ယူခဲ့ပြီ မေမေ"

ကျွန်တော်က မေမေ့ကိုလှမ်းပြောရင်း အိမ်ထဲသို့ ဝင်လာခဲ့သည်။ ဒီအချိန်ဆို ဖေဖေက သူ့ရုံးခန်းကိုသွားပြီမို့ အိမ်မှာ မေမေတစ်ယောက်တည်းသာ ရှိနေလို့ပင်။

မေမေ အိမ်ထဲကထွက်လာတော့ ကျွန်တော်က မေမေ့ကို ဣန္ဒြေရရ ပြုံးပြလိုက်၏။ မေမေက ကျွန်တော့်ကို မျက်စောင်းထိုးရင်း...

"ငါ့သားလေးကြည့်ရတာ မင်းသားအတိုင်းပဲ"

"ချောတယ်လား မေမေ"

"ချောတာကိုပြောတာမဟုတ်ပါဘူး၊ ဒါက အထူးအလည် ပြောစရာမှမဟုတ်တာ၊ ကိုယ်မွေးတဲ့သား ချောပြီးသားပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေပြောချင်တာက သားက မင်းသားတွေလို အဝတ်အစားနဲ့ လိုက်ဖက်အောင် mood ဝင်တတ်တာကို ပြောတာ၊ ကော်လံတုံးရှပ်နဲ့ ပုဆိုးနဲ့တွဲဆင်လိုက်ရင် ခြေလှမ်းတာကအစ နေးသွားရော၊ အရင်လို ခုန်ပေါက်မနေတော့ဘူး၊ အပြုံးကအစ ညှို့ရွှေရသွားရော"

"ဒီအဝတ်အစားဝတ်ပြီး ပြေးလွှားခုန်ပေါက် စပ်ဖြီးဖြီးလုပ်နေရင် ဘယ်ကြည့်ကောင်းပါ့မလဲ မေမေရယ်၊ အဝတ်အစားကိုလည်း ငဲ့ရသေးတာပေါ့"

"အေးပါ...အေးပါ...ဟုတ်ပါပြီ၊ ကဲ...အဝတ်အစားသွားလဲ၊ သားကို မေမေ ပြစရာရှိတယ်"

ကျွန်တော် အခန်းထဲဝင်ကာ အဝတ်အစားလဲလိုက်၏။ အိမ်နေရင်း ရှော့ပန်တိုကလေးနှင့် တီရှပ်ပွပွလေး တစ်ထည်ကောက်စွပ်လိုက်ပြီး သပ်သပ်ရပ်ရပ်ဖြီးထားသော ဆံပင်တွေကို ဖွပစ်လိုက်သည်။ မှန်ထဲကိုလှမ်းကြည့်တော့ ခုမှ တကယ့် လူငယ်စတိုင်လ် အစစ်။

"မေမေရေ...မွေးနေ့လက်ဆောင် ဘာဝယ်ထားလဲ သိချင်လှပြီ၊ ပြပါတော့ဗျို့"

ကျွန်တော်က ထိုအဝတ်အစား ထိုအပြောအဆိုဖြင့်





အခန်းထဲက ခုန်ဆွခုန်ဆွ ပြေးထွက်လာသည်။ စောစောတုန်းက အသွင်သဏ္ဍာန်ကို အရေခွံချွတ်ကာ အခန်းထဲမှာ ထားပစ်ခဲ့သည်။

မေမေက ကျွန်တော့်ကို ကျွန်တော့်ရဲ့ စာကြည့်ခန်းကလေးဆီ လက်ဆွဲခေါ်သွားကာ...

"ကဲ...ဟောဒါ သားအတွက် မွေးနေ့လက်ဆောင်ပါကွယ်"

"ဟား...မိုက်တယ်"

မေမေက အုပ်ထားသော အဝတ်စကို ဖြုန်းခနဲ လှပ်လိုက်တော့ ကီးဘုတ်ကြီးက ဘွားခနဲပေါ်လာသည်။

"မိုက်တယ်...မိုက်တယ်၊ တကယ်မိုက်တယ်၊ ရှယ်ပဲ"

ကျွန်တော် ပျော်လွန်းသဖြင့် ခုန်ဆွခုန်ဆွဖြစ်သွားပြီးမှ မျက်လုံးစုံမှိတ်ကာ mood အပြည့်ဖြင့် Iron Cross အဖွဲ့ထဲက လီယိုနာဒ် မောင်မောင်လွင်လို တီးပစ်လိုက်သည်။

ပြီးတော့မှ မေမေ့ကို လှည့်ကြည့်မိကာ...

"မေမေ...အဆင်ပြေရဲ့လား"

"ဘာကိုလဲ သား"

"မေမေ ဝယ်ပေးချင်တဲ့ Lap Top မဝယ်ပေးရလို့လေ"

"သားရော အဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ မေမေ"

"သားလိုချင်တာ နှစ်ခုစလုံးမရလို့လေ"

"အဆင်ပြေပါတယ် မေမေ၊ သား ဒီဟာကိုလည်း အရမ်းကြိုက်တာပဲ၊ ကိုယ်ရတဲ့ဟာက ကိုယ်ကြိုက်တာ မဟုတ်ရင်သာ စိတ်ညစ်မှာ"

"ဘဝဆိုတာ အဲဒီလို တစ်ခုခုကို ပြတ်ပြတ်သားသား ရွေးချယ်လိုက်ရမှ ပိုပြီး ပျော်ရတာ သားရဲ့၊ မရတဲ့ Lap Top ကို မလွမ်းနဲ့၊ ရတဲ့ကီးဘုတ်အတွက် ပျော်ရရင် ပြီးတာပဲ၊ မဲကျတာက မင်းဖေဖေ ဝယ်ပေးချင်တဲ့ ကီးဘုတ် ဆိုပေမယ့် သားပျော်တာမြင်တော့ မေမေလည်း ပျော်ပါတယ်"

မေမေက တဆိတ်ရှိ 'ဘဝဆိုတာ' အစချီပြီး ပြောတတ်တာလေးက တကယ်ရယ်စရာကောင်းပါသည်။ တစ်နေ့တစ်နေ့ မေမေ့ရဲ့ 'ဘဝဆိုတာ' တွေကို ကျွန်တော်တို့သားအဖ အများကြီး ရင်ဆိုင်ရတတ်ပါသည်။

"ကျေးဇူးမေမေ၊ ကျေးဇူး...ကျေးဇူး"

ကျွန်တော်က မေမေ့ပါးကို ရွတ်ခနဲလှမ်းနမ်းလိုက်ပြီး ကီးဘုတ်ဆက်နှိပ်နေလိုက်သည်။





အဲဒီအချိန်မှာ ဘောင်းဘီအိတ်ထဲမှာ ထည့်ထားသော ကျွန်တော့်ဖုန်းက တုန်ခါလာပါသည်။

ကျွန်တော့်ဖုန်းကို နှိုက်ယူကြည့်လိုက်တော့ ဗညားပါတဲ။

"ဟော့ကောင်...ဗညား ပြော"

"happy birthday ဟော့ကောင်"

"မွေးနေ့ whish လုပ်တဲ့အသံဏလည်း မချိုမြိန်လိုက်တာကွာ၊ ပြီးတော့ whish လုပ်တဲ့အချိန်ကိုလည်း ကြည့်ဦး"

"အိပ်ရာနိုးနိုးချင်း လုပ်တာပါကွ၊ ငါ အိပ်ရာထ နောက်ကျတတ်တာလည်း မင်းသိတဲ့အတိုင်း"

"မင်း ကာလနဂါးမှန်းသိပါတယ်၊ လာကြော်ငြာမနေပါနဲ့"

"ငါက မင်းမွေးနေ့ကို မနေ့က ကတည်းက သတိရနေတာပါကွာ၊ အိပ်ရာထ နောက်ကျလို့သာ whish လုပ်တာ နောက်ကျသွားတာပါ၊ ဒါပေမယ့် မင်းက အဖေအမေပြီးရင် whish လုပ်တာ ငါပထမဆုံးမဟုတ်လား ဟော့ကောင်"

"ဘယ်ဟုတ်ပါ့မလဲကွာ၊ ငါ့ရည်းစားလေးက မနက် အစောကြီးကတည်းကထပြီး whish လုပ်ပြီးပါပြီ"

"အပိုတွေ လာကြွားမနေနဲ့ဟော့ကောင်၊ အချင်းချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မသိတာလိုက်လို့၊ မင်း ဟိုလူ့လိုလို ဒီလူ့လိုလိုနဲ့ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မရှိသေးတာ လူတိုင်းသိတယ်"

"ဒါပေမယ့် မကြာခင် ဖြစ်ဖြစ်မြောက်မြောက်ရှိလာတော့မှာပါကွာ"

"ဘယ်တော့လဲ"

"မဝေးတော့တဲ့ တစ်နေ့ပေါ့"

"မယုံပါဘူးကွာ"

"အတည်ပြောနေတာ ဟောကောင်၊ ညနေ မင်းတို့နဲ့တွေ့မှ ငါပြောပြမယ်"

"မင်းတို့ ! "

"အေးလေ...မင်းရယ်၊ ဝေယံရယ်၊ သူငယ်ချင်းဆိုလို့ ဒီနှစ်ယောက်ပဲ ငါ့မှာအရင်းအချာရှိတာ၊ ငါ့မွေးနေ့အထိမ်းအမှတ်အဖြစ် ဒီနေ့ညနေ မင်းတို့နှစ်ယောက်ကို ကန်တော်ကြီးထဲမှာ ညစာကျွေးမယ်"

"ဟိုကောင့်ကို ဘာလို့ကျွေးမှာလဲ၊ သူက မင်းမွေးနေ့တောင် သတိရတာမှမဟုတ်တာ၊ ခုထိလည်း whish မလုပ်သေးဘူး မဟုတ်လား"

"လုပ်ပြီးပြီကွ၊ ညက နှစ်ရီလောက်ကြီး တစ်ရေးနိုးတုန်း





ဖုန်းဆက်ပြီး whish လုပ်လို့ ငါမှာ အိပ်ရေးပျက်လိုက်ရသေးတယ်"

"ဟာကွာ...ဒီကောင် ဒါသက်သက် လူလည်လုပ်တာပဲ"

"ထားပါတော့ကွာ၊ မင်း ညနေလာမယ် မဟုတ်လား"

"ဝေယံလာရင် ငါမလာပါဘူး"

"အဲဒီလိုတော့ မလုပ်နဲ့လေကွာ"

"သပ်သပ်စီပဲ ကျွေးပေါ့"

"ငါက ငါ့မွေးနေ့မှာ မင်းတို့နှစ်ယောက်ကို တစ်နေရာစီ ချိန်းပြီး ဟိုပြေးကျွေးလိုက် ဒီပြေးကျွေးလိုက် ဗျာများနေရမှာလား၊ တရားသဖြင့်လည်း စဉ်းစားဦး"

ကျွန်တော်က ဗညားကို ဟောက်ပစ်လိုက်မိပါသည်။ ကျွန်တော့်ရဲ့ နှစ်မျိုးနှစ်ခွကိစ္စဟာ ဘယ်လောက်တောင်များလဲဆို သင်တန်းတစ်ခုစီမှာတွေ့ပြီး ပေါင်းမိတဲ့ ဗညားနဲ့ဝေယံ သူငယ်ချင်းနှစ်ယောက်ဟာ ဘယ်လိုမှ ပေါင်းစည်းလို့မရသည့် ရန်သူတော်ကြီးတွေ ဖြစ်နေသည်။

သူတို့ချင်းသာ ရည်းစားလုဖက်ဖြစ်ဖူးတာမို့ ရန်သူပမာ ဖြစ်နေရပေမယ့် ကျွန်တော်နဲ့ကျတော့ နှစ်ယောက်စလုံး ခင်မင်နေကြသည်။ သုံးယောက် မဆုံမဖြစ် ဆုံမိကြတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ချင်းက ကြည့်မရဘဲ စောင်လေစောင်လေ ဘုဘောက်တွေကျမြဲ၊ မထိခလုတ် ပြောကြမြဲမို့ ကျွန်တော့်မှာ သူတို့နှစ်ယောက်ကြားမှာ ဦးနှောက်စားနေရတတ်သည်။ နှစ်ယောက်ထဲက တစ်ယောက်ကို ရွေးပေါင်းဖို့ မဖြစ်နိုင်တာမို့ နှစ်ယောက်စလုံးကို ဆက်ပေါင်းရင်း မကြာခဏစိတ်ရှုပ်ရတတ်သည်။

ဒီအဖြစ်ကတော့ မေမေပြောတဲ့ ဘဝမှာ တစ်ခါတစ်ခါကျရင် တစ်ခုပဲရွေးချင်ပေမယ့် နှစ်ခုစလုံးကို ရွေးသင့်ရင်းရွေးရတာတွေရှိတယ်ဆိုသော အဆိုအမိန့်နှင့် ကိုက်ညီသည်ဟုထင်ရသည်။

"ကဲ...ဘယ်လိုလဲ မင်းလာမှာလား မလာဘူးလား ဗညား"

"ဟိုကောင်ရော"

"သူလည်း လာမှာပေါ့၊ သူလာလို့ မင်းမလာဘူးဆိုရင် မင်းနဲ့ငါ အပြတ်ပဲ"

"အေးလေ...ဒါဆိုလည်း လာရတာပေါ့"

"လာရင်လည်း ကောင်းကောင်းလာ၊ ငါ့ရှေ့မှာ မင်းတို့ဖိုက်မနေကြနဲ့ဦး၊ ဟိုကောင့်လည်း ငါဒီလိုပဲပြောထားမယ်၊ အိုကေနော်...ညနေတွေ့မယ်"

"အေးပါ...အေးပါ"





ဗညားဖုန်းချသွားတော့ ကျွန်တော်က တီးဘုတ်ခလုတ်လေးတွေကို တစ်ခုချင်းစီ ညင်သာစွာ တို့ထိကြည့်မိရင်း ရင်ထဲကို ဖြန်းစားကြီး ဝင်ရောက်လာသော မဟာဆန်သူကလေး 'မွေ့' ကို သတိတရ မြင်ယောင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အချစ်နှင့်တိုက်မိခြင်း (၂)

တနင်္လာနေ့ညနေ...

◆ ◆ ◆

ချိန်းထားသော ကန်တော်ကြီးဥယျာဉ်ထဲက စားသောက်ဆိုင်သို့ ကျွန်တော်ရောက်သွားသောအခါ ကျွန်တော့်အရင်ရောက်နှင့်နေပြီး တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းကာ မျက်နှာကျောခပ်တင်းတင်းဖြင့် ငူငူကြီးတွေထိုင်နေသော ဗညားနဲ့ ဝေယံကို တွေ့ရလေသည်။ နွေးထွေးလိုက်ပုံများတော့...။

ကျွန်တော်က ဒီနေ့ညနေမှာတော့ ဒီဇိုင်းတစ်မျိုးဖြင့် လင်းရိပ်ညိုဖြစ်နေပါသည်။ အနီရောင် All star ဖိနပ်နှင့်၊ ဂျင်းဘောင်းဘီ သရီးကွားတားနှင့်၊ လိမ္မော်ရောင်တောက်တောက် တီရှပ်အင်္ကျီနှင့် လျှာထိုးဦးထုပ်ကို နောက်ပြန်ဆောင်းထားကာ ဗညားတို့ဆီ မြောက်ကြွကြွ လျှောက်သွားလိုက်ရင်း...





"ဟေ့ကောင်တွေ...အံမလေး ရုပ်တွေကကွာ ကျက်သရေမရှိလိုက်တာ၊ မင်းတို့ရုပ်တွေကို ပြင်ကြစမ်း၊ ငါ့မွေးနေ့ကို ဒီလိုမျက်နှာ့ရှစ်ခေါက်ချိုးတွေနဲ့ တက်ရောက်အားပေးမနေနဲ့၊ စိတ်ဆင်းရဲတယ်"

"မင်းကလည်း နောက်ကျလိုက်တာ၊ စောင့်ရတာ စိတ်ဆင်းရဲလို့သေတော့မယ်၊ ပတ်ဝန်းကျင်ကလည်းမကောင်း"

"ဟေ့ကောင်...မင်း ယောကျ်ားဖြစ်ပြီး စောင်းချိတ်မနေနဲ့"

"ဟေ့...ဟေ့၊ ဟာကွာ...ဘာတွေလဲ၊ ငါ့မွေးနေ့လေကွာ၊ မင်းတို့ မဖိုက်ကြဖို့ ငါကြိုတင်ပြောထားတယ် မဟုတ်လား၊ မွေးနေ့မှာ စိတ်ချမ်းချမ်းသာလေး နေပါရစေ"

"မင်းမျက်နှာကြောင့်ပေါ့ကွာ၊ နောက်မို့များတော့..."

"ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ ဟေ့ကောင်"

"ဟာ...ဟေ့..."

ဗညားနဲ့ ဝေယံက အပြန်အလှန် ဖိုက်နေတာမို့ ကျွန်တော်က ဖြုန်းခနဲပြန်ထလိုက်ရင်း...

"ဟေ့ကောင်တွေ...ငါပြန်တော့မယ်၊ မင်းတို့ဘာသာ ဆက်ဖိုက်ကြ"

"မင်းပြန်ရင် ငါတို့က ဘာဆက်လုပ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လင်းရိပ်ရာ မင်းပြန်ရင် မင်္ဂလာမရှိတော့ဘူးကွ"

"မင်းပြောတဲ့သဘောက ငါ့ကို မင်္ဂလာမရှိဘူးလို့ ပြောချင်တာလား ဗညား"

"အိုးမလုံ အုံမွှင်..."

"ဟော့ကောင်...မင်း..."

ကျွန်တော်က သူတို့နှစ်ယောက်ကြားထဲ ဝုန်းခနဲ ပြေးဝင်ထိုင်ကာ နားတွေကို ပိတ်ထားရင်း...

"တော်ကြပါတော့...တောင်းပန်ပါတယ်"

ဟု အော်တော့မှ ဗညားရော ဝေယံပါ စောင်ပေဆေ နှင့် ပါးစပ်ပိတ်သွားကြလေသည်။

အစားအသောက်တွေ မှာပေးပြီး ရာသီဥတု နည်းနည်း သာယာလာတော့မှ ကျွန်တော် အရမ်းပြောချင်နေသည့်ကိစ္စလေးကို စတင်လိုက်ရ၏။

"ဟော့ကောင်တွေ...ငါ့မွေးနေ့မှာ သတင်းထူးကြော်ငြာစရာ ရှိတယ်ကွ"

"မင်းသတင်း ထူးတယ် မထူးဘူးဆိုတာ နားထောင်ပြီး ဆုံးဖြတ်နိုင်မှာပေါ့"





"မင်းအတွက် ထူးပေမယ့် ငါ့အတွက် ထူးဖို့မထူးဖို့ သေမှ မသေချာတာ"

"ထူးပါတယ်ကွ...၊ ဟဲ...ဟဲ...ငါ မနက်က အချစ်နဲ့ တိုက်မိတယ်ကွ"

"ဘယ်လို..."

"အချစ်ဆိုတဲ့အရာက ငါ့ရင်ဘတ်ကို ရုတ်တရက်ကြီး ပြေးဝင်ဆောင့်တာ ခံလိုက်ရတယ်ကွာ ... တကယ်ပါ၊ ရင်ဘတ်ထဲမှာ တစ်ကြိမ်တည်းနဲ့ နင့်ခနဲ ဖြစ်သွားလိုက်တာ အရမ်း ထူးဆန်းတယ်၊ သူ့ကို ခုထိတောက်လျှောက် သတိရနေတယ်"

"တွေ့တာက ဘယ်တုန်းကမို့လို့လဲ"

"မနက်က..."

"ဟား...ဟား...ဒါဆို တွေ့တာမှ ၂၄ နာရီတောင် မပြည့်သေးတာ ခုထိ သတိရနေရာ အဆန်းလား၊ မနက်ကျ မေ့ချင်မေ့သွားမှာပေါ့"

" မဟုတ်ဘူး...လုံးဝအဲဒီလိုမဟုတ်ဘူး၊ ဒီကိစ္စက အချင် ကိစ္စတွေနဲ့ လုံးဝမတူဘူးကွ၊ တွေ့လိုက်တာနဲ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲဆိုလှုပ်သွားတာ၊ သူနဲ့မခုံးချင်း ပွတ်တိုက်မိတာကိုက အချစ်နဲ့တိုက်မိသွားသလို ခံစားလိုက်ရတာ”

“ကောင်မလေးက ဘယ်လိုပုံစံမို့လို့လဲ”

“ဟား…စာဖွဲ့လို့တောင် မီမှာမဟုတ်တဲ့ အလှ။ မဟာဆန်သူရဲ့အလှ။ ယဉ်တယ်၊ ဒါပေမယ့် လုံးဝ မတုံးဘူး၊ သိမ်မွေ့တယ်၊ ဒါပေမယ့် မအဘူး၊ ရှေးကျတယ်၊ ဒါပေမယ့် ခေတ်မီတယ်၊ ဆန်းကျင်ဘက်အရာတွေ ပေါင်းစပ်ထားတဲ့ အလှမျိုး၊ အရမ်းသိမ်မွေ့ညက်ညော…”

“ဒုန်း…”

“ဟာ…ကုန်ပါပြီ၊ ဟောကောင် … မင်းကား…မင်းကား”

ကျွန်တော် စာဖွဲ့နေဆဲမှာ ကျွန်တော့်ကားရပ်ထားသော ကားပါကင်ဘက်က အသံတစ်သံကြားလိုက်ရတာမို့ ဗညားတို့က အလန့်တကြား ထအော်လိုက်လေသည်။ ကျွန်တော်က သူတို့ကို လက်ကာပြလိုက်ရင်း…

“နေနေ…ငါပဲ သွားကြည့်လိုက်မယ်၊ ပါကင်ထိုးခဲ့တာတော့ လွတ်လွတ်ကင်းကင်းနေရာမှာပဲ၊ တိုက်စရာအကြောင်းမရှိပါဘူး”





ကားပါကင်ဘက်သို့ ဝေ့ဝေ့ဝါးဝါးပြေးထွက်လာခဲ့သော ကျွန်တော့်ကို မရှုမလှမြင်ကွင်းတစ်ခုက ဆီးကြိုနေသည်။

ကျွန်တော့်ကားကို ဘော်ဒီဖြင့်ပွတ်ဆွဲထားသော ကားတစ်စီးက ခပ်တည်တည်။

ကျွန်တော့်ကားမီးလုံးကတော့ ကွဲနေပြီ။

အဲဒီ ခပ်တည်တည်ကားထဲက ဆင်းလာတာက ဘယ်သူ့မှ ဂရုမစိုက်သည့် ခပ်တည်တည်မိန်းမတစ်ယောက် ဖြစ်လေသည်။

♥ ♥ ♥

အဲဒီမိန်းကလေးရဲ့ စတိုင်လ်ကို ကျွန်တော် စတွေ့တွေ့ချင်းမှာ ဖျားသွားပါသည်။

တကယ့်ကို ဟော့ရှော့ဒေဝီ။

ပေါင်လည်နီးပါး ရှည်သည့် ကိုရီးယားစတိုင်လ်သည်ပင်းပေါက် ချွန်ချွန် အသားပျော့ပျော့အင်္ကျီကို ရင်ဘတ်အောက်နားမှာ အပြားကြီးကြီး လည်သာခါးပတ်ပျော့နှင့် ပတ်ထားပြီး ခြေသလုံးတစ်ဝက်ထိရှည်သည့် အသားကပ်ဘောင်းဘီအနက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်နှင့် တွဲစပ်ထားသည်။ အသည်းယားစဖွယ် ဒေါက်သေးသေး မြင့်မြင့် ဖိနပ်ရဲ့ ကြိုးအနက်လေးတွေက ခြေသလုံးကို ပတ်ချည်ထားသည်။ ကျောလယ်ထိ ဖွာကျနေသော ဆံပင်တွန့်တွန့် ကောက်ကောက်လေးတွေကြားက ထင်းနေအောင် ပေါ်လွင် လှပလွန်းတဲ့မျက်နှာဖူးဖူးနုနုလေး။ နှုတ်ခမ်းလေးက ကလေးဆိုးလေးလို စူစူထော်ထော်လေး။ မျက်နှာတစ်ဖက်တစ်ချက်ကို ကော့မျှတက်နေတဲ့ မျက်ခုံးမွေးတန်းကလေးတွေကအစ သေသပ်လွန်း၊ အချိုးကျလွန်း၊ ဘယ်နေရာတစ်ကွက်မှ မလစ်လပ်အောင် ဆွဲဆောင်မှု ရှိလွန်းနေလေသည်။ အသားအရောင်ကိုက ဝင်းနှစ်ထင်ပေါ်လွန်းတာမို့ အဝေးကကြည့်ရုံနဲ့တောင် သူမက ဝင်းဝင်းပပ လှလွန်းလှပါသည်။

သူမက ကျွန်တော့်ဆီ ခပ်သွက်သွက် လျှောက်လာလိုက်ပြီး ကျွန်တော့်ကားကို ငုံ့ကြည့်ကာ...

"မီးလုံးကျွဲသွားပြီ... ဆောရီးပဲ၊ ဒါ ရွှေ့အမှားသက်သက်ပဲ၊ ရွှေက ပါကင်ထိုး မကျွမ်းကျင်လို့၊ ပါကင်ထိုးဖို့ ကြိုးစားရင်း တိုက်မိသွားတာ၊ မီးလုံးကွဲတဲ့အတွက် အလျော်ပေးပါမယ်၊ ဒီမှာ ရွှေ့လိပ်စာကဒ် ယူထားလိုက်ပါ၊ မီးလုံးအတွက် ကျသင့်ငွေတွက်လာရင် ဖုန်းဆက်လိုက်ပေါ့၊ မယုံ





ကြည့်ရင် ကားနံပါတ်လည်း မှတ်ထားပေါ့၊ တစ်ခုခုဆို စုံစမ်းလို့ရတယ်လေ၊ ကဲ... သွားလိုက်ပါဦးမယ်"

သူမက လိပ်စာကဒ်လှမ်းပေးပြီး ခပ်တည်တည် ပြန်လှည့်ထွက်သွားတာမို့ ကျွန်တော် အသည်းယားသွားပါသည်။ ပုံမှန်အားဖြင့်ဆို ကားတိုက်မိတဲ့ကိစ္စဟာ ပြူးပြူးပျာပျာ ဖြစ်လောက်စရာ၊ အငြင်းပွားစရာ။ တချို့မိန်းမတွေဆို သူတို့က မှားနေတာတောင် အလျော်ပေးရမှာစိုးလို့ လေချိုသွေးတတ်သေးတာ။ သူမကတော့ သိပ်လက်တွေ့ကျလွန်းသည်။ ပြေရှင်းသွားပုံက မိန်းမတောင် မဆန်ချေ။

"ဟော့... ရွှေ... ခဏနေဦး"

ကျွန်တော် လှမ်းခေါ်တော့ ကားတံခါးဖွင့်နေပြီဖြစ်သော သူမက ကျွန်တော့်ကို လှည့်ကြည့်ရင်း...

"ရှင် ခုန ဘယ်လိုခေါ်လိုက်တာလဲ"

"ခင်ဗျားနာမည်ကို ခေါ်လိုက်တာလေ၊ ခင်ဗျား ခုန စကားထဲ ထည့်ပြောနေတာ ရွှေ ဆို"

"ဒါက ရင်းနှီးတဲ့ သူတွေပဲ ခေါ်ကြတဲ့ အတိုကောင်နာမည်ပါ၊ ရှင် လိုက်ခေါ်ဖို့ မလိုဘူးလေ၊ ရှင်နဲ့ရွှေက ခုမှစတွေ့တဲ့ တစိမ်းစစ်စစ်တွေ"



www.burmeseclassic.com

www.burmeseclassic.com



အေး...၊ 'ရွှေ' လို့ခေါ်ခွင့်ရတဲ့ ရှင်နှီးသူအဖြစ်ကို မကြာခင် ရောက်လာစေရမယ်...၊ စောင့်ကြည့်လိုက်...။

ကျွန်တော်က စိတ်ထဲက ကျိတ်ပြောလိုက်မိရင်း သူမပေးထားသော လိပ်စာကဒ်ကို ငုံ့ကြည့်လိုက်တော့ နာမည်က 'ရွှေပိတောက်'။ ဒီတစ်ခါ တိုက်မိသည့်ကိစ္စမှာတော့ နာမည်သိဖို့ အထူးတလည် ကြိုးပမ်းနေစရာတောင်မလို။ (ကားမီးလုံးလေးတော့ ရင်းထားရတာပေါ့။)

"အိုကေ...ကောင်းပြီ မရွှေပိတောက်၊ အခုဖြစ်တဲ့ကိစ္စမှာ ခင်ဗျားဘက်က တစ်ဖက်သတ်ကြီး ဖြစ်နေတယ်လို့ မထင်ဘူးလား"

"ရှင့်စကားက ဘာအဓိပ္ပာယ်လဲ"

"ခင်ဗျား သဘောမပေါက်ဘူးလား၊ ခုကိစ္စက ခင်ဗျားဘက်က တစ်ဖက်သတ်ဖြစ်နေတယ်၊ ခင်ဗျားဘာသာ ကျွန်တော့်ကားကို ဝင်တိုက်တယ်၊ ပြီးတော့ ခင်ဗျားပဲ စကားတွေပြောပြီး ပြန်လှည့်ထွက်သွားတယ်၊ ခင်ဗျား တိုက်မိတဲ့ ကားပိုင်ရှင်ရဲ့အသံကိုတောင် ကြားမသွားဘူး ဆိုတာမျိုးတော့ မဖြစ်သင့်ဘူးလေ၊ 'ခင်ဗျား ကျွန်တော့်





ဆန္ဒကို မေးသင့်တယ်၊ စကားတစ်ခွန်း နှစ်ခွန်းလောက်တော့ ပြောခွင့်ပေးသင့်တယ်"

"ခု ရှင်ပြောနေတာက တစ်ခွန်းနှစ်ခွန်း မကတော့ဘူး"

"ဒါက မရွှေပိတောက်သဘောပေါက်အောင် ရှင်းပြနေရလို့ပါ"

"သဘောမပေါက်တာက ရှင်၊ ရွှေက အစကတည်းက သဘောပေါက်ပြီးသား"

"ဘာကို သဘောပေါက်တာလဲ"

"ကားဆိုတာ တိုက်မိရင် အလျော်ပေးရမယ်၊ အလျော်ပေးရင် ကျေနပ်သွားမယ်၊ ဒီသဘောကို သဘောပေါက်လို့ ရှင့်ဘက်က ဘာမှပြောမလာခင်၊ တောင်းဆိုမလာခင် ဖြေရှင်းလိုက်တာပဲလေ"

"အလျော်ပေးရုံနဲ့ ကျေနပ်တယ်လို့ မရွှေပိတောက်ကို ဘယ်သူပြောလဲ၊ အကောင်းပကတိပစ္စည်းတစ်ခု ပျက်စီးသွားတာကို ရှာဖွေဝယ်ရ လဲရ ပြင်ရ အော်ရိဂျင်နယ်အတိုင်း မဖြစ်ဖြစ်အောင် လုပ်ရ ကြိုးပမ်းရနဲ့ စိတ်တွေရှုပ်ရသေးတယ်၊ အားလုံးပြီးမှ မရွှေပိတောက်က အိုကေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကျလဲ ရှော့ ဆိုပြီး ပိုက်ဆံထုပ်ကလေး ပစ်ချပေးရုံပဲဆိုတာ တရားသလား"

"အဲဒီတော့ ရှင်က ဘာဖြစ်ချင်သလဲ"

"ကားမီးလုံး ဝယ်ဖို့ လဲဖို့ ကြိုးပမ်းတဲ့ကိစ္စတွေမှာ မရွှေပိတောက်လည်း လိုက်ပါဆောင်ရွက်စေချင်တယ်"

"ရွှေဒီလိုလုပ်မှ တရားသဖြင့် ဖြစ်မယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်"

"ကောင်းပြီ၊ ဒီလိုဆိုလည်း ဖုန်းဆက်ပြီး ရက်ညှိလိုက်လေ၊ ရွှေရော ရှင်ပါ အားတဲ့ရက်မှဖြစ်မှာမဟုတ်လား၊ ရွှေတိုက်မိတဲ့ ကားရှင်ရဲ့အသံကို ရွှေနားလျှံအောင် ကြားဖူးသွားပါပြီ၊ ရွှေသွားလို့ရပြီ မဟုတ်လား"

"ရပါပြီ...ရပါပြီ၊ ခွင့်လွှတ်ပါတယ်"

"ရှင် ဘာပြောတာလဲ"

"စောစောတုန်းက မရွှေပိတောက်က ဆောရီးပဲလို့ တောင်းပန်ထားတယ်လေ၊ ဒါကြောင့် မရွှေပိတောက်ကို ခွင့်လွှတ်ကြောင်း အကြောင်းပြန်တာပါ မရွှေပိတောက်"

"မရွှေပိတောက် မရွှေပိတောက်နဲ့ ရွှေ့နာမည်ကိုထည့်ပြောရင်းလည်း မောနေဦးမယ်၊ အမောဖြေလိုက်ပါဦး"





"မရွှေပိတောက်...ကားပိုင်ရှင်နာမည်လည်း မှတ်သွားဦး၊ ကျွန်တော့်နာမည် လင်းရိုပ်ညို"

သူမက ကားခေါင်းတံခါးမှ မောင်းထွက်ဖို့ပြင်ဆဲ ကျွန်တော်က လှမ်းအော်ပြောလိုက်သည်။

သူမ ကားက ဆောင့်ထွက်သွားသည်။

ကျွန်တော်က ပြုံးတုံ့တုံ့ ရပ်ကျန်ခဲ့သည်။

"ရွှေ...ရွှေ..."

တစ်နေ့နေ့တော့ 'ရွှေ' လို့ပဲ ဖွဖွခေါ်ရင်း အမောပြေတဲ့နေ့ကို ရောက်လာဦးမှာပါ ရွှေရယ်...။

ကျွန်တော်က ဒုတိယမြောက်အချစ်နှင့်တိုက်မိသော ကားပါကင်မှ ဗညားတို့ဆီသို့ ရှင်ပျံမြူးတူးစွာ ပြန်လည် ရောက်ရှိလာပါသည်။

"ဟော့ကောင် လင်းရိုပ်၊ မင်း ကားလား"

"ထားလိုက်ပါ၊ ကိစ္စမရှိပါဘူး၊ ခုနပြောနေတဲ့စကားကို ဆက်ပြောမယ်ကွာ၊ ငါပြောနေတာ ဘယ်ရောက်..."



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းလှတဲ့အကြောင်း ပြောနေတာလေကွာ"

"အေးကွာ...လှတာကတော့ ဘာလှသလဲ မမေးနဲ့၊ နုသစ် လတ်ဆတ်နေတဲ့ ဟော့ရှော့ဒေဝီလေး၊ ထက်ထက်မြက်မြက် တောက်တောက်ကြွားကြွားလေး၊ တွေ့လိုက်တာနဲ့ ရင်ဘတ် ထဲမှာ အရမ်းလန်းဆန်းမြူးကြွသွားတယ်ကွာ"

ကျွန်တော့်စကားကြောင့် ဗညားတို့က မျက်စိလည် သွားပုံရကာ...

"ဟင်...မင်း ခုနပြောနေတာ ဒီပုံမဟုတ်ပါဘူး"

"မင်းပြောတော့ မဟာဆန်သူဆို၊ အခု ဘယ်လိုက ဘယ်လို ဟော့ရှော့ဒေဝီ ဖြစ်သွားတာလဲ"

ကျွန်တော် မဖြေနိုင်ဘဲ ရင်ထဲမှာ နံ့သွားပါသည်။ ကျွန်တော် ၂ ဂဏန်းသမားဟာ နှစ်မျိုးနှစ်ခွ ဝဲဂယက်ထဲမှာ နစ်ရတော့မလား...။

ရင်ဘတ်တစ်ခြမ်းမှာ မွေ့လည်း ရှိနေတုန်း ကျန်တစ်ခြမ်းကို ရွှေက ဖြန့်ခနဲဝင်လာသည်။ တစ်ယောက်ဝင်လာ လို့လည်း တစ်ယောက်က ထွက်မသွား။ ကျွန်တော့်ရင်ဘတ်ထဲ နှစ်ယောက်စာကြီးများတောင် ဆံ့နေသည်။





ကျွန်တော်က မျက်နှာငယ်လေးနှင့် ဗညားနဲ့ ဝေယံ ကို တစ်လှည့်စီကြည့်ရင်း...

"ငါ ခုနလေးကပဲ အချစ်နဲ့ ဒုတိယအကြိမ် တိုက်မိသွား တယ်ကွာ"

"လဲသေလိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက အကြံပေးကြသည်။ 'စိတ်ထဲမှာ ဘယ်သူက ပိုပြီးစွဲနှစ်နေသလဲဆိုတာ သေချာအောင် တစ်ပတ်လောက်တော့ ဘယ်သူ့ကိုမှ မကြိုးစားသေးဘဲ နေကြည့်လိုက်ပါဦး' တဲ့။

အိုကေ၊ နေဆိုတော့လည်း နေရတာပ။

ကျွန်တော် နေကြည့်ပါသည်။ သို့သော်လည်းပဲ နှစ်ယောက်စလုံးကို တောက်လျှောက် သတိရနေမိပါသည်။

မနက်ပိုင်းမှာ အများအားဖြင့် မွေ့ကို သတိရပြီး ညနေပိုင်းမှာတော့ ရွှေ့ကို သတိရပါသည်။ သတိရတဲ့ အတိုင်းအတာကလည်း ပိုတယ် လိုတယ်မရှိ နှစ်ယောက်စလုံးအပေါ် အတူတူပင်။

ဘုရားအတူဖူးကြသည့် စုံတွဲကိုတွေ့လျှင်၊ တက္ကစီ





တားနေသည့် ကောင်မလေးတွေကို တွေ့လျှင် မွေ့ကို သတိရမိတတ်ပြီး... ကားမှောင်းသွားသည့် ကောင်မလေးတွေကိုတွေ့လျှင်၊ ဆံပင်ကောက်ကလိန်နှင့် ပေါ့ရှော့ကောင်မလေးတွေကို တွေ့လျှင်တော့ ရွှေ့ကို သတိရမိပါသည်။

မွေ့... ရွှေ့... ။

ရွှေ့... မွေ့... ။

အဲဒီလို လွမ်းဆွဲနေရသည့်အခါတွေလည်း ရှိပါသည်။

ဒွိဟဖြစ်မိတဲ့အတွက် လောလောဆယ် ကျွန်တော့်ရဲ့ နှစ်နှာချက်ကတော့ မီးလုံးကွဲနေတဲ့ မလှမပ ကားကို မပြုပြင် မလဲဖယ်ဘဲ စီးနေရခြင်းပင်။ ရွှေကတော့ ကျွန်တော် အလျော် မယူတော့ဘူးဟုပင် ထင်သွားပြီလား မသိနိုင်ပါ။

တစ်ပတ်မပြည့်မီမှာပင် ကျွန်တော့်မှာ မွေ့နဲ့ရွှေ့ဆီ စိတ်ရောက်လွမ်းတာမို့ ဗညားတို့ကို ရင်ဖွင့်ပြောပြမိ၏။ ဗညားနဲ့ ဆယ်ကတော့ အားရှိလောက်စရာစကားတွေဖြင့် ကျွန်တော့်ကို နှစ်သိမ့်မိပါသည်။

"ဒီလို မင်းဘက်က အချိန်ဆွဲနေတော့လည်း တစ်မျိုးကောင်းတာပဲ၊ ခုလောက်ဆို ရွှေပိတောက်ရဲ့ရင်ထဲမှာလည်း မင်းက တော်တော်လေး နေရာယူနေလောက်ပြီ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ မဆက်သွယ်သေးတာပါလိမ့်ဆိုတဲ့အတွေးကို ခဏခဏတွေးရင်း မင်းဆီကဆက်သွယ်လာမယ့်ဖုန်းကို မျှော်နေလောက်ပြီဆိုတော့ မင်းဘက်က မစခင်ကတည်းက တစ်ဝက်လောက် အောင်မြင်ပြီးသား ဖြစ်နေပြီ"

ဝေယံက နှစ်သိမ့်သည်မှာ…

"ဘယ်မိန်းကလေးဆို ယောကျ်ားလေးတစ်ယောက်ယောက်နဲ့ ပထမဆုံးတွေ့ဆုံတဲ့အချိန်မှာပဲ အဲဒီယောကျ်ားဟာ ကိုယ့်ဆီနောက်တစ်ခေါက်ရောက်လာနိုင်သလား၊ မလာနိုင်ဘူးလားဆိုတာ အကဲခတ်နိုင်တယ် လင်းရိပ်၊ မင်းသူ့ဆီ ရောက်လာလိမ့်ဦးမယ်လို့ မွေ့လည်း မျှော်လင့်မှာပဲ၊ ဒါပေမယ့် မင်းဘက်က လုံးဝမလှုပ်ရှားတော့ မွေ့လည်း မင်းအကြောင်း ခဏခဏတွေးမိနေတော့မှာ အသေအချာပဲ၊ ဒါလည်း ဗျူဟာတစ်မျိုးပေါ့ကွာ"

သူတို့က အဲဒီလို အသီးသီးနှစ်သိမ့်နားချထားခဲ့တာမို့ ကျွန်တော်က ကိုယ့်ချိန်ခွင်လျှာ ဘယ်ဘက်သာလေမလဲဟု တစ်ပတ်တိတိ စောင့်ဆိုင်းနေခဲ့ရတာဖြစ်သည်။ သို့သော် တစ်ပတ်ပြည့်သည့်တိုင် ချိန်ခွင်လျှာက အလယ်မှာသာ တန်းလို့နေလေသည်။





မွေ့နဲ့ရွှေဟာ သူ မသာ ကိုယ် မသာ။ ဘယ်သူကမှ မသာဘဲ ကျွန်တော့်ရင်ဘတ်ထဲမှာ မပျောက်ပျက်ဘဲစွဲမြဲနေသည်။ ကျွန်တော့်ဘဝမှာ ဒီလိုမျိုးတစ်ခါမှမဖြစ်ဖူးခဲ့။ ကျွန်တော့်အတွက် မထူးခြားသည့် မိန်းကလေးများဆို နေ့မြင် ညပျောက်ဆိုသလို၊ ဆပ်ပြာပူဖောင်းလေးများ တဖောက်ဖောက်ကွဲသွားသလို ကျွန်တော့်အာရုံထဲက လွင့်စဉ်ပျောက်ပျက်သွားစမြဲဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်က စိတ်နှစ်ခွဖြစ်ကာ ဘယ်လိုမှ မဆုံးဖြတ်နိုင်တော့တာမို့ ဇညားနဲ့ ဝေယံ့ဆီ ဖုန်းဆက်လျက် သူတို့ရဲ့ဆန္ဒမဲကို တောင်းခံရလေသည်။

ဇညားဆီ ဆက်မိသောအခါ ဇညားက…

"မင်းပြောတဲ့ပုံအတိုင်းဆို ငါကတော့ မွေ့ဘက်ကို ပိုပြီး မဲသာတယ်၊ မွေ့နဲ့ မင်း တွေ့တဲ့နေရာကိုက ဘုရားမှာ၊ တွေ့တဲ့နေရာနဲ့တင် မင်္ဂလာရှိပြီး အတိတ်နိမိတ် ကောင်းနေပြီ၊ ပြီးတော့ ငါ့သဘောကတော့ မိန်းမဆိုရင် မိန်းမပီသပြီး သိမ်မွေ့တာမျိုးပဲ ကြိုက်တယ်၊ မင်းပြောတဲ့ ဟော့ရှော့ဒေဝီကိုတော့ အကြားနဲ့တင် လုံးဝကြည့်မရဘူး၊ နာမည်ကိုက ရှင့်ကျော့ကျော့ နေမှာပေါ့၊ မွေ့ကိုပဲ လိုက်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ဝေယံဆီဆက်ပြန်သောအခါ ဝေယံက…

"ငါကတော့ ရွှေကိုပဲ သဘောကျတယ်၊ မင်းအသေးစိတ် ပြန်ပြောပြတာကြားကတည်းက မင်းရဲ့ရွှေက အရမ်းမိုက်တယ်ဆိုတာ သိလိုက်တယ်၊ မိန်းကလေးဆိုတာ အဲဒီလိုထက်မှပေါ့၊ မွေ့ဆိုရင် အိညက်အိညက်နဲ့ ပျင်းစရာ၊ ရွှေကိုပဲ လိုက်ကွာ"

သူငယ်ချင်းနှစ်ယောက်ရဲ့ဆန္ဒကလည်း အဲဒီလို နှစ်မျိုးနှစ်ခွ ကွဲလွဲနေပြန်သည်။

"ဩော်…နှစ်မျိုးနှစ်ခွဖြစ်ရတဲ့ ဘဝနယ်"

ဟု ကျွန်တော် ညည်းတွားမိဆဲ…မေမေ့ရဲ့အဲဆို အမိန့်တစ်ခုက ကျွန်တော့်ခေါင်းထဲသို့ လျှပ်ပြက်သလို ဝင်လာကာ ကျွန်တော့်အာရုံတစ်ခုလုံး လင်းပွင့်သွားစေသည်။

"ဘဝမှာ တစ်ခါတစ်ခါကျရင် တစ်ခုပဲလုပ်ချင်ပေမယ့် နှစ်ခုစလုံးကို လုပ်သင့်ရင် လုပ်ရတာတွေရှိတယ်ကွယ့်"

ဒီအဆိုအမိန့်က ကျွန်တော့်လက်ရှိ ပြဿနာကို ဖြေရှင်းဖို့ ကိုက်ညီနေသည်ဟု လိုရာဆွဲတွေးလိုက်သည်။

မေမေက ပြောခဲ့သေးသည်။

"စီမံခန့်ခွဲတတ်ရင် ပြဿနာမရှိပါဘူး"…တဲ့။





ကျွန်တော့်မွေးနေ့တုန်းကတောင် ကိတ်မုန့်နှစ်ခုကို မနက်ပိုင်း ညပိုင်းခွဲပြီး လုပ်နိုင်သေးလျှင်…

ခုကိစ္စကိုရော ဘာ့ကြောင့်မနက်တစ်ပိုင်း ညတစ်ပိုင်း ခွဲလုပ်လို့ မရနိုင်ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ် ပြည့်ပြီးနောက် မနက်ခင်းမှာတော့ ကျွန်တော်သည် အိပ်ရာနိုးနိုးချင်းဆိုသလို မွေ့ကို သတိရမိလေသည်။ တီဗီကို လှမ်းဖွင့်ကြည့်မိပြန်သောအခါ ရွှေတိဂုံဘုရားပုံတော်ကို ဖူးမြင်လိုက်ရသည့် တစ်ခဏမှာ မွေ့ကို ပို၍ ပို၍ သတိရလာပြန်သည်။ သတိရမိသည်နှင့် ခဏမဆိုင်းတော့ဘဲ ကျွန်တော် မွေ့ဆီသွားဖို့ ဆုံးဖြတ်လိုက်လေသည်။

ထိုနေ့မနက်စောစောမှာ ကျွန်တော်က ကော်လံတုံးရှပ်နှင့် ပုဆိုးကိုဝတ်ကာ မွေ့တို့တိုက်ခန်းရှေ့မှာ ကားသွားထိုးပြီး မွေ့ထွက်အလာကို စောင့်မျှော်နေလိုက်၏။ ဒီနေ့ဟာ တနင်္လာနေ့မို့ ဘုရားသွားဖို့ မွေ့အိမ်ကနေ ခပ်စောစောထွက်လာလိမ့်မည်ဟု မျှော်လင့်ရလေသည်။

ထင်တဲ့အတိုင်း မကြာခင် မွေ့ထွက်လာတော့





ကျွန်တော်က ကားပေါ်မှဆင်းကာ ကားကို ရှေ့ကြည့်နောက်ကြည့် လှည့်ပတ်ကြည့်ရင်း အယောင်ပြလိုက်၏။

"ဟော...ကိုလင်းရိုပ်ညို့ပါလား"

အိုကေ...ကွက်တိပဲ ဟဲဟဲ။

ကျွန်တော်က မွေ့ကိုဖျတ်ခနဲလှည့်ကြည့်လိုက်ပြီး အကယ်ဒမီရှော့ဖြင့်...

"ဟာ...မွေ့ပါလား၊ ကြည့်စမ်း...ခုမှသတိရတယ်၊ မွေ့လည်း ဒီလမ်းထဲမှာ နေတာကိုး"

"ဟုတ်တယ်လေ...မွေ့ကို ရှင်အိမ်ရှေ့ထိ လိုက်ပို့ပေးခဲ့တာပဲ၊ ကိုလင်းရိပ် ဘယ်လာတာလဲ"

"ဒီလမ်းထဲက ကျွန်တော့်သူငယ်ချင်းအိမ်ကို လာတာ၊ ခုပဲ ကားပြန်လှည့်ထွက်တော့မလို့လေ၊ လမ်းကကျဉ်းတာနဲ့ ရှေ့နောက် လွတ်မလွတ် သေချာအောင် ဆင်းကြည့်နေတာ၊ ခုန ကားနောက်ဆုတ်ရင်း ခြစည်းရိုးကို တိုက်မိတော့မလို့"

"ဟင်း...ဟင်း...မွေ့နဲ့ ကိုလင်းရိပ်လည်း တွေ့လိုက်ရင် တိုက်မိတဲ့ကိစ္စနဲ့ပဲ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေတော့တာပဲ"

"ဟုတ်ပါရဲ့မွေ့ရယ်...၊ ကျွန်တော်လည်း ခုပဲ အမြင်စေလို



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကားပြန်ကွေ့နေရင်း တိုက်မိမလို့ဖြစ်သွားတာ၊ ဒီက ပြန်ရင် သွားစရာကိစ္စတွေက အများကြီးလေ၊ တနင်္လာဆိုတော့ ဘုရားသွားရမယ်၊ ဘုရားကပြန်ရင် ကျောင်းထဲက သူငယ်ချင်းတစ်ယောက်ဆီ သွားရမယ်၊ ပြီးရင် ဒီလမ်းထဲကိုပဲ ခဏပြန်လာပြီး သူငယ်ချင်းကို ပြန်လာခေါ်ဖို့ရှိတယ်၊ မွေ့ရော အခု ဘယ်သွားမှာလဲ"

"မွေ့ ဘုရားသွားမှာလေ"

"ဟာ...ဒါဆို အတူတူပေါ့၊ လမ်းကြုံနေတာပဲ၊ ဘုရားက ပြန်ရင်ရော မွေ့ဘယ်သွားမှာလဲ"

"ကျောင်းထဲကို သွားမယ်လေ၊ မွေ့က ကျောင်းထဲမှာ ဒီပလိုမာတန်းတစ်ခုတက်နေတယ်"

"ဟာ...ဒါဆိုလည်း လမ်းကြုံနေတာပဲ၊ ကျွန်တော်လည်း ဘုရားကအပြန် ကျောင်းထဲသွားမှာပဲ၊ ကျောင်းကပြန်ရင်ရော"

"ကျောင်းက အတန်းပြီးရင်တော့ အိမ်တန်းပြန်ဖို့ပဲ ရှိတယ်"

"ဟာ...ဒါဆို ကြုံပြန်ပြီ၊ ကျွန်တော်လည်း မွေ့တို့လမ်းထဲ ပြန်သွားရမှာလေ"





"မွေ့အတန်းတက်တာ တစ်နာရီလောက် ကြာမှာ"

"ကျွန်တော်လည်း ကျောင်းထဲမှာ သူငယ်ချင်းနဲ့ ကန်တင်းထိုင် စကားပြောရင် တစ်နာရီပျော့ပျော့တော့ ကြာမှာပဲ လာပါဗျာ၊ ခမ္မမိတ်ဆွေတွေချင်း ခုလိုဆက်တိုက် လမ်းကြုံနေတယ်ဆိုတာလည်း ရေစက်ပါလို့ပဲပေါ့၊ ခမ္မမိတ်ဆွေကို သွားလိုရာ ပို့ပေးခွင့်ရတာလည်း ကျွန်တော့် ကုသိုလ်တစ်မျိုးပေါ့ဗျာ"

ကျွန်တော်က ကားတံခါးကို အသင့်ဖွင့်ထားပေးလိုက်တာမို့ သူမက ကားထဲ ဝင်ထိုင်လိုက်သည်။

ကျွန်တော်က ကားမောင်းထွက်လာခဲ့ရင်း...

"မွေ့က မွေးနေ့တိုင်း ဘုရားတက်တာလား"

"ဟုတ်ကဲ့"

"သြော်...ဒါလည်း တူနေတာပဲနော်၊ ကျွန်တော်လည်း မွေးနေ့တိုင်း ဘုရားသွားဖြစ်နေတယ်"

တကယ်တော့ ကျွန်တော့်ရဲ့ 'မွေးနေ့တိုင်း' ဆိုတာက တစ်နှစ်တစ်ခါ ကျရောက်တဲ့ မွေးနေ့ကိုပြောတာပါ။ မွေ့ပြောတဲ့ မွေးနေ့ဆိုတာက တစ်ပတ်တစ်ခါ တနင်္လာကိုပြောတာ။ ဒါပေမယ့် ကျွန်တော်က ခွတ်ဆွဲညှိပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်း မွေ့အလှကို တစေ့တစောင်း အကဲခတ်ရသေးသည်။ မွေ့ဟာ ဟိုနေ့ကလိုပဲ မဟာဆန်ဆန်လေး လှနေပါသည်။

မွေ့ကိုတွေ့သည့်အချိန်မှာတော့ ကျွန်တော့်စိတ်က မွေ့ထံမှာသာ အပြည့်အဝအာရုံဝင်စားလျက်ရှိပါသည်။

ကျွန်တော်နဲ့မွေ့တို့ ဟိုနေ့ကလိုပဲ စံပယ်ပန်းတွေ ဝယ်ကြသည်။ တနင်္လာထောင့်မှာ ပန်းကပ်ပြီး ရေသက်စေ့လှူ ကြသည်။ အလှူငွေထည့်ကြသည်။

ဘုရားကပြန်တော့ တမင်ကြံချင်ဟန် ဆောင်ထား သော လမ်းအတိုင်း ပြန်မောင်းလာပြီး ကျောင်းထဲကို သွားသည်။

မွေ့ အတန်းသွားတက်နေတုန်း ကျွန်တော်က ကန်တင်းမှာထိုင်ကာ လက်ဖက်ရည် တစ်ခွက်ပြီးတစ်ခွက် သောက် ရင်း မွေ့အတန်းပြီးမည့်အချိန်ကို စောင့်သည်။

အတန်းပြီး၍ မွေ့ထွက်လာတော့ ကျွန်တော်က အသာအယာ လက်မြှောက်ပြကာ ကြိုဆိုလိုက်၏။

"မွေ့အတန်းပြီးသွားပြီလား၊ ကျွန်တော့်သူငယ်ချင်းတောင် ခုပဲ လိုက်ဘရိဘက် ထွက်သွားတာ၊ ကျွန်တော်လည်း ခုပဲ သွားတော့မလို့ဘဲ၊ မွေ့ ထိုင်ဦးလေ ... ဘာစားမလဲ"





ထိုနည်းက တော်တော်အဆင်ပြေကာ မွေ့နဲ့ ကျွန်တော် မုန့်အတူစားကြသေးသည်။ စကားတွေပြောကြသေး သည်။ ပြန်ဖို့ပြင်တော့ မွေ့က အားနာဟန်ဖြင့် ...

"မွေ့ ဒီကနေ အမြဲလမ်းလျှောက်ပြန်နေကျပါ ကိုလင်းရိပ် ရဲ့၊ ကျောင်းနဲ့ မွေ့တို့လမ်းက နီးနီးလေးပဲလေ၊ အညောင်း ပြေ လျှောက်ပြန်ပြန်တတ်တာ အကျင့်ဖြစ်နေပြီ"

"နီးနီးလေးဆိုပေမယ့် ကားရှုပ်တဲ့ လမ်းဆုံကို ကျော်ရသေး တာ မဟုတ်လား၊ လမ်းဖြတ်ကူးရတာ အန္တရာယ်လည်း များသေးတယ်၊ ကျွန်တော်နဲ့ပဲ လိုက်ခဲ့ပါ၊ လမ်းကြုံနေ လျက်နဲ့တော့ မငြင်းပါနဲ့ မွေ့ရာ"

"ကောင်းပါပြီရှင် ... ကျေးဇူးတင်ပါတယ်"

ထိုနေ့မနက်ပိုင်းလေးမှာတင် ကျွန်တော်နဲ့ မွေ့ရဲ့ ရင်းနှီးမှုက တော်တော် 'တိ' သွားသည်။

မွေ့ကို ကျွန်တော် အိမ်ပြန်ပို့ပေးတော့ နေ့ခင်း ၁၁ နာရီ။ မနက်ပိုင်းတစ်ပိုင်းလုံး မွေ့အတွက် ပေးလိုက်သည်။

မွေ့က ကားပေါ်ကဆင်းတော့ ကျွန်တော့်ကား မီးခွက်ကွဲနေတာကို မြင်သွားကာ ...

"ဟင် ... မီးခွက် ကွဲနေပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု အာမေဍိတ်ပြုလိုက်ချိန်မှာ ကျွန်တော့်စိတ်က ရွှေ့ဆီ ဒိုင်းခနဲ လွင့်ထွက်သွားသည်။

"ဟုတ်တယ် မွေ့၊ ကားပါကင်ထိုးရင်း တိုက်မိသွားတာ"

"မီးခွက် ရှာဝယ်လဲလိုက်ဦးလေ၊ ဒီအတိုင်းကြီး ကြည့်မကောင်းဘူး"

"လဲမှာ ... လဲမှာ၊ ဒီညနေပိုင်းပဲ ရှာဝယ်လဲတော့မှာ"

မွေ့က ကျွန်တော့်ကို နှုတ်ဆက်ပြီး တိုက်ခန်းပေါ် တက်သွားသည်။

ဒီနေ့အဖို့ မနက်ပိုင်းတစ်ပိုင်းတော့ သာယာစွာ ကုန်ဆုံးသွားသည်။

ညနေပိုင်းကတော့ ...

ဟဲ ... ဟဲ ...။





နေ့လယ် ၁၂ နာရီ။

sky blue ရောင် ဂျင်းဘောင်းဘီနှင့် ဒီဇိုင်းလှလှ ချည်သားရှပ်အင်္ကျီ ကိုယ်ကျပ်တစ်ထည်ဝတ်ထားသော ကျွန်တော်သည် ပီကေကို မြုံ့ဝါးနေရင်း ရွှေပိတောက်ဆီ ဖုန်းခေါ်လိုက်လေသည်။

"ဟဲလို ... မရွှေပိတောက်လား၊ ကျွန်တော် လင်းရိပ်ညိုပါ"

"ဟုတ်ပြီ ... ပြော"

"ခုမှ ဖုန်းဆက်ဖြစ်တာ ဆောရီးပဲ၊ ရွှေပိတောက်လည်း ကျွန်တော့်ဖုန်းကို မျှော်နေမှာပေါ့"

"မမျှော်ပါဘူး၊ ရွှေက လျှော်ရမယ့်သူဆိုတော့ မဆက်လေကောင်းလေပေါ့၊ ကဲ ... ပြော ရွှေဘာလုပ်ပေးရမလဲ"

"ကျွန်တော်တို့ ကားမီးခွက်လိုက်ရှာဝယ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မီးခွက်က တစ်ဆိုင်ဆိုင်မှာ အလွယ်တကူ တန်ရာ တန်ကြေးပေးပြီး ဝယ်လိုက်လို့ မရဘူးလား"

"အဲဒီလောက် မလွယ်ပါဘူး ရွှေပိတောက်ရယ်၊ ရွှေပိတောက်လည်း ကားစီးနေတာပဲ၊ ကားအကြောင်းသိမှာပါ၊ ပစ္စည်းက ရှားတယ်၊ ပိုက်ဆံပေးတိုင်းမရဘူး၊ ရွာလည်အောင် လျှောက်ရှာရမယ့်သဘော ရှိတယ်"

"ကောင်းပြီလေ…ရှင်က ဘယ်တော့သွားချင်တာလဲ"

"အခုပဲ"

"အခု ရွှေ့မှာ ကားမရှိဘူး၊ ရှင့်ကားကို ပွတ်မိတုန်းက ရွှေကားလည်း ဆေးပွန်းသွားလို့ ဆေးပြန်မှုတ်ရင်း တစ်လက်စတည်း တစ်စီးလုံးပြန်မှုတ်ဖို့ ဘော်ဒီရုံ အပ်ထားတာ ခုထိ မရသေးဘူး"

"ကိစ္စမရှိဘူးလေ၊ ကျွန်တော့်ကားနဲ့ပဲသွားတာပေါ့၊ ခင်ဗျားကို ကျွန်တော် လာခေါ်လိုက်မယ်"

"ဒါဆို ရွှေအခု ရန်ကင်းစင်တာမှာရောက်နေတယ်၊ ရှင်လာခေါ်လိုက်"

"အိုကေ…နောက် မိနစ်နှစ်ဆယ်ဆို ကျွန်တော် ရောက်ပြီ"

"ကောင်းပြီ၊ ရွှေ ရှေ့ကထွက်စောင့်နေလိုက်မယ်"





ကျွန်တော်က ကြွပ်ဆတ်ဆတ် ရွှေ့ပုံစံလေးကို မြင်ယောင်ရင်း ကားကို ရန်ကင်းစင်တာဘက်သို့ ဦးတည်လိုက်ပါသည်။

♥ ♥ ♥

ညနေပိုင်း ဇာတ်လမ်းကလည်း ကျွန်တော် မျှော်လင့်သလိုပဲ ဖြစ်လာခဲ့လေသည်။

ကားမီးခွက်ကို ပတ္တမြားဈေး၊ တာမွေဈေး ရွာရိုးကိုးပေါက် လျှောက်ရှာသော်လည်း မရတာမို့ ရွှေနဲ့ကျွန်တော် နေ့တစ်ပိုင်းလုံး အတူရှိနေဖို့အကြောင်းဖန်လာပါသည်။

"ခင်ဗျားကားက မော်ဒယ်လည်း သိပ်မမြင့်တော့ ပစ္စည်းက ရှားတယ်၊ အော်ရီဂျင်နယ်ရဖို့ကတော့ မလွယ်ဘူး၊ မြန်မာဖြစ်ကို ထွင်ထည့်ပေးလို့တော့ ရတယ်"

"အော်ရီဂျင်နယ်ပဲ လိုချင်တယ်ဗျာ"

"အဲဒါဆို ဘုရင့်နောင်ဈေး တစ်ချက်သွားရှာကြည့်လိုက်ပါလား"

ဘုရင့်နောင်ထိသွားရမယ်ဆိုပဲ။ ကောင်းသွားပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က သဘောကျသွားပေမယ့် ရွှေ့မျက်ခုံးက အတွန့်ချိုးနေတာ...

"ရှင်က ဘုရင့်နောင်ထိသွားဦးမလို့လား"

"သွားရမှာပေါ့၊ လိုတဲ့ပစ္စည်းမှ မရသေးဘဲ"

"အဲဒီလောက်ဝေးဝေး မသွားနိုင်ဘူး"

"ကားနဲ့သွားတာပဲ... ဘာပင်ပန်းလို့လဲ"

"ရှင့်ကားက ရွှေ့ကားလောက်လည်း မကောင်းပါဘူး၊ ပူကလည်း ပူ"

"Aircon ဖွင့်ပေးထားတာပဲ ရွှေပိတောက်ရယ်"

"ရှင့် Aircon က သိပ်မှ မအေးတာ၊ Gas ကုန်နေသလားလည်း မသိဘူး၊ အသက်ရှူတောင် ကျပ်တယ်"

"ခဏသည်းခံလိုက်ပါ၊ ဟော ဟော မိုးတောင် အုံ့လာပြီ၊ ခဏနေ မိုးရွာရင် အေးသွားမှာပါ"

"ရှင် အပိုမဖြီးနဲ့၊ ဖေဖော်ဝါရီလကြီးမှာ မိုးက ဘယ်လိုရွာမှာလဲ"

"အချိန်အခါမဟုတ် မိုးဆိုတာ ရှိတာပဲလေ"

"အပိုတွေပြောမနေပါနဲ့၊ နေကဖြင့် ဒီလောက်ခြစ်ခြစ်တောက်နေတာ၊ တော်ပြီ... ရွှေ မလိုက်တော့ဘူး"





"သစ္စာမဖောက်နဲ့လေ၊ ကတိဟာ ကတိပဲ"

"ရှင်လည်း ဒီလောက်ဝေးဝေးလံလံကြီး သွားရှာမနေပါနဲ့တော့၊ ရဖို့လည်း သေမှ မသေချာတာ၊ ခုန ဟိုဆိုင်ကလူပြောသားပဲ၊ မြန်မာဖြစ်ကို ထွင်ထည့်ပေးလို့ရတယ်ဆို"

"ခင်ဗျားကားဆို အဲဒီလိုထည့်မှာလား မရွှေပိတောက်၊ နည်းနည်းပါးပါး ကိုယ်ချင်းစာဦးမှပေါ့၊ တကယ်ဆို ဒါက ခင်ဗျားလုပ်ခဲ့တဲ့ကိစ္စ၊ ကျွန်တော့်ကားက စည်းကမ်းတကျ ရပ်ထားတာ၊ ခင်ဗျားကားက စည်းကမ်းမရှိ ဝင်တိုက်တာ၊ မရွှေပိတောက်မှာ တာဝန်အပြည့်ရှိတယ်၊ လူဆိုတာ ကိုယ်လုပ်ခဲ့တဲ့ကိစ္စကို တာဝန်ယူစိတ်..."

"ကဲ... တော်ပါတော့၊ သွားမယ်"

ရွှေက ကားပေါ် ဆောင့်ခနဲတက်ထိုင်လိုက်တော့မှ ကျွန်တော်က "ဒီလိုမှပေါ့" ဟုပြောရင်း ကားတံခါးကို ပိတ်ပေးလိုက်သည်။

ဒီနားကလည်း မြန်မြန်သွားပါမှပဲ။ သို့မဟုတ်လျှင် လူတွေကလည်း ရွှေပိတောက်ကို ကြည့်လှပြီ။ ရွှေပိတောက်ပုံစံက ဆန်းကျယ်ထင်ရှားလွန်းတာမို့ နေရာတကာ လူကြည့်ခံရတတ်ပါသည်။ ဆံပင်ရှုပ်ပွတွေကြားက ဖူးနဖြူအိမ်နေတဲ့ မျက်နှာကလေး



www.burmeseclassic.com

www.burmeseclassic.com



ထင်းခနဲပေါ်လာတိုင်း ကျွန်တော်တောင် အငိုက်မိသလို ဖြစ်သွား တတ်သေးတာ။

ဘာပဲပြောပြော ကျွန်တော့်ကားမီးလုံးကွဲရတာလည်း တန်ပါသည်။ ရွှေနဲ့အတူ ပတ္တမြားဈေးထဲ၊ တာမွေဈေးထဲလျှောက် သွားနေတာနဲ့ကို တော်တော်တန်နေပြီ။ ခြင်းရင်းခုံရင်းကပဲ စကား တွေ အများကြီးပြောဖြစ်ကာ ရင်းနှီးလာခဲ့ရပြီ။ ဒီလောက်တန်တာ ရှိဦးမလား။

ကျွန်တော်က ကားမောင်းရင်း ရွှေကိုငဲ့ကြည့်ကာ...

"တော်တော် ပင်ပန်းနေပြီလား ရွှေပိတောက်"

"ပင်ပန်းတယ်၊ မြန်မြန်တွေ့ပါမှပဲ၊ ဘုရင့်နောင်မှာတော့ တွေ့ဖို့သေချာတယ် မဟုတ်လား"

"မပြောတတ်ဘူးလေ"

"ဟင်...ဒါဆို ဘုရင့်နောင်မှာ မတွေ့ရင် ဘယ်ထိ ဆက်ရှာ ဦးမှာလဲ"

"ကမ္ဘာဆုံးထိ"

"ဘာ..."

"နောက်တာပါဗျာ"

"နောက်စရာမဟုတ်ဘူး၊ အတည်ပြော"





"ဘုရင့်နောင်မှာတော့ တွေ့နိုင်ပါတယ်"

"ရှင်စီးတဲ့ကားကိုက မဟုတ်တာ၊ ရွှေ့ကားဆို တစ်ခုခု ဖြစ်ရင် ဘယ်တော့မှ ပင်ပင်ပန်းပန်း ရှာမဝယ်ရဘူး"

ကျွန်တော်ကတော့ ပင်ပန်းတယ်လို့ သဘောမထား ပါဘူး ရွှေ။ ရွှေ့ရှိနေတာပဲ။ ကျွန်တော့်ကားထဲမှာ ရွှေပါနေတဲ့ အတွက် နေကတောင် သိပ်မပူတော့ဘူး၊ အပြင်မှာ ဘယ်လောက် ပူပူ ကျွန်တော့်ကားထဲမှာတော့ ရာသီဥတု သာယာနေသားပဲ။

ကျွန်တော်က စိတ်ထဲကကျိတ်ပြောရင်း ဘုရင့်နောင် ကို ပစ်ကနစ်ထွက်လာရသလိုမျိုး ရင်ထဲမှာ ပျော်ရွှင်နေမိပါသည်။ ရွှေနဲ့တွေ့ကတည်းက ရင်ထဲမှာ တက်ကြွလန်းဆန်းနေခဲ့တာ ဖြစ်သည်။

ဘုရင့်နောင်ရောက်တော့ မီးလုံးကာဗာကိုရှာတွေ့ သွားပါသည်။ ဆိုင်ရှင်က ပစ္စည်းကို ဈေးကိုင်ချင်သောသဘော ဖြင့်...

"ဒီတစ်ခုပဲရှိတာ ... အော်ရိဂျင်နယ်ပဲ"

"ဈေးက ဘယ်လောက်လဲ"

"တစ်သိန်းပဲ ပေး"

"ဟာ...များလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ပစ္စည်းက ရှားတယ်လေ၊ ကံကောင်းလို့ တွေ့တာ"

"သုံးသောင်းပဲ ပေးမယ်"

"ဟာ...အဲဒီလောက်တော့ မလျှော့နိုင်ဘူး"

"မရရင် မယူဘူး"

"ရှစ်သောင်းတော့ ထားပေးလိုက်မယ်"

"မပေးနိုင်ဘူးဗျာ"

"က...ခုနစ်သောင်းနဲ့ ယူသွား"

"များသေးတယ်"

"ကဲ...ကဲ ခြောက်သောင်းနဲ့ လုပ်ပေးလိုက်ပါ့မယ်"

"သုံးသောင်းပဲ ပေးနိုင်မယ်ဗျာ"

"ဟာ...အဲဒါကတော့ နည်းလွန်းပါတယ်ဗျာ၊ ငါးသောင်းတော့ ပေးသွားပါ"

"မရရင် မယူရုံဘဲပေါ့ဗျာ"

"ဒါဆိုလည်း ရှာကြည့်လိုက်လေ"

ကျွန်တော် ဆိုင်ထဲက ထွက်လာတော့ ရွှေက ကျွန်တော့်နောက် အမီလိုက်လာကာ...

"ဒါက ဘယ်လဲ..."





"လိုက်ရှာဦးမယ်လေ"

"အမလေး...တော်ပါတော့၊ မလိုက်နိုင်တော့ဘူး၊ ဒါပဲ ယူလိုက်ပါ"

"ဈေးကြီးတယ်"

"ပိုက်ဆံပေးရမယ့်သူက ရွှေပါ၊ ပိုက်ဆံတစ်သောင်း နှစ်သောင်းအတွက် ရွှေဆက်ပြီး မပင်ပန်းချင်တော့ဘူး ကိုလင်းရိပ်၊ ရွှေက ဒီလိုနေရာမျိုးတွေ လျှောက်သွားဖူးတာ မဟုတ်ဘူး၊ ရွှေ့ခြေထောက်တွေလည်း အရမ်းနာနေပြီ"

"ဖိနပ်အမြင့်ကြီး စီးလာတာကိုး"

"ရွှေက ရှင်နဲ့ ဒီလိုသွားရမယ်မှန်းမှ မသိတာ၊ ပြီးတော့ ရွှေ ရန်ကင်းစင်တာကနေ လိုက်လာရတာ၊ အိမ်ပြန်ဖိနပ်လဲဖို့မှ အချိန်မရတာ"

ကျွန်တော် ရွှေ့ကို နည်းနည်း သနားသွားသည်။ ကျွန်တော် အချစ်စမ်းတာနဲ့ သူပင်ပန်းနေပြီ။ သူ့မျက်နှာလေးပင် နီရဲနေကာ ချွေးဥကလေးတွေ နဖူးနှင့်နှာခေါင်းထိပ်မှာ သီးနေသည်။

"ဆောရီးပဲ၊ ကျွန်တော် အလိုက်မသိသလိုဖြစ်သွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့အဖို့တော့ ဒီလောက်နဲ့ပဲ အဆုံးသတ်ပြီး ပြန်ကြတာပေါ့၊ ရွှေပိတောက်လည်း ပင်ပန်းနေပြီဆိုတော့လေ"

"ဟင်...ဒီနေ့အဖို့ဆိုတော့ ကိစ္စက ဒီမီးခွက်ရတာတောင် မပြတ်သေးတဲ့ သဘောလား"

"ကားက ပါးခြမ်းနည်းနည်းထိသွားသေးတယ်လေ မရွှေပိတောက်ရဲ့၊ မနက်ဖြန် ဆော်ဒီရုံသွားရဦးမယ်"

"အံမလေး...သေချင်တာပဲ"

အချစ်ကို ခံစားမိရင်တော့ 'သေ' ချင်တာကနေ 'နေ' ချင်တာ ဖြစ်လာမှာပါ ရွှေ...။ သည်းခံလိုက်ပါဦး...။ ရင်းနှီးမှုရဖို့ အစပျိုးတုန်း ကာလလေးမို့ပါ။

ရွှေပင်ပန်းတာကိုကြည့်ပြီး ကျွန်တော် နောင်တရသလိုဖြစ်မိ၏။ ဒီနည်းလမ်းကိုသုံးတာ မှားသွားပြီလား။ ဒီနည်းမှ မသုံးရင်လည်း ရွှေ့လို ဆတ်ဆတ်ကြဲကို ဘယ်လိုနီးစပ်အောင် လုပ်ရမလဲ။

"ကျွတ်...ကျွတ်..."

ရွှေ့ထံက တကျွတ်ကျွတ် စုပ်သပ်သံကြားလို့ ကျွန်တော် လှည့်ကြည့်တော့ မျက်မှောင်ကြုတ်ရင်း ခပ်ဖြည်းဖြည်း လျှောက်နေသော ရွှေ့ပုံစံလေးက သနားစဖွယ်။





"ဘာဖြစ်လို့လဲ မရွှေပိတောက်"

"ခြေထောက် နာလို့ပေါ့ရှင်..."

"လာ...လာ ကားပေါ်တက်တော့၊ ကျွန်တော် ပြန်လိုက်ပို့ပေးမယ်"

ကျွန်တော်က ကားတံခါးကို မျှာမျှာသလဲဖွင့်ပေးပြီး ရွှေ့ကို ထိုင်စေလိုက်သည်။

ဗစ်တိုးရီးယားကုန်တိုက်ရှေ့ရောက်တော့ ကားခဏရပ်ကာ...

"ရွှေပိတောက် ကားပေါ်မှာပဲ ခဏလေး နေဦးနော်၊ ကျွန်တော် ဝယ်စရာလေးရှိလို့၊ ငါးမိနစ်ပဲစောင့်"

ကျွန်တော်က ကုန်တိုက်ထဲ အမြန်ပြေးဝင်ပြီး ရွှေဖို့ ဖိနပ်ပါးပါးလေးတစ်ရံရယ်၊ ရွှေစားဖို့ ပန်းသီးတစ်လုံးရယ်၊ ကုတ်တစ်ဘူးရယ်၊ ရေညှိထမင်းလိပ် ရယ်ဒီမိတ်ရယ်ဝယ်ပြီး ပြန်ထွက်လာခဲ့သည်။

"ဒီမှာ ရွှေပိတောက်...ခြေထောက်နာနေရင် လဲစီးဖို့ ဖိနပ်ပါးကလေး ဝယ်ခဲ့တယ်၊ လောလောဆယ် ခြေထောက် ပွန်းနေရင်လည်း ဖိနပ်ပါးနဲ့ဆို သက်သာတာပေါ့၊ ဒါက



www.burmeseclassic.com

www.burmeseclassic.com



မရှေ့ပိတောက် ဗိုက်ဆာနေမလားလို့ အဆာပြေစားရအောင် ဝင်ဝယ်လာတာ”

ရွှေက ကျွန်တော့်ကို စွေကြည့်ရင်း…

“မထင်ရဘူးနော်”

“ဘာကိုလဲ”

“ရှင်က မိန်းကလေးတစ်ယောက်ကိုတောင် လိုက်တွက်ကပ်နေတတ်တဲ့လူမျိုးဆိုတော့ ဘာမဆို အာညာအတာကင်းမဲ့ မယ်ပဲထင်တာ၊ ခုတော့လည်း စာနာ အလိုက်သိတတ်သားပဲ၊ ကျေးဇူးပဲ…”

လမ်းတစ်လျှောက်လုံး အနုတ်လက္ခဏာပြလာပြီးခုမှ အမှတ်ကလေးတစ်မှတ် ပေးလိုက်ပုံရပါသည်။

ရွှေ့ပုံစံကလေးက ပြုံးတုံ့တုံ့လေးလိုဖြစ်နေတာမို့ အဲဒီပုံလေးကို ခိုးကြည့်ရင်း ကျွန်တော် ရင်တွေဘာတွေ ခုန်လာသည်။





# ကျွန်တော်နှင့် မနက်ဂျူတီ၊ ညနေဂျူတီများ

www.burmeseclassic.com

www.burmeseclassic.com



အချိန် . . . မနက်ပိုင်း
နေရာ . . . လှည်းတန်းလမ်းဆုံ။

ကျွန်တော်သည် လှည်းတန်းလမ်း ငါးခွဆုံရာ မီးပွိုင့်ကိုဖြတ်ကူးဖို့ကြိုးစားနေသော မေ့ရှေ့မှ ရင်ကော့၍ ကာကွယ်စောင့်ရှောက်လျက် ရှိလေသည်။

"မေ့ . . . စိတ်သိပ်မစောနဲ့နော်၊ ကားရှင်းတာ သေချာမှကူး၊ မေ့ နေဦး၊ ဟိုမှာ ကားလာနေတယ်၊ လာ . . . လာ ကိုယ့်လက်ကို တွဲကူး . . ."

မေ့က လမ်းခွကျွန်းမှာရပ်နေရင်း ကျွန်တော့်လက်ကို အားကိုးတကြီး လာတွဲတော့ ကျွန်တော့်ရင်ဘတ်ထဲမှာ ကုလားလေးတွေ ဗုံတီးသွားပါသည်။

ဒီခွင်ကလည်း ကျွန်တော်ဆင်သည့်ခွင်ဖြစ်ပါသည်။

နိုး မိုး ၈၁.၁၀

www.burmeseclassic.com

www.burmeseclassic.com



မွေ့က ကျွန်တော့်ကားကို အမြဲလိုက်စီးဖို့ ငြင်းဆန်ပြီး ကျောင်းမှ သူမအိမ်သို့ လှည်းတန်းလမ်းဆုံကို ဖြတ်ကူးကာ လမ်းလျှောက် ပြန်တတ်တာမို့ ကျွန်တော်ကလည်း မွေ့နှင့်အတူ လမ်းလျှောက် ရတော့တာပင်။

မွေ့သည် ကားအရှင်းကိုစောင့်ရင်း ကျွန်တော့်ကို မော့ကြည့်ရင်း...

"အရင်က မွေ့တစ်ယောက်တည်း လမ်းဖြတ်ကူးပြီး ပြန်နေကျပါ၊ ရှင်အစိုးရိမ်လွန်ပြီး အော်ဟစ်နေတော့မှ မွေ့လည်း ကြောင်ပြီး လန့်သွားတယ်၊ နေပါဦး...ကိုလင်းရိပ်က ဒီနေ့လည်း မွေ့နဲ့ လမ်းကြုံနေတာပဲလား"

"ကြုံတယ်လေ...၊ ကျောင်းထဲက သူငယ်ချင်းက မနက်တိုင်း သူ့ဆီလာပြီး စကားပြောရအောင်ဆိုလို့ မနက်တိုင်း လာနေရတာ၊ ဒီကောင်နဲ့က ဆိုးတိုင်ပင် ကောင်းတိုင်ပင် အရမ်းခင်တာ၊ ကွဲနေတာလည်း ကြာပြီဆိုတော့ ခုမှ အတိုးချပြီး စကားပြောရတာ၊ ပြီးတော့ ဒီကောင်က နည်းနည်း စိတ်ဓာတ်ကျချင်သလိုဖြစ်ပြီး စကားပြောဖို့ အဖော်လိုအပ်တာနဲ့ လာလာပြောပေးနေရတာ"

"သြော်...သြော်...သူငယ်ချင်းကို တော်တော်ချစ်ပုံပဲနော်"





"ဟုတ်တယ် မွေ့၊ ကျွန်တော်က အရမ်းသံယောဇဉ်ကြီးတတ်တဲ့သူမျိုးပဲ၊ ချစ်မိပြီဆိုရင် ဘယ်တော့မှ မမေ့တော့ဘူး၊ ကိုယ်ချစ်ခင် သံယောဇဉ်ရှိမိတဲ့သူအတွက်ဆိုရင် ဘာတွေပဲ ပေးဆပ် ပေးဆပ်ရ မငြီးငြင်ဘူး"

"ဒါနဲ့...ကိုလင်းရိပ် ခုတလော ဘာဖြစ်လို့ ကားယူမလာတာလဲ..."

"ကားက မီးလုံးကွဲပြီး ပါးခြမ်း ပြန်ထုရမှာလေ၊ တစ်ကားလုံးလည်း တစ်လက်စတည်း ဆေးပြန်မှုတ်မလို့ ဘော်ဒီရုံပို့ထားတာ၊ တစ်လလောက်ကြာမှ ပြန်ရမှာ မွေ့ရဲ့..."

"ကိုလင်းရိပ်က ကျောင်းကပြန်ရင် မွေ့တို့ လှည်းတန်းဘက်ခြမ်းကို နေ့တိုင်း ဘာသွားသွားလုပ်ရတာလဲ"

"မွေ့တို့လမ်းထဲက ကျွန်တော့်သူငယ်ချင်းကလည်း နေသိပ်မကောင်းဘူးလေ...၊ သူ့ဆီလည်း တလက်စတည်း ကြုံတုန်း ဝင်ဝင်ပြီး အားပေးနေရတာ၊ ဒီကောင်က နာတာရှည်ဆိုတော့...အမြဲသွားပြီး အားပေးဖို့ လိုတယ် မဟုတ်လား"

"ဘာရောဂါမို့လို့လဲ..."

"ဟို...A...AIDS..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟုတ်လား ဖြစ်မှ ဖြစ်ရလေ ...၊ ကိုလင်းရိပ် သူငယ်ချင်းက မွေ့တယ်ထင်တယ် ဟုတ်လား"

"ဟာ ... မဟုတ်ရပါဘူးဗျာ၊ သူများ ကိုယ်ရေးကိုယ်တာကို မပြောချင်ပါဘူး၊ ဒါပေမယ့် ဒီကောင် မမွေ့တာတော့ သေချာတယ်၊ ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံး ဘယ်သူမှ မမွေ့ကြပါဘူး"

ကျွန်တော့်မှာ ကြိတ်နှင်းလေး ရသလောက် အမှတ်ဝင်ယူရပါသည်။

"သူငယ်ချင်း နာမည်က ဘယ်သူလဲဟင် ..."

"ဟို ... အင်း ... ဗ ... ဗညား ..."

"မွေ့တို့ လမ်းထဲမှာ အဲဒီနာမည်မျိုးတော့ မကြားဖူးဘူး၊ အင်းလေ ... မွေ့ မသိလို့ဘဲနေမှာပါ၊ ကိုလင်းရိပ်လည်း ဒါနဲ့ပဲ မနက် ကျောင်းလာ၊ ပြီးတော့ ... မွေ့တို့လမ်းထဲလာနဲ့ အမြဲလမ်းကြုံနေတော့တာပေါ့နော် ..."

"ဒါပေါ့ ... မွေ့ရဲ့၊ လမ်းကကြုံနေတာဆိုတော့ မွေ့နဲ့လည်း အမြဲတွေ့နေတော့တာပေါ့"

"တနင်္လာနေ့တိုင်းလည်း ဘုရားကို လမ်းကြုံနေပြန်တာပဲနော်"





"ရေစက်ပေါ့ မွေ့ရယ် ... ရေစက်ဆိုတာ ရှောင်လွှဲလို့မရပါဘူး"

"အရမ်းထူးဆန်းတဲ့ လမ်းကြုံမှုပဲနော်"

"ဟော ... ကားရှင်း နေပြီ မွေ့၊ ကူးရအောင်"

"ဟင် ... သိဝ်မရှင်းသေးပါဘူး၊ မွေ့က အရမ်းရှင်းမှ ကူးတာ"

"လာပါ ... ကျွန်တော့်လက်ကိုသာ မြဲမြဲကိုင်ထား၊ မွေ့ ဘာမှမဖြစ်စေရဘူး၊ အာမခံတယ်"

မွေ့က ကျွန်တော့်လက်ကို မြဲမြဲကိုင်ထားလိုက်တာမို့ ကျွန်တော်က ရင်ထဲက ဗုံသံတွေနှင့်အတူ လမ်းဖြတ်ကူးလာခဲ့ရလေသည်။

လမ်းအတူလျှောက်လာရင်း မွေ့က စကားဆက်ပြန်သည်။

"ဒါနဲ့ ခုန ဗညားဆိုတာကို အခု ဘယ်လိုကုနေလဲဟင်"

"ဟိုလေ ... ARV ဆေးဆိုလား၊ အဲဒါ တိုက်နေတယ်"

ခွင့်လွှတ်ဘော့ ဗညားရေ၊ ကိုယ့်ပါးစပ်က မင်းနာမည်ပဲ စွဲနေလို့ပါ။

"ကျောင်းထဲက သူငယ်ချင်းကရော ဘာရောဂါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရောဂါကလား ... TB လေ၊ တီဘီလေ ... dots နည်းနဲ့ ကုနေတာ၊ ခြောက်လ ဆေးသောက်ရမယ်၊ ဒီကောင်က တီဘီမှန်းသိတာနဲ့ စိတ်ဓာတ်ကျနေလို့ လာလာ ဆွေးနွေး နှစ်သိမ့်နေရတာ ..."

ကျွန်တော်က ကြားဖူးနားဝနှင့် ရမ်းတုတ်လိုက် ရပါသည်။

"ကျောင်းထဲကဆိုတော့ မွေ့များ သိမလား မသိဘူး၊ နာမည်က ဘယ်သူလဲ"

"နာမည်ကလား ... ဝေယံတဲ့ ..."

ခွင့်လွှတ်တော့ ဝေယံရေ ...။

"ဩော် ... ဒီနာမည်တော့ မွေ့ မသိဘူး"

မသိလို့ တော်သေးတာပေါ့။

အဲဒီလို ကျွန်တော်တို့ နှစ်ယောက် စကားတပြော ပြောနှင့် လမ်းလျှောက်ရင်း ... လမ်းဖြတ်ကူးရင်း ကျွန်တော့် လုပ်ဓာတ်တွေကို မွေ့က ယုံတဲ့အခါယုံရင်း မယုံတဲ့အခါ မယုံရင်း၊ စကားပြောရင်း ကြုံရင်ကြုံသလို ကျွန်တော်က အမှတ်ဝင်ယူရင်း မွေ့ရင်ထဲကို စကားလုံးလေးတွေ မသိမသာ ပစ်ပစ်သွင်းရင်း ရင်းနှီးလာပါသည်။





တကယ်တော့ ကိုယ်ကြိုက်တဲ့ မိန်းကလေး တစ်ယောက်က ကိုယ့်ကိုကြိုက်လာအောင် ဖန်တီးရတယ်ဆိုတာ တော်တော်ပညာသားပါသည့် ကိစ္စမျိုးပင်။

အချိန်လည်း ကုန်ပါသည်။

ငွေလည်း ကုန်ပါသည်။

ကိုယ်လုပ်နေမကျသည့် ကိစ္စတွေကို လိုက်လုပ်ရတာလည်း တော်တော် ပင်ပန်းပါသည်။

ကျွန်တော် ပညာရှိ မဟုတ်ပါ။

သို့သော် အဆိုအမိန့် တစ်ခုတော့ ထားခဲ့ချင်ပါသည်။

*'မပင်ပန်းဘဲ အချစ်ကို မရနိုင်'* ။



www.burmeseclassic.com

www.burmeseclassic.com



"ညနေပိုင်း"

ဒီနေ့ညနေပိုင်းမှာ ရွှေကို ဒဂုံစင်တာရှေ့မှာ ဝင်ခေါ်ကာ ကားဘော်ဒီရုံသို့ သွားရမည် ဖြစ်လေသည်။ ကျွန်တော်က ရွှေ စားဖို့သောက်ဖို့ ပစ္စည်းပစ္စယတွေကို ခြင်းတောင်းနှင့် ထည့်ကာ ယူလာခဲ့သည်။

ရွှေက ကားတံခါးကို ခပ်သွက်သွက် ဆွဲဖွင့်ပြီး ကားထဲဝင်ထိုင်၏။ ရွှေရဲ့ ဆံပင်လေးတွေက ကျွန်တော့်နားမှာ ဝေ့ခနဲဖြစ်သွား၏။ မွှေးရနံ့လေးကလည်း ကားအတွင်းမှာ သင်းပျံ့သွား၏။ ရွှေ့ပုံစံက သွက်သွက်လက်လက် ရှိလှတာမို့ သူနဲ့တွေ့ ပိုင်း ကျွန်တော့်စိတ်တွေ ရွှင်တပျပျ ဖြစ်ရလေသည်။

ကားပေါ်ရောက်တာနှင့် ရွှေက ကျွန်တော့် ခြင်းတောင်းကြီးကို မြင်သွားကာ...





"ဒါ ဘာတွေလဲ..."

ဟု မေး၏။ ကျွန်တော်ကလည်း ပြောချင်နေတာနဲ့ တော်ပဲ ဖြစ်သွားကာ...

"မရွှေပိတောက်အတွက် လိုအပ်တာလေးတွေ ထည့်လာတာလေ၊ ရေသန့်ဘူး၊ ကော်ဖီဘူး၊ ထမင်းချိုင့်၊ အချဉ်ထုပ်၊ ယပ်တောင်..."

"ဟင်... ဒီလောက်အများကြီးကို ဘာလုပ်ရမှာလဲ... ပျော်ပွဲစား ထွက်တာကျနေတာပဲ၊ ကုန်ကျစရိတ် ညှိပြီး ကားကို ဘော်ဒီရုံမှာ အပ်ခဲ့ရုံပဲ မဟုတ်လား"

"အဲဒီလို မရဘူးလေ ရွှေပိတောက်ရယ်၊ ဘော်ဒီရုံဆိုတာ ပိုင်ရှင်က သွားစောင့်ကြည့်မနေရင် ဖြစ်သလို လုပ်ပေးလိုက်မှာပဲ...၊ ဒီအတိုင်း ထားခဲ့ရင် ဟုစ်စစီဖြစ်သွားမှာပေါ့၊ မျက်စိဒေါက်ထောက် စောင့်ကြည့်နိုင်မှ အဆင်ပြေရုံ ရှိတာ..."

"ဟင်... ဒါဆို ရွှေက တစ်နေကုန် ဘော်ဒီရုံမှာ ထိုင်စောင့်ကြည့်နေရမှာလား"

"ရွှေပိတောက် တစ်ယောက်တည်း စောင့်ရမှာမဟုတ်ပါဘူး၊ ကျွန်တော်လည်း ပါမှာပဲဟာ၊ ပြီးတော့ ဒီမှာကည်း



www.burmeseclassic.com

www.burmeseclassic.com



ရွှေပိတောက် ဖိုက်ဆာရင် စားဖို့ကအစ အိုက်ရင် ခတ်ဖို့ ယပ်တောင်အဆုံး အစစ အဆင်ပြေအောင် ထည့်လာခဲ့တာပဲ"

"အို ... တစ်နေ့လုံးကြီး စောင့်မနေနိုင်ပါဘူး၊ ရွှေ့ကား တောင် ဆေးမှုတ်ဖို့ အပ်ထားတာပဲ၊ ရွှေ သွားစောင့်ကြည့် မနေပါဘူး"

"ကျွန်တော့် ကားက ဆေးမှုတ်ရုံ မဟုတ်ဘူးလေ၊ ပါးခြမ်းပါ ပြန်ထုရမှာ ..."

"ဒါဆိုလည်း ရှင်ပဲ စောင့်ကြည့်ပေါ့၊ ရွှေကတော့ ပေးစရာရှိတဲ့ ဖိုက်ဆံပေးပြီးရင် ပြန်မှာပဲ၊ ရှင် နှိပ်စက်တာ များနေပြီ၊ မနေ့ကလည်း တစ်နေ့လုံး မီးလုံးလိုက်ရှာရတာ၊ နေကပူ၊ Aircon က မအေးနဲ့ လူလည်း သေချင်စော်နံတာပဲ ..."

"ဒါကတော့ မရွှေပိတောက်ရယ် ... တရားသဖြင့် ဖြစ်စေချင်တယ်ဆိုရင် မရွှေပိတောက်လည်း လိုက်သင့်တာပေါ့၊ ဒီကိစ္စတွေအားလုံး ဖြစ်လာရတာလည်း မရွှေပိတောက်ကြောင့်ပဲ မဟုတ်လား ..."





"ဟုတ်ပါတယ် ... ဟုတ်ပါတယ်၊ ဒါကြောင့်ပဲ ရွှေကလည်း ဒီလောက်ထိ သည်းခံနေတာပါ၊ ကဲ ... ဘော်ဒီရုံကို မောင်းတော်မူပါ"

ကျွန်တော်က ရွှေ မသိအောင် ပြုံးရင်း ကားကို အဝေးတကာ့ အဝေးဆုံး ဘော်ဒီရုံသို့ မောင်းလာခဲ့လေသည်။

"နေပါဦး ... ဘော်ဒီရုံက ဘယ်မှာမို့လို့လဲ ..."

"စော်ဘွားကြီးကုန်းမှာ ..."

"အမလေး ... ဝေးလိုက်တာ၊ နီးနီးနားနား ဘော်ဒီရုံ မရှိဘူးလား"

"ဟိုဘော်ဒီရုံက ကျွန်တော့် အသိဆိုတော့ ပိုအဆင်ပြေမလားလို့ပါ"

ရွှေက ဘာမှမပြောတော့ချေ။ သို့သော် သိပ်တော့ ကျေနပ်ပုံ မရ ... ။

ဘော်ဒီရုံရောက်တော့ ကျွန်တော်က ဘော်ဒီဆရာနှင့် ပြောဆိုဈေးညှိပြီး အရိပ်ကောင်းသော သစ်ပင်ရိပ်မှာ ပါလာသော ပလတ်စတစ်ဖျာလေးကို ဖြန့်ခင်းပေးလိုက်ပါသည်။

"မရွှေပိတောက် လာ ... ဒီမှာထိုင်၊ ဒီက အေးတယ်၊ လေလေး တဖြူးဖြူးနဲ့ ... သာယာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေက ဖျာပေါ်မှာ လာထိုင်တော့ ကျွန်တော်က ခြင်းတောင်းသွားယူကာ ပစ္စည်းတွေ ထုတ်ချရင်း ...

"ရော့ ... မရွှေပိတောက် ... ရေသောက်လိုက်ဦး၊ ဆာရင် စားနော် ... ဘာမှအားမနာနဲ့ ..."

"အိုက်လိုက်တာ ..."

"ဘာမှမပူနဲ့၊ ပန်ကာပါတယ်"

ကျွန်တော်က ယပ်တောင် လှမ်းယူကာ တဖျပ်ဖျပ် ခတ်ပေးလိုက်တော့ ရွှေက ကျွန်တော့်ကို မသက်သာသလို ကြည့်ကာ ငြိမ်သွားသည်။ ပြီးတော့မှ ကျွန်တော့် မျက်နှာကို လက်ညှိုးနှင့် ဆတ်ခနဲ ထိုးပြကာ ...

"ရှင့်အကြံ ရွှေ ရိပ်မိပြီ"

"ခင်ဗျာ ..."

"ရှင် မှန်မှန်ပြော၊ ရွှေ့ကားနဲ့ ရှင့်ကားကို တိုက်ခဲ့မိလို့ ရွှေကို ဒီလိုတွေလုပ်ခိုင်းနေတာလား၊ ရွှေ့ကို ရှင်နဲ့အတူ ရှိနေစေချင်လို့ ဒီလိုတွေ ပေရှည်နေတာလား ..."

ရွှေ့ မေးခွန်းက ပွင့်လင်းတာမို့ ကျွန်တော် ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ ပြီးတော့မှ 'မထူးတော့ပါဘူး' ဟု အားမွေးကာ ...





"ဟဲ ... ဟဲ ... ရွှေပိတောက် ပြောတဲ့ ဒုတိယ အချက် အတိုင်းပါပဲ"

ဟု ဝန်ခံလိုက်လေသည်။ ရွှေများ စိတ်ဆိုးသွားမလားဟု ရွှေ့မျက်နှာကို ခိုးကြည့်မိ၏။

ရွှေက ခပ်တည်တည်ကြီး လုပ်နေ၏။

"စိတ်မဆိုးပါနဲ့ ရွှေပိတောက်ရယ် ... ကျွန်တော်လည်း ရွှေပိတောက်နဲ့ ခင်ချင်လို့ ကြံမိကြံရာ ကြံမိတာပါ၊ တမင် နှိပ်စက်တယ်လို့ မထင်ပါနဲ့၊ ရွှေပိတောက်နဲ့ ကျွန်တော် သူငယ်ချင်းတွေ ဖြစ်သွားရင် ရွှေပိတောက် ပင်ပန်းခဲ့ရသမျှ အတွက် ကျွန်တော့်ဘက်က အတိုးချပြီး ဆပ်ပါ့မယ်၊ ခိုင်းသမျှ လုပ်ပါ့မယ်"

ရွှေသည် တည်ရာမှ တဖြည်းဖြည်း ရယ်လာရင်း ...

"ရှင်ဟာ တော်တော် ရယ်စရာကောင်းတဲ့ လူ"

ရွှေ့ အရယ်အမောမှာ ကျွန်တော် အသည်းခိုက်သွားသည်။ ရွှေ စိတ်မဆိုးဘူးပေါ့ ...။

"မရွှေပိတောက်လို့ ခေါ်ရတာ မောရောပေါ့၊ ရွှေလို့ပဲ ခေါ်ချင်ခေါ်ပေါ့၊ ဟုတ်ပြီလား"

"ဟုတ် ... ဟုတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရဲ့ မထုင်မှတ်သော တုံ့ပြန်မှုအောက်မှ ကျွန်တော် ခဏတော့ ငြိမ်သက်သွားရပါသည်။

ကိုယ်ကြိုက်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ အတွင်းသဘောကို စောကြောရတာဟာ တော်တော် မလွယ်သည့် အလုပ်ဖြစ်ပါသည်။

ကျွန်တော် ပညာရှိ မဟုတ်ပါ။

လို့သော် အဆိုအမိန့် တစ်ခုတော့ ထားခဲ့ချင်ပါသည်။

*'မိန်းမတို့၏ စိတ်သည် မှန်းဆရအခက်ဆုံးတည်း'* ။





ခုတော့ ကျွန်တော့်ရဲ့ နှစ်မျိုးနှစ်ခွ ကိစ္စလေးများသည် အိုကေမှာ ရိုပြည်လျက်ရှိလေသည်။

မေမေ ဆိုမိန့်တဲ့အတိုင်း ကိစ္စနှစ်ခုကို စနစ်တကျ စီမံခန့်ခွဲကာ တစ်ပြိုင်တည်း အလုပ်ဖြစ်လျက်ရှိ၏။

မနက်ပိုင်းတွင် ကျွန်တော်သည် မေ့ကို ကျောင်းပို့ ကျောင်းကြို လုပ်ပေးခြင်း၊ တစ်ဆိုင်ဆိုင်မှာ မုန့်စားဖြစ်ကြခြင်း၊ တနင်္လာနေ့ မနက်တိုင်းမှာ ဘုရားတက်ခြင်းတို့ဖြင့် ကုန်ဆုံးစေပြီး မေ့ထံမှ ရင်းနှီးခင်မင်မှုကို ရခဲ့ပြီဖြစ်၏။

ညနေပိုင်းများတွင်တော့ မကြာခဏဆိုသလို ရွှေနှင့် ချိန်းကာ မုန့်အတူသွားစားခြင်း၊ အာလူးဖုတ်ခြင်း၊ ရွှေခိုင်းတာလေးတွေ လုပ်ပေးခြင်းဖြင့် ရွှေ့ကို မျက်နှာလုပ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မွေ့နဲ့ ရွှေတို့ဟာ ကျွန်တော့် ရင်ဘတ်ရဲ့ ဘယ်နဲ့ ညာမှာ သီးသန့်စီ ဖြစ်တည်လျက်ရှိကြ၏။

နည်းနည်း ကျောချမ်းစရာကောင်းသော ကိစ္စတစ်ခုကို ရွှေ့ထံမှ ကြားရစဉ်ကတော့ ကျွန်တော် နည်းနည်း တုန်လှုပ်မိသေး၏။

တစ်နေ့မှာ ရွှေက ကျွန်တော့်ကို အသိပေးသည်မှာ

"လင်းရိပ်ကို ပြောမပြရသေးဘူးထင်တယ်နော်၊ ရွှေက ဖက်ရှင်ဆိုင်လေးတစ်ခု ဖွင့်ထားတယ် လင်းရိပ်ရဲ့ ..."

"ဟုတ်လား ... ရွှေက ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးတောင် လုပ်နေပြီပဲ၊ ဆိုင်က ဘယ်မှာလဲ ... ကိုယ်လည်း လာအားပေးမယ်လေ ..."

"ဆိုင်က လှည်းတန်းမှာလေ ..."

"လှည်းတန်းမှာ !"

ကျွန်တော့် ရင်ထဲမှာ ဒိန်းခနဲ အချက်ပေး ခေါင်းလောင်းသံကြီး မြည်ဟည်းသွားရ၏။ ဘုရား ... ဘုရား ... အသည်းယားစရာ ကောင်းလိုက်တာ။ အန္တရာယ်ကြီးလိုက်တာ ... ။ တကယ့်ကို သိသိလေး ... ။

လှည်းတန်းဆိုတာ ကျွန်တော်နဲ့ မွေ့တို့ ခြေရာတွေ





ထပ်ခဲ့တဲ့ နေရာ ... ။ မွေ့အိမ်နဲ့ အနီးဆုံးနေရာ။ ခုလိုဆိုတော့ လှည်းတန်းသည် ကျွန်တော့်အတွက် အန္တရာယ်ဇုန် ဖြစ်လို့နေသည်။

"လှည်းတန်းက စည်ကားပြီး အချက်အချာကျလို့ ဆိုင်ဖွင့်ဖို့ ရွေးချယ်လိုက်တာလေ ..."

"လှည်းတန်းမှ ရွေးရသလား ရွှေရယ်၊ တခြား အချက်အချာကျတဲ့ နေရာတွေလည်း ရှိသားနဲ့ ..."

"လှည်းတန်းက ရွှေ့အိမ်နဲ့လည်း နီးတယ်လေ"

"ဟင် ... ဟုတ်လား၊ ရွှေ့အိမ်က ဘယ်မှာမို့လို့လဲ ..."

"အင်းလျားလမ်းသွယ်ထဲမှာ ..."

ကျွန်တော် ပင့်သက်ချရ၏။ အင်းလျားလမ်းသွယ်ဆိုတော့လှည်းတန်းရဲ့ တခြားတစ်ဖက်ခြမ်းမို့ တော်သေးသည်။ သို့သော် နည်းနည်းတော့ နီးနေသေးသည်။ ရွှေ့ကားနဲ့ လှည်းတန်းလမ်းဆုံကို ဖြတ်၍ ဆိုင်သို့သွားသည့်အခါ ကျောင်းထဲမှ ထွက်လာသော ကျွန်တော်နဲ့ မွေ့တို့ကို မြင်သွားနိုင်သည်။ မလွယ်ပါလား။ ကျွန်တော့်မှာ ဇောချွေးတွေတောင် ပြန်လာသည်။

သို့သော် ... မတတ်နိုင်။ ဘယ်ခြေရော ညာခြေပါ ဆုတ်လို့ မဖြစ်တော့ပြီမို့ ဆူးခြောင့်ရှောင်ပြီး ရှေ့ဆက်လျှောက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သာရှိသည်။ တစ်နေ့ရာရာမှာ ရှိနေနိုင်သည့် မြေမြှုပ်မိုင်းလို ပြဿနာမျိုးနှင့် တည့်တည့်တိုးလျှင်တော့ ကျွန်တော်လည်း တစ်စစီ ကျိုးပဲ့ဖို့သာ ရှိတော့၏။

"ရွှေကာ ဆိုင်မှာ ဘယ်အချိန်တွေ ရှိတတ်လဲ . . ."

"ရွှေက ၁၂ နာရီနောက်ပိုင်းပဲ ဆိုင်မှာရှိတာ၊ ဆိုင် အမြဲထိုင်တဲ့ ရွှေ့ဝန်ထမ်းတွေ ရှိတယ်လေ"

ဘုရားရေ . . . တော်ပါသေးရဲ့ဟု စိတ်သက်သာရာရ၏။ ဒီလိုဆိုရင်တော့ မနက်ပိုင်းတွေမှာ မွေ့နဲ့ လှည်းတန်းတစ်ဝိုက်မှာ ခြေရာထပ်လည်း ပြဿနာမရှိချေ။

"ရွှေ ဆိုင်ထိုင်ရမယ့် အချိန်တွေမှာ ရှင်နဲ့ ချိန်းချိန်းပြီး မုန့်စားနေတော့ ရွှေ့အလုပ်က လစ်ဟင်းတာပေါ့၊ နောက်ဆို ရွှေ့ကို တွေ့ချင်ရင် ဆိုင်ကိုပဲ လာတော့၊ ၁ နာရီနောက်ပိုင်း ရွှေ ဆိုင်မှာရှိမယ်"

အဲဒီအချိန်ဆို မွေ့က သူ့အိမ်နားက ကျောင်းသူနှစ်ယောက်ကို စာသင်ပေးသည့်အချိန်မို့ ပြဿနာမရှိ။

ကျွန်တော့်ရဲ့ နှစ်မျိုးနှစ်ခွ ကိစ္စဟာ အန္တရာယ်နှင့်နီးလာလိုက် . . . ဝေးသွားလိုက် ဖြစ်နေသည်။





လက်ရှိ အခြေအနေအရဆိုလျှင်တော့ ထူးကဲပြဿနာ မရှိဘဲ အဆင်ပြေလျက်ရှိ၏။

ပြတ်သားဖို့ လိုအပ်တာက ကျွန်တော့် ခံစားချက်သာ ဖြစ်သည်။

ကျွန်တော် ဘယ်သူ့ကို တကယ်ချစ်တာလဲ . . . ?

အဲဒါ ကျွန်တော် တကယ်မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



မွေ့ကို တွေ့ပြီးတော့လည်း ထပ်ထပ်တွေ့ချင်၏။

ရွှေ့ကို တွေ့ပြီးတော့လည်း ထပ်ထပ်တွေ့ချင်၏။

ဘယ်သူကို ပိုတွေ့ချင်သလဲ လာမမေးနဲ့၊ ကျွန်တော် မပြောတတ်ချေ။

ညရောက်တော့ မွေ့အကြောင်း တစ်လှည့်၊ ရွှေ့ အကြောင်း တစ်လှည့် စဉ်းစားရင်း ကြည်နူးကာ မနက်ဖြန်မှာ မွေ့နဲ့ မနက်ပိုင်းတွေ့ဖို့ စိတ်ကူးယဉ်ပြီး ညနေပိုင်းရောက်လျှင် ရွှေ့နဲ့တွေ့ဖို့ စိတ်ကူးယဉ်ကာ မနက်ရေချိန်၊ ညရေချိန် မျှမျှတတ ရေချိန်ကိုက်လျက် ရှိလေသည်။

ကျွန်တော့်ဘက်က ထိုသို့ နှစ်မျိုးနှစ်ခွ ရေချိန်ကိုက် လျက် ရှိချိန်တွင် ဗညားနဲ့ ဝေယံတို့ကလည်း တစ်မျိုးစီ သဘော ထား ကွဲလွဲကာ ကျွန်တော့်ကို တစ်လှည့်စီ ဆေးတီးလျက်ရှိ၏။





ဗညားက ကျွန်တော့်ဆီ ဖုန်းတခွမ်းခွမ်း ဆက်ကာ ...

“ဟေ့ကောင် လင်းရိုပ် ... ဘယ်လိုလဲ အခြေအနေ၊ မင်း ဖွင့်ပြောပြီးပြီလား”

“ဘယ်သူ့ကိုလဲ ...”

“မွေ့ကိုပေါ့ကွ၊ ငါက မွေ့ဘက်ကလေ ...”

“ရွှေက ဘာဖြစ်လို့လဲ ... ဒီလောက်မိုက်တာ”

“ဘာလဲ ... မင်းက ရွှေ့ကိုပဲ ကြိုက်တာလား”

“မဟုက်ပါဘူး ဗညားရာ”

“ဒါဆို မွေ့ကိုပဲပေါ့ ...”

“ဒါလည်း မဟုတ်သေးဘူး”

“ဟင် ... မင်းဟာက ဘာလဲ ...”

“တစ်ဦးချင်းစီကို မဟုတ်ဘူး၊ နှစ်ဦးစလုံးကို ကြိုက်နေ တယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ”

“မွေ့ကိုပဲလိုက်လို့ ငါပြောထားတယ်လေကွာ၊ မွေ့က မိန်းမ ပီသတယ်ကွ၊ မိန်းမဆိုတာ မိန်းမ ပီသမှပေါ့၊ အဲဒါမှ မင်း အေးအေးချမ်းချမ်း နေရမှာ”

“အေးချမ်းလွန်းပြီး ပျင်းစရာကောင်းသွားရင်ကော ...”



www.burmeseclassic.com

www.burmeseclassic.com



"မျော်စရာ ကြည်နူးစရာပဲ ဖြစ်လာမှာပါကွာ၊ ဟိုကောင် ဝေယံ မဲပေးနေတဲ့ ဒိုင်းနမိုက်မကို ကြိုက်မိရင်သာ မင်း ဒုက္ခရောက်မှာ..."

"မင်းတို့ကကွာ မြင်လည်း မမြင်ဖူးဘဲနဲ့၊ ရမ်းပြီး မဲတွေ ပေးနေလိုက်ကြတာ..."

"ဘာလို့ မမြင်ဖူးရမှာလဲ..."

"အံမယ် ငါလည်း မိတ်ဆက်မပေးဖူးဘဲနဲ့..."

"ငါတို့ မင်းကားနောက်က လိုက်ချောင်းရင်း မြင်ဖူးပြီး သွားပြီကွ..."

"မင်းနဲ့ ဝေယံ အတူချောင်းတာလား"

"အေး..."

"တည့်ပြင့် မဟည့်ဘဲနဲ့..."

"ဒီလိုကွ...မင်းက ဟိုတစ်ယောက် ဒီတစ်ယောက် မင်း ဘာသာ ဗျာများနေတဲ့အချိန်မှာ ငါနဲ့ ဝေယံကလည်း ဖုန်းနဲ့ ရန်ဖြစ်နေကြတာ၊ သူကလည်း မင်းကို ရွှေနဲ့ပဲ သဘောတူတယ်၊ ငါကလည်း မွေ့နဲ့ပဲပေါ့ကွာ၊ သူက ငါကို မွေ့နဲ့မတိုက်တွန်းဖို့ပြော၊ ငါက သူ့ကို ရွှေနဲ့ မတိုက်တွန်းဖို့ပြောပေါ့၊ နောက်တော့...ငါတို့ ထင်မြင်





ချက်တွေ ဝိုပြီး သေချာအောင်ဆိုပြီး မင်းကားနောက်က လိုက်ချောင်းရင်း မွေ့ကိုရော ရွှေကိုပါ တွေ့ဖူးသွားတာ၊ တွေ့ပြီးလည်း ငါတို့ဆန္ဒက အရင်အတိုင်းပဲ၊ ငါတို့ နှစ်ယောက် ကားထဲမှာစကားများရင်း လက်သီးနဲ့ ဘတပြန် ကျားတပြန် တီးထည့်လိုက်ကြသေးတယ်..."

"ဘာကောင်တွေလဲကွာ..."

"ဟေ့ကောင်...ငါပြောတာကိုပဲ နားထောင်ပါကွာ၊ မင်း မွေ့ကိုပြောလိုက်တော့...ဟုတ်ပြီလား"

ဗညားက ဖုန်းချသွားပြီး မကြာခင် ဝေယံက ဖုန်း က်ပြန်ကာ...

"ဟေ့ကောင်...ရွှေ့ကို ဖွင့်ပြောပြီးပြီလား"

"မပြောရသေးဘူး"

"လက်နှေးလိုက်တာကလည်း ချာလို့၊ ပြောတော့လေကွာ၊ သူများနောက် ပါသွားဦးမယ်"

"မွေ့ ရှိသေးတယ်လေကွာ..."

"မင်းက မွေ့ကို ပြောမလို့လား"

"ပြောချင်တာကတော့ နှစ်ယောက်စလုံးကိုပဲ၊ ငါ့ကိုယ်ငါ လည်း မသိတော့ဘူး၊ မွေ့ကိုပြောဖို့ကျ ရွှေ့ကိုအားနာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရွှေ့ကိုပြောဖို့ကျ ရွှေ့ကိုအားနာတယ်၊ ဘာလုပ်ရမှန်း မသိတော့ဘူး"

"ငါပြောတာ နားထောင်၊ ရွှေ့ကိုပဲ ပြော ... ကြားလား"

ဝေယံက ခွတ်အတင်း တိုက်တွန်းသွားပြန်သည်။

အဲဒီလိုမျိုး ဖုန်းဖြင့် တကျိကျိတိုက်တွန်းနေကြသည့် ဒီနှစ်ကောင်ကိုလည်း ကျွန်တော် စိတ်ပျက်မိပါသည်။

ဘာဖြစ်လို့များ 'နှစ်ယောက်စလုံးကို ပြော' လို့ ဘယ်သူကမှ မတိုက်တွန်းကြပါလိမ့်။





# အန္တရာယ်ဇုန်သို့ ကျရောက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... မွေ့"

"ဟယ် ... ရွှေ ..."

ရွှေ့ကို တွေ့ချင်နေတုန်းမှာပဲ ရွှေက ရောက်လာတာမို့ မွေ့ ပျော်သွားရပါသည်။

ရွှေနဲ့ မွေဟာ သိပ်ချစ်ကြတဲ့ သူငယ်ချင်း။ အတွင်းရေးကအစ ရင်ဖွင့်တိုင်ပင်လို့ ရတဲ့ သူငယ်ချင်းများပင်။ ကျောင်းပြီးသွားတဲ့နောက်ပိုင်းမှာ ရွှေက ဖက်ရှင်ဆိုင်ကလေးဖွင့်လိုက်ပြီး မွေ့ကတော့ ရန်ကုန်ကတ္တသိုလ်က ဒီပလိုမာ သင်တန်းတစ်ခုတက်ရင်း အိမ်နားပါးနီးက ကျောင်းသူကလေးတွေကို ကျူရှင်ပြပေးနေခဲ့သည်။

မွေ့က နယ်ဇာတိမို့ မွေ့အိမ်က ဝယ်ပေးထားတဲ့ လှည်းတန်း တိုက်ခန်းမှာ သူငယ်ချင်းတစ်ယောက်နှင့် အတူနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွှေကတော့ မိဘများ မရှိတော့ပေမယ့် ချမ်းသာသည့် အဘွားဖြစ်သူနှင့် အတူနေရတာမို့ အစစအရာရာ ပြည့်စုံပါသည်။ ရွှေ့အိမ်က အင်းလျားလမ်းသွယ်မှာ၊ မေ့အိမ်က လှည်းတန်းမှာမို့ မေ့တို့နှစ်ယောက် မကြာခဏ တွေ့ဖြစ်ကြသည်။ မေ့က ရွှေ့ကို တွေ့ချင်လျှင် ရွှေ့ဆိုင်ကို သွားဖြစ်ပြီး ရွှေကတော့ မေ့ကို တွေ့ချင်လျှင် မေ့အိမ်ကို လာလေ့ရှိပါသည်။ အချင်းချင်း ဘယ်သူက ဘယ်အချိန်ဆို ဘယ်နေရာမှာ ရှိတတ်သည်ဆိုသည့် အချိန်ဇယားကိုလည်း သိထားကြပါသည်။

မေ့နဲ့ ရွှေဟာ ဆယ်တန်းအောင်စ တက္ကသိုလ်တက်စအရွယ် ၁၇ နှစ်အရွယ်ကလေးတွေမှာ စ,တွေ့ခဲ့ကြတာပင် ...။ ပထမနှစ်ကတည်းက မေ့တို့ စတွဲဖြစ်ခဲ့ကြပြီး ၂၀ စွန်းစအရွယ် ကျောင်းပြီးကြတော့လည်း အတူတူ၊ ဘာအလုပ်မှ မလုပ်ကြသေးခင် လတ်လျားလတ်လျား သွားတုန်းကလည်း အတူတူ၊ အလုပ်လုပ်ဖြစ်ကြတော့မှသာ နေ့တိုင်း မတွေ့ဖြစ်ကြတော့တာ ဖြစ်သည်။

ခုတလောမှာမှ မေ့တို့နှစ်ယောက်ဟာ ဆက်ဆံရေး ကျဲသလိုလည်း ဖြစ်နေရပါသည်။

ရွှေကတော့ မသိ ... မေ့ကတော့ ရွှေ့ထံမှာ အာရုံမကပ်နိုင်အောင် အာရုံ ကစဉ့်ကလျား လွင့်ပါးနေခဲ့ပါသည်။





တရားခံက 'လင်းရိပ်ညို' ပေါ့။

ဘုရားမှာ ဆုံရာက စလို့ 'မေ့မိတ်ဆွေ' ခေါင်းစဉ်တပ်ကာ အစကတော့ 'မသိမသာ' နောက်တော့ သိသိသာသာ ချဉ်းကပ်လာခဲ့သော သူက မေ့အာရုံတွေကို သိသိသာသာ မွှေနှောက်နေခဲ့ပါသည်။

ခုတော့ မေ့နဲ့သူဟာ 'မိတ်ဆွေတွေ'။ သို့သော် သူ ဘာကိုဦးတည်နေသလဲဆိုတာ မေ့က ရိပ်မိပြီး တစ်နေ့ကို သေသေချာချာ ဦးတည်လာခဲ့ရင် မေ့ဘက်က ဘယ်လို တုံ့ပြန်ရမယ်ဆိုတာကို ဦးနှောက်စားနေခဲ့ရပါသည်။

မိန်းကလေးတို့ ထုံးစံ ... ကိုယ့်ကို စိတ်ဝင်စားသည့် ယောကျ်ားသနား ရှိပြီဆိုရင်၊ ကိုယ်ကလည်း စိတ်ဝင်စားမိပြီဆိုလျှင် ထိုအကြောင်းကို သူငယ်ချင်းထံ ရင်ဖွင့်ပြောပြတိုင်ပင်လိုတာမို့ ရွှေ့ကို တွေ့ချင်နေတုန်းမှာ ရွှေက ရောက်လာခဲ့တာပင်။

"ရွှေတို့ကတော့ ခုမှပဲ ပေါ်လာတော်မူတယ်ဟယ် ..."

"အံမယ် ... ငါ့ကိုပဲ ပြောမနေနဲ့၊ နင်ရော ဘာထူးလဲ ...၊ ဆိုင်လည်းမလာ၊ ဖုန်းလည်းမဆက်၊ ပျောက်ချက်သား ကောင်းနေလိုက်တာ၊ ငါမသိအောင် ဘာတွေ ကျိတ်လုပ်နေသလဲတောင် ထင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်တော့မလို့ပါပဲ ရွှေရဲ့၊ ဆက်မယ်ကြံတုန်း နင် ရောက်လာတာပါ၊ နင်ကရော ငါ့ကို ဘာလို့ ဖုန်းမဆက်သလဲ ..."

"ဟင်း ... ဟင်း ... အာရုံမရလို့ပါဟယ်၊ ငါလေ အာရုံသစ်နဲ့ တွေ့နေတာဟ ..."

"အာရုံသစ်ဆိုတာ ဒါရိုက်တာလား ..."

"မဟုတ်ပါဘူး မွေ့ရယ်၊ နင် ဒီနေ့ အားလား ...၊ ငါ နင့်ကို ပြောစရာတွေရှိတယ် သိလား"

"ငါလည်း နင့်ကို ပြောစရာရှိတယ် သိလား ... ဟိ ဟိ"

နှစ်ယောက်သားဟာ ပြုံးစိစိနှင့် တစ်ယောက်နှင့်တစ်ယောက် နီးကပ်တိုးဝေ့ထိုင်လိုက်ကြပါသည်။

မွေ့မှာ ဘာတွေ ပြောစရာရှိသလဲတော့ မသိ။

ရွှေ့မှာတော့ ပြောစရာတွေ တစ်ပုံကြီး ပါလာပါသည်။

ရွှေက မွေ့ကို ရွှေ့ရဲ့ အာရုံသစ်အကြောင်း ပြောပြချင်လှပါသည်။

လူငယ်ဆန်ဆန် နောက်တီးနောက်တောက် ပုံစံမျိုးလေးနဲ့ ဘယ်လိုလေးမှန်းမသိသော ...၊ ရယ်စရာကောင်းလှစွာ





သော ...၊ ရွှေ့ကို အရှမ်းဂရုစိုက်တတ်သော ...၊ ရွှေနဲ့တွေ့ဖို့ ဉာဏ်နီဉာဏ်နက်တွေနှင့် အကွက်ဆင်ခဲ့သော သူ့ကို ရွှေကလည်း စိတ်ဝင်စားခဲ့ပြီမို့ သူ ဖွင့်ပြောလာလျှင် ဘယ်လို တုံ့ပြန်ရပါ့မလဲဟု မွေ့နှင့် တိုင်ပင်ချင်သေးသည်။

"မွေ့ အရင်ပြောလေ ..."

"ရွှေ အရင်ပြောပါ"

"မွေ့ပြောပါ"

"ရွှေပဲပြော၊ ပြီးမှ မွေ့ပြောမယ်"

"ကဲ ... ဒါဆိုလည်း ရွှေပဲ အရင်စပြောတော့မယ်၊ ဟိဟိ ငါလေ ရည်းစားရတော့မလား မသိဘူး ..."

"ဟယ် ... တိုက်ဆိုက်လိုက်တာ၊ ပြော ... ပြော ... အစက နေ စပြော ..."

"လွန်ခဲ့တဲ့ သုံးပတ်လောက်ကဟာ ငါ ကန်တော်ကြီးထဲက ဆိုင်တစ်ဆိုင်မှာ ဘွားဖို့ မုန့်ဝင်ဝယ်တာ၊ ကား ပါကင်ထိုးရင်း ကားတစ်စီးကို တိုက်လိုက်မိတယ် ..."

"နင်ကတော့ ဖြစ်ရမယ်၊ ခုထိကို ကားပါကင်ကို ဖြစ်ဖြစ်မြောက်မြောက် မထိုးတတ်သေးဘူး ..."

"ငါ အဖြောင့်တော့ ကောင်းကောင်းမောင်းတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ကလေးတောင် တည်ပေးလိုက်ရင် မောင်းနိုင်တယ် ..."

"နိပ်ကွဲပြန်ပြီ ... လိုရင်းတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ဒီလိုဟာ, ငါ တိုက်လိုက်မိတဲ့ ကားပိုင်ရှင်က အရမ်းကြည့်ကောင်းတဲ့ လူငယ်လေး တစ်ယောက် ဖြစ်နေခဲ့တယ်"

"ဇာတ်လမ်းက စပြီပေါ့ ..."

"အေးပေါ့ ...၊ သူ့ပုံစံက ကိုရီးယားမင်းသားပုံစံမျိုး၊ ဆံပင်လေးက ဖွေဖွေဝဲဝဲလေး ...၊ တီရှပ်နဲ့ ဂျင်းဘောင်းဘီတိုနဲ့၊ All star ဖိနပ်နဲ့၊ ဦးထုပ်နောက်ပြန် ဆောင်းထားသေးတာ"

"နင်ကြိုက်တဲ့ ပုံစံမျိုးပေါ့ ..."

"အေး ... ကွက်တိပဲ၊ ငါက ယောကျ်ားလေးဆို ရိုးတုံးတုံးပုံစံမျိုး မကြိုက်ဘူး၊ ငါ့ပုံစံနဲ့လည်း မလိုက်ဖက်ဘူး"

"ငါကတော့ ခပ်ရိုးရိုး ပုံစံမျိုးလေးပဲ သဘောကျတယ်၊ ပုဆိုးလေးနဲ့၊ ကော်လံကတုံး ရှပ်လေးနဲ့ဆို ယဉ်ကျေးပြီး အဆင့်ရှိနေသလိုပဲ ..."

"ငါ့စကား ဆက်ပါရစေဦး မွေ့ရယ် ..."





"အေးပါ ... ပြောပါ၊ ငါလည်း သိချင်ပါတယ်၊ အဲဒါနဲ့ ဘာဆက်ဖြစ်ရောလဲ ..."

"တွေ့တွေ့ချင်းမှာ သူ့ပုံစံက ဂျစ်ကန်ကန်နဲ့ဟ ...၊ သူနဲ့ငါ အငြင်းပွားပြီး စကားများလိုက်ကြသေးတယ်၊ အဲဒီတုန်းကတော့ သူ့ကိုငါ ကြည့်မရပါဘူး၊ နောက်တော့မှ သူနဲ့ကားပစ္စည်းလိုက်ဝယ်၊ ဘော်ဒီရုံသွားရင်း သူ ငါ့ကို ဂရုစိုက်တာတွေကို အကဲခတ်ရင်းက ငါနဲ့နီးစပ်ဖို့ သူတမင် ခွင်ဖန်နေတာတွေကို သိလာတာ ..."

"အဲဒါနဲ့ နင်က သူ့ကို စိတ်ဆိုးသွားရောလား"

"မဆိုးပါဘူး ... အခု ခင်တောင်နေပြီ၊ တစ်နေ့လောက် နင်နဲ့ချိန်းပြီး မိတ်ဆက်ပေးဦးမယ်၊ နင် အကဲခတ်ပေးဦးနော် မွေ့ ..."

"ငါ အကဲခတ်ရင်တော့ အကောင်းမြင်မိမှာ မဟုတ်ဘူးထင်တယ် မွှေရယ်၊ ငါက အဲဒီလို ပုံစံမျိုးကိုမှ မကြိုက်တာ ..."

"နင်ကြိုက်ဖို့ မလိုဘူး၊ ငါကြိုက်ဖို့ပဲ လိုတာလေ၊ နင့်လူအနေနဲ့ အကဲခတ်ခိုင်းတာမှ မဟုတ်တာ၊ ငါ့လူအနေနဲ့ ငါ့ဘက်က တွေးပေးပြီး အကဲခတ်ပေါ့ ... မွေ့ရဲ့ ..."

"အေးပါ ... အေးပါ ... ဟုတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... နှင်းအလှည့် ...၊ ဘာတွေပြောစရာရှိနေလဲ၊ ဟင်း ဟင်း ... ငါ့လိုကိစ္စပဲလား"

"အေးပေါ့ ..."

"ဟယ် ... တိုက်ဆိုင်လိုက်တာ၊ ငါတို့ သူငယ်ချင်း နှစ်ယောက် သိပ်ချစ်ကြလို့ ဒီလိုကိစ္စမျိုးကို ပြိုင်တူကြုံရတာ သိလား မွေ့"

"အေးနော် ... ထူးဆန်းတယ်၊ ငါလည်း သူနဲ့တွေ့တာ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကပဲ၊ အဲဒီနေ့က ငါ့မွေးနေ့မို့လို့ မနက်စောစော ရွှေတိဂုံဘုရားကို သွားတာ၊ အဲဒီမှာ ငါ့ရဲ့ ခမ္မမိတ်ဆွေနဲ့ စတွေ့တာပဲ ရွှေရေ ..."

"ခမ္မမိတ်ဆွေ ...!"

"အေးလေ ... ဘုရားသွားရင်း တွေ့တော့ ခမ္မမိတ်ဆွေပေါ့၊ သူကလည်း ငါ့ကို ခမ္မမိတ်ဆွေ ခေါင်းစဉ်တပ်ပြီး ချဉ်းကပ်လာတာ၊ သူနဲ့ငါ တတ်လှေကားအဝင်မှာ တိုက်မိ၊ ငါ့ကို ကားတိုက်မိမလို ဖြစ်တုန်းမှာ တစ်ခါထပ်တွေ့၊ ငါတို့ လမ်းထဲကို သူလာရင်း သူ့ကားပါကင်ထိုးတာ တိုက်မိသွားလား ဆင်းကြည့်ရင်း ငါနဲ့တစ်ခါပြန်တွေ့၊ အဲဒီလို တိုက်မိတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ပဲ ရေစက်ဆုံလာတာ"





"ငါတို့လည်း တိုက်မိရာက စတာပဲ မွေ့ရဲ့၊ ရွှေတို့ သူငယ်ချင်း နှစ်ယောက်ကလည်းနော် ... ဒီလိုမျိုး စတွေ့ဆုံတဲ့ အဖြစ်ချင်းတောင် ဆင်နေတော့တာပဲ ..."

"အေးလေ ... ဟုတ်ပါရဲ့ ..."

"သူ့ပုံစံက ဘယ်လိုမျိုးလဲ ..."

"ငါ သဘောကျတဲ့ ပုံမျိုးလေးပဲ၊ ပုဆိုးနဲ့ ကော်လံကတုံး ရှပ်နဲ့၊ ယဉ်ယဉ်ကျေးကျေးလေး ..."

"အဲ့ဒါက ဘုရားလာလို့ ဝတ်တာနေမှာပေါ့"

"မဟုတ်ဘူး ... နောက်နေ့တွေလည်း အဲဒီလိုပဲ ဝတ်တာ၊ သူနဲ့ငါ အတူတွဲသွားရင် လိုက်ဖက်ညီတယ်ဟ ..."

"အခု နှင်းတို့ အခြေအနေက ..."

"သူက ငါ့ကျောင်းကို အကြိုအပို့လုပ်တယ်၊ မွေးနေ့တိုင်း ဘုရားအတူသွားတယ်၊ ချိန်းပြီး မုန့်စားကြ၊ ဟိုဒီလျှောက် သွားကြပေါ့ ..."

"ဩော် ... ဩော် ... ဒေါ်မွေ့လွန်းအိမ် ဒါကြောင့် မအား မလပ်ဖြစ်ပြီး ငါ့ဆီရောက်မလာတာပေါ့လေ"

"ငါနဲ့သူက မနက်ပိုင်းပဲ တွေ့ဖြစ်တာဟ၊ ညနေပိုင်းကျ တော့ ငါက ကျူရှင်သင်ရသေးတယ်၊ အားတဲ့ရက်



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းတွေ နှင့်ဆိုင်ရောက်သားပဲ၊ နှင်မှမရှိတာ...”

“အဟင်း...ငါလည်း ညနေပိုင်းတွေကျရင် သူနဲ့ချိန်းချိန်းပြီး ဟိုဟိုဒီဒီ သွားဖြစ်နေလို့ပါဟယ်၊ ဒါပေမယ့် ခုနောက်ပိုင်းတော့ ငါ ဆိုင်မှာ ရှိမယ့်အချိန် သူ့ကိုပြောထားတယ်၊ သူတွေ့ချင်ရင် လာတွေ့ပေါ့၊ ဪ...မွေ့ နှင့်သူကို ငါနဲ့ မိတ်ဆက်ပေးဖို့ မမေ့နဲ့နော်...၊ ငါ အကဲခတ်ကြည့်ဦးမယ်”

“အေးပါ...အဆင်ပြေရင် ချိန်းပြီး မိတ်ဆက်ပေးပါ့မယ်၊ ဒါပေမယ့် ခုတော့ ကိုယ့်ရည်းစားလည်း မဟုတ်သေးဘဲ အဲဒီလို မိတ်ဆက်ပေးတာမျိုးကြီး မလုပ်ချင်သေးဘူး”

“နှင့်သဘောနဲ့နှင် ကြိုက်ပြီးမှ ငါနဲ့မိတ်ဆက်ပေးမလို့လား မွေ့ရယ်၊ ငါ အကဲခတ်ပါရစေဦး...၊ နှင်က အေးစိအေးစက် နုံတုံတုံနဲ့ ယုံတတ်ပါဘိသနဲ့၊ ငါကမှ ဟန်ဆောင်တာလား တကယ်လားဆိုတာ အကဲခတ်တတ်သေးတယ်”

“အေးပါဟယ်...ဒါဆိုလည်း နှင်နဲ့ အရင်မိတ်ဆက်ပေးပါ့မယ်...”

“အေး...ပြီးရော၊ ဒါဆို ငါ သွားတော့မယ်နော် မွေ့၊ ဆိုင်ဘက်ခဏ ဝင်ရဦးမှာမို့လို့...”





“နှင့်ဘွားဘွားကြီးရော နေကောင်းလား ရွှေ...”

“ကောင်းပါ...ကောင်းပါ...၊ ဒေါင်ဒေါင်မြည်နေတာပဲ၊ ငါ့ဆံပင်ကောက်တွေကို ကြည့်မရလို့ဆိုပြီး ဗျစ်တောက်ဗျစ်တောက် ပြောနေတာလည်း နေ့တိုင်းပဲ၊ ဒီဆံပင်တွေထဲမှာ ဖွက်ထားတဲ့ ငါ့မျက်နှာလေးကို လူတွေ ဘယ်လောက် ကြွေကြတယ်ဆိုတာ ဘွားဘွား မသိရှာဘူးလေ”

ရွှေက အလွန်မြင့်သော ဒေါက်ဖိနပ်ကို အချိုးတကျစီးကာ မွေ့ကို နှုတ်ဆက်ပြီး ပြန်သွား၏။

ရွှေရော မွေ့ပါ ပြောဖို့ တစ်ခု မေ့ခဲ့တာက ကိုယ့်လူ အသီးသီးရဲ့ နာမည်ပင်တည်း...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကားပါကင် ထိုးလိုက်ပြီးသော်လည်း ကားပေါ်က မဆင်းသေးဘဲ လူက ကားထဲမှာ ပုဝပ်နေကာ အနားပတ်ဝန်းကျင်ကို ရှုးရှုးရဲရဲ အကဲခတ်လိုက်လေသည်။

မနက်ပိုင်းက မွေ့နဲ့အတူ ဒီနေရာဝန်းကျင်ကို ရောက်ခဲ့သည်။ ညနေမှာတော့ ရွှေနဲ့တွေ့ဖို့ ဒီနေရာကိုပဲ ရောက်လာရပြန်သည်။ စိတ်ထဲမှာ မလုံမလဲ ကျောချမ်းသလိုဖြစ်ရတာတော့ အမှန်တည်း ...။

ကျွန်တော်က အရပ်ရှစ်မျက်နှာကို မျက်စိတဆုံး အကဲခတ်လိုက်ပြီး စိတ်ချရပြီဆိုမှ ရွှေ့ဆိုင်ကို သွားဖို့ ကားတံခါးကို ဖွင့်လိုက်သည်။ ကားတံခါး ဖွင့်လိုက်ပေမယ့် ချက်ချင်းတော့ မဆင်းဝံ့သေး ...။ မွေ့များ ဘယ်တစ်ထောင့် တစ်နေရာကနေ ဘွားခနဲ ထွက်လာကာ တည့်တည့်တိုးမည်လဲဟု ရင်မနေရသည်။





မွေ့က တစ်ခုခု ဝယ်စရာရှိတိုင်း သူ့အိမ်ကနေ လှည်းတန်းကို လမ်းလျှောက်လာတတ်တာမို့ပင်။

သေသေချာချာ လှည့်ပတ်ကြည့်ရှုပြီးမှ ကျွန်တော်က ရွှေ့ရဲ့ဆိုင်ဘက်သို့ ခပ်သုတ်သုတ်လျှောက်လာခဲ့ပါသည်။ ရွှေ့ရဲ့ဆိုင်ကို မွေ့ ဈေးလာမဝယ်ပါစေနှင့်ဟုလည်း နှုတ်မှ တဖွဖွ ဆုတောင်းလာပါသည်။

သို့သော် ကျွန်တော့်ဆုတောင်း မပြည့်ခဲ့ပါ။

လှုရှုပ်တွေးသော ပလက်ဖောင်းအတိုင်း ခပ်သွက်သွက် လျှောက်ရင်း ရွှေ့ရဲ့ဆိုင်အဝင်ဝကို လှမ်းအကြည့် ...

"ဟာ ... ရွှေ ... မွေ့ ..."

"မွေ့ ... ရွှေ ..."

ကျွန်တော် ကယောင်ချောက်ချား ရေရွတ်လိုက်မိပါသည်။ မြင်ကွင်းက ကျွန်တော့်အတွက်တော့ သွေးပျက်ဖွယ်မို့ပင်။

ရွှေနဲ့ မွေ့ဟာ ရွှေ့ဆိုင်ဝင်ဝမှာ ရပ်လျက် ရင်းနှီးကပ်စွာ စကားတွေ ပြောနေပါသည်။ သူတို့ပုံစံတွေကို အဝေးမှာ မြင်ရုံနဲ့တောင် ခင်မင်မှုအတိုင်းအတာ မသေးကွေးမှန်း သိသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံးရဲ့ မျက်နှာတွေဟာ ပြုံးရွှင်ရယ်မော လိုက်လှဲလို့နေသည်။ မွှေ့က ရွှေ့ပခုံးလေးကိုတောင် ဖက်ထား လိုက်သေးသည်။

စဉ်းစားကြည့်တော်မူကြပါ ...။ မိန်းကလေးနှစ် ယောက်ကို ချစ်ကြိုက်မိနေတဲ့ ယောကျ်ားတစ်ယောက်က အဲဒီ မိန်းကလေး နှစ်ယောက်ကို တစ်နေရာတည်းမှာ တပူးတွဲကြီး ရင်းနှီးချစ်ခင်နေကြတာကိုတွေ့လျှင် ဘယ်လောက်များ စိတ် ကသိကအောက် နိုင်လိုက်မလဲဆိုတာ ...။

ကျွန်တော်သည် ဘာဆက်လုပ်ရမည်မသိဘဲ အုံအား အသင့်ကြီး သင့်ကာ သစ်ပင်တစ်ပင်ရဲ့ နောက်မှာ ခပ်ကွယ်ကွယ် လေး ရပ်ရင်း မွှေ့တို့နှစ်ယောက်ကို ချောင်းကြည့်နေမိသည်။ ကျွန်တော့်ရင်တွေလည်း တဒုန်းဒုန်းခုန်နေသည်။ လူက အန္တရာယ် ဇုန်သို့ ကျရောက်သွားသလိုမျိုးခံစားရကာ ဦးနှောက်ထဲမှာ အချက် ပေး ခေါင်းလောင်းသံတွေ ဆူညံမြည်ဟည်းနေသည်။

ကျွန်တော်က မွှေ့နဲ့ရွှေ့နဲ့ ဈေးဝယ်ရင်း ဖောက်သည် ဖြစ်ကာ တွေ့တုန်းလေးခဏ ရင်းနှီးခင်မင်ကြတာမျိုးသာ ဖြစ်ပါ စေဟု ဆုတောင်းနေမိသည်။ မွှေ့ ထွက်သွားလျှင်တော့ အရိပ် အကဲ ကြည့်ပြီး ရွှေ့ဆီ ကျွန်တော်သွားလို့ ရနိုင်သေးသည်။





ဟော ... ထွက်လာကြပြီ ...။

ကျွန်တော်က နီးရာဆိုင်ထဲ ခဏဝင်ကာ ရှောင်တိမ်း လိုက်ရသည်။

မွှေ့နဲ့ ရွှေ့ဟာ စကားတပြောပြောနှင့် တစ်ယောက် လက်ကို တစ်ယောက်တွဲကာ လမ်းကူးသွားကြပြီ။

ကျွန်တော်ကလည်း ခပ်လှမ်းလှမ်းမှ လူအများနှင့် ရောထွေးကာ လမ်းဖြတ်ကူးခဲ့ပြီး ကော်ဖီဆိုင်ထဲ ဝင်သွားသည့် မွှေ့တို့နှစ်ယောက်ကို ချောင်းမိပြန်သည်။ ချောင်းရင်း တစ်ခု သေချာလာသည်မှာ မွှေ့တို့နှစ်ယောက်ဟာ အင်မတန် ရင်းနှီးကြ ခြင်းတည်း။

ကျွန်တော်သည် တဖြည်းဖြည်း သွေးပျက်လာကာ ကျွန်တော့်ကားဆီ ပြန်လျှောက်လာခဲ့မိသည်။ အန္တရာယ်ဇုန်ကနေ အမြန်ဆုံး ထွက်သွားချင်ပြီ။ ဒီနားမှာ နေရတာ ကျောချမ်းလှပြီ။

ကျွန်တော်က ပါကင်နေရာမှ ကားကို အမြန်ထွက် ခွာဖို့ ကြံစည်၏။ သို့သော် အခြေအနေက မပေးပြန်ချေ။ မီးပွိုင့် စိမ်းချိန်မို့ လှည်းတန်းလမ်းဆုံမှ ကားများ တရဟောထွက်လာကြ သည်။ ကျွန်တော့် ကားကို ဘယ်လိုမှ ကွေ့ထွက်လို့ မရတော့။

ကျွန်တော်သည် ကားအရှင်းကို စောင့်ရင်း ကား



www.burmeseclassic.com

www.burmeseclassic.com



စတီယာရင်ကို ဆုပ်ကိုင်ကာ ချွေးစေးချွေးတွေ စိမ့်ထွက်လာသည်။ ခုနေများ ကိုယ့်ကို အမူးလိုက်ကြီး မြင်သွားမှဖြင့် ...။

ကျွန်တော်က ကားကို ထွက်ဖို့ ကြိုးစားလိုက်၊ အင်းစိန်လမ်းဘက်မှ ကားတွေ ကွေ့လာလိုက်၊ အချိန်က ကြာလာသည်။ ကျွန်တော် သည်းမခံနိုင်တော့ ...။ ကားပါကင်မှာ ပိုက်ဆံကောက်သည့် သူကို လှမ်းခေါ်လိုက်သည်။

"ဟော့ ... ဟော့ ... ညီလေး ခဏကွာ၊ ဒီမှာ တဆိတ်လောက် ကားကြည့်ပေး ..."

"ဟယ် ... ကိုလင်း"

ဟာ ... သွားပါပြီကွာ ...။

ကိုယ့်နံဘေးက ရုတ်တရက် ပေါ်လာတဲ့ အသံဟာ မွေ့ရဲ့အသံ ...။

ဘုရား ... ဘုရား ... တစ်ယောက်တည်းမှ ဟုတ်ပါရဲ့လား ... အမူးလိုက်ကြီးများလား ...။

ကျွန်တော် ဘုရားသိကြား တ,ကာ ခပ်ဖြည်းဖြည်း မော့ကြည့်လိုက်တော့ ...

ဟာ ... မွေ့ တစ်ယောက်တည်း ...။ တော်ပါသေးရဲ့။





ကျွန်တော်က မွေ့ရဲ့ ပတ်ပတ်လည်လို လှည့်ပတ်ကြည့်ကာ မွေ့တစ်ယောက်တည်းဆိုတာ သေချာသွားတော့မှ သက်မချကာ ...

"မွေ့ပါလား ...၊ တစ် ... တစ်ယောက်တည်းလား၊ ဘယ်လာတာလဲ ..."

"စောစောတုန်းကတော့ နှစ်ယောက်ပဲ၊ သူငယ်ချင်းနဲ့ ခုမှ လမ်းခွဲလာတာ၊ မွေ့သူငယ်ချင်းက ဒီနားမှာဖက်ရှင်ဆိုင်လေး ဖွင့်ထားလို့ သူ့ဆီလာတာလေ၊ ကိုလင်းကော မွေ့ဆီလာတာ မဟုတ်လား ...!"

"ဩော် ... အင်း ... မွေ့ဆီလာတာ၊ ဒီနားမှာ မေမေမှာတဲ့ ပစ္စည်းလေးတချို့ အရင်ဝင်ဝယ်နေတာ ..."

"မလာစဖူး ညနေပိုင်းတွေဘာတွေ လာလို့ပါလား၊ ကိုလင်းပြောတော့ ညနေပိုင်းဆို မအားတတ်ဘူးဆို ..."

"တစ်ခါတလေတော့ အားတာပေါ့ မွေ့ရယ်"

"ကိုလင်း လာတာနဲ့ အတော်ပဲ၊ မွေ့အိမ်မှာ နန်းကြီးသုပ်လုပ်စားမလို့လေ ...၊ မွေ့လက်ရာလေး လိုက်စားပါဦး"

"စားမှာပေါ့ မွေ့ရယ်၊ ကဲ ... တက် ... ကားပေါ်ကို ..."

ကျွန်တော်က ချော်လဲရောထိုင်လုပ်ကာ မွေ့ကို ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ် အမြန်တက်ခိုင်းပြီး ကားရှင်းတာနှင့် မွေ့အိမ်ဘက်သို့ ကားမောင်းထွက်လာခဲ့ပါသည်။

ဘယ်နည်းနဲ့ချွာချွာ ဒီနေရာက အမြန်ခွာရဖို့သာ အရေးကြီးသည်။ ဒီလိုမှ မလုပ်လျှင် ရပ်စကားပြောနေတုန်း ရွှေ မြင်သွားနိုင်သေးသည်။

မွေ့အိမ်ရောက်တော့ မွေ့လက်ရာကို စားသုံးဆဲ မွေ့က စကားစပြန်သည်မှာ …

"လှည်းတန်းဆိုင်က မွေ့ သူငယ်ချင်းနဲ့ မွေ့က ညီအစ်မတွေလို အရမ်းခင်ကြတာ ကိုလင်းရဲ့ …"

"ဩော် …"

"တစ်ယောက်နဲ့ တစ်ယောက် ဆိုးတိုင်ပင် ကောင်းတိုင်ပင် အရမ်းယုံကြည်ရတယ်"

"ဟင် … ဟုတ်လား၊ အတွင်းရေးက အစ ပြောကြတာပဲလား …"

"အင်းပေါ့ … ကိုလင်းရဲ့"

"သမီးရည်းစားကိစ္စတွေဆိုလည်း တိုင်ပင်ရမှာပေါ့နော် …"

"ဟင်း … ဟင်း … တိုင်ပင်မှာပေါ့ …"

"ဒါပေမယ့် မွေ့ရယ် … မွေ့ပဲ စဉ်းစားကြည့်၊ အချစ်ဆိုတာ





က တစ်ယောက်ယောက်နဲ့ တိုင်ပင်ပြီးမှ အဖြေထုတ်ရတဲ့ ကိစ္စမှ မဟုတ်ဘဲ၊ ရင်ထဲက သူ့အလိုလိုဖြစ်လာတဲ့ အချစ်ဆိုတာ ဘယ်သူ့ကိုမှ မတိုင်ပင်ရသေးခင် အဖြေထွက်သွားပြီးသားပါ"

ကျွန်တော်က လိုရာ ဆွဲပြောကာ မွေ့ကို စည်းရုံးလိုက်သည်။ မွေ့က ရှက်ပြုံးလိုလို ပြုံးနေသည်။ ကျွန်တော်ကလည်း မွေ့အပြုံးလေးကို ငေးကြည့်နေမိရင်း မွေ့အပေါ် ခံစားချက်တွေ လှိုက်လှဲကာ ရင်တွေခုန်လာသည်။ မွေ့က ခေါင်းလေးကို ငုံ့ထားသည်။ အခြေအနေကတော့ ကြည်နူးဖွယ်လေး ဖြစ်နေပါပြီ။

အဲ … အဲဒီအချိန်မှာပဲ ကျွန်တော့်ဖုန်းက အသံမြည်လာပါသည်။

"စတော်ဘယ်ရီ ချယ်ရီရောင် တော်တန်ရုံလှပင် … ဘုံကမ္ဘာ ခနစ်ဆင့်အမြင့်ကို မြင်ယောင်သလိုလိုပင် … "

အဲဒီ ဖုန်းသံက ကျွန်တော့်ကို ကျောချမ်းသွားစေပါသည်။ အဲဒါ ရွှေ့ဆီက ဖုန်း …။ ရွှေ့ဖုန်းနဲ့ ဖုန်းခေါ်တဲ့အခါ ဖုန်းမြည်သံကို ကျွန်တော် ကွန်ပျူတာဖြင့် စတော်ဘယ်ရီချစ်သည်းရှင် စုံတွဲသီချင်းသံလေး ထည့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း ... ကိုလင်း ဖုန်းထာ မြည်တာမဟုတ်လား၊ နား ထောင်လိုက်ဦးလေ၊ မွေ့ကို အားမနာနဲ့ ..."

မွေ့ရှေ့မှာ ဖုန်းမပြောပြန်လျှင်လည်း မကောင်းတာ မို့ ကျွန်တော် ဟန်မပျက် ဖုန်းဖွင့်လိုက်ရသည်။

"ဟယ် ... ဟယ်လို ..."

"ဟိတ် ... လင်းရိပ် ... ရှင် ဘယ်ရောက်နေပြီလဲ ..."

"ဟို ... အင်း ... အဲ ... ဟဲလို ... ဟဲလို ... သိပ်မကြားရ ဘူး"

"ကိုလင်းရိပ် ... ဒီနားက ဖုန်းသိပ်မမိ ..."

သေတော့မှာပဲ ...။ ငါ တကယ် သေတော့မှာပဲ။

တစ်ဖက်က ရွှေ့ကို ဖိနှိပ်ဖို့ ဖုန်းလိုင်း မမိသယောင် ဟန်ဆောင်နေဆဲ မွေ့က လှမ်းပြောတာမို့ ကျွန်တော့်ဖုန်းကို ပါးနှင့် တအားကပ်ကာ စကားပြောပေါက်ကို ပိတ်ထားရင်း ဝရန်တာဘက်သို့ ထွက်လိုက်ရသည်။ ဝရန်တာရောက်မှ အသက် မဝတဝ ပြန်ရှူနိုင်ကာ ...

"ဟဲလို ... ရွှေ ... ကြားရလား၊ ဖုန်းက လိုင်းသိပ်မမိဘူး ဖြစ်နေလို့ ..."

"ကြားရပါပြီ ...၊ ရှင် ... အခု ဘယ်ရောက်နေလဲ ..."





"ကိုယ် ... အခု လမ်းမှာ ... ရွှေဆီလာရင်း ကားပျက်နေ လို့ ..."

"ဟုတ်လား ... ဘယ်နားမှာလဲ၊ ရွှေ လာခေါ်ပေးရမလား"

"ဟာ ... မလာနဲ့ ... မလာနဲ့၊ ရတယ် ... ဝပ်ရှော့ကို ဖုန်း ဆက်ထားတာ ရောက်တော့မယ်၊ ရွှေလာရင် လွဲနေမှာ၊ ကိုယ် ဖုန်းထပ်ဆက်လိုက်မယ်နော်"

ကျွန်တော်က ရွှေ့ကိုပြောရင်း နောက်ကိုလည်း အကဲခတ်ရသေးသည်။ တော်ပါသေးရဲ့ ... မွေ့က နောက်ဘက်မှာ မှန့်သွားထည့်နေသည်။

"ဟော ... ဝပ်ရှော့ ဆရာတွေတောင် လာပြီ၊ ဟော့ ... ညီလေးတို့ ဒီမှာ ... ဒီမှာ အစ်ကို့ကား၊ ဒါပဲနော် ရွှေ၊ ဖုန်းချလိုက်တော့မယ် ..."

ကျွန်တော်က ဖုန်းကို ခပ်မြန်မြန်ပိတ်ကာ အိမ်ထဲ သို့ ပြန်လှည့်ဝင်လာသည်။ မွေ့က ကျွန်တော့်ကိုလှမ်းကြည့်ကာ

"ကိုလင်းရိပ် ... ခုန ဘယ်သူ့ကို လှမ်းခေါ်နေတာလဲ ..."

"ဪ ... အောက်က ကိုယ့်ကားရပ်ထားတဲ့ နေရာနားက ကောင်လေးကို ကားကြည့်ပေးထားဖို့ လှမ်းပြောတာပါ မွေ့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဖသုံးလုံးကို ကျင့်သုံးလိုက်ရသည်။

*(ဖသုံးလုံး = ဖြီး ဖြန်း ဖိန့်)*

အဲဒီနောက် မွေ့နဲ့အတူ စားသောက် စကားစမြည်ပြောပြီး ကျွန်တော်က မွေ့ကို နှုတ်ဆက်ရသည်။

"မွေ့ရေ... ကျွန်တော် ပြန်တော့မယ်၊ မွေ့ရော ဒီနေ့ အပြင်ထွက်စရာရှိသေးလား ..."

"မရှိတော့ဘူးလေ၊ ခဏနေ ရေချိုးပြီး အိမ်မှာ လုပ်စရာရှိတာလေးတွေ လုပ်ရတော့မယ်"

"ကောင်းတယ် ... ကောင်းတယ်၊ ညနေပိုင်းတွေ အပြင်မထွက်တာ အကောင်းဆုံးပဲ"

ကျွန်တော် မွေ့ထံမှ စိတ်ချလက်ချ ထွက်ခွာလာကာ ကားပေါ်ရောက်တာနှင့် ရွှေ့ဆီ ဖုန်းခေါ်လိုက်ပါသည်။

"ရွှေရေ... ကိုယ့်ကား ကောင်းသွားပြီ"

"ဟင် ... မြန်လိုက်တာ"

"ဘက်ထရီ ဒေါင်းသွားရုံလေးဆိုတော့ ဘက်ထရီအိုး လဲလိုက်ရုံနဲ့ အဆင်ပြေသွားပြီလေ၊ ကိုယ် အခုပဲ ရွှေ့ဆီလာခဲ့တော့မယ် ..."

"လာခဲ့လေ လင်းရိပ်၊ ဒီနားက ဆိုင်တစ်ဆိုင်မှာ နန်းကြီး





သုပ် အရမ်းစားကောင်းတာနဲ့ ရှင့်ကို လိုက်ကျွေးချင်နေတာ"

မြတ်စွာဘုရား ... နန်းကြီးသုပ်ပဲလား ...။ ကြားရုံနှင့်ပင် ကျွန်တော့်ဗိုက်ထဲမှာ ပြည့်နှင့်လာသလို ခံစားလိုက်ရသည်။

ကျွန်တော့်ကားကို မွေ့တို့လမ်းသွယ်ထဲမှ ပြန်လှည့်ထွက်လာကာ လှည်းတန်းဘက်သို့ တွေ့ချိုးလိုက်သည်။

ကားပါကင်အတွက် နေရာရတာက စောစောကနေရာနှင့် သိပ်မကွာ။ ရပ်နားခကောက်ခံသူက ပိုက်ဆံလာကောက်ရင်း ကျွန်တော့်ကိုကြည့်ကာ ...

"ဟဲဟဲ ... အစ်ကိုလေး စောစောကလည်း လာသေးတယ်နော် ..."

ဟု ပြောလိုက်တာမို့ ကျွန်တော် ကျောချမ်းသွားသည်။ ရွှေ ပါလာတုန်းသာ ဒီစကားပြောလိုက်ရင် သေရောပဲ။

ကျွန်တော်က ထိုကောင်လေးကို ဘုကြည့်ကြည့်ကာ ...

"ဒီမှာ ကောင်လေး ... မင်း ဒီနားမှာ အမြဲ ပိုက်ဆံကောက်သလား ..."

"ဟုတ်ကဲ့ အစ်ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါဆိုလည်း နောက်ကို မင်း ဒီနားမှာ ငါ့ကို ဘယ်သူနဲ့ပဲ တွဲတွေ့တွေ့ မင်းဝါးစပ်ကို နာနာပိတ်ထားကြားလား"

"ဟုတ်ကဲ့ပါ အစ်ကိုလေး"

ကျွန်တော် စိတ်လေးလေးနှင့် ရွှေဆီ လာခဲ့ရသည်။

ရွှေဆီရောက်တော့ ရွှေက ကျွန်တော့်ကို စောစောက ကျွန်တော် လိုက်ချောင်းခဲ့တဲ့ ဆိုင်ဘက်ကို ခေါ်သွားသည်။

ကျွန်တော် ထိုင်မိတဲ့ ခုံက စောစောက မွေ့ထိုင်သွားခဲ့တဲ့ ခုံပင် ...။ ဖြစ်ပုံများတော့ ...။

ရွှေက နန်းကြီးသုပ် မှာပေးပြီး ရင်လေးစရာ စကားတွေ ပြောပြန်သည်။

"ရွှေ့ သူငယ်ချင်း တစ်ယောက်တောင် လာသွားတာ မကြာသေးဘူး လင်းရိပ်ရဲ့၊ ရွှေတို့ သူငယ်ချင်း နှစ်ယောက် အင်းလျားကန်ပေါင်ဘက် သွားကြဦးမလို့ပဲ၊ ဒါပေမယ့် ရှင် လာရင်လွဲနေမှာစိုးလို့ ဒီဆိုင်လေးမှာပဲ အအေးပဲ ထိုင်သောက်ဖြစ်ကြတာ၊ သူပြန်သွားတာတောင် သိပ်မကြာသေးဘူး ..."

"ဪ ... ရွှေနဲ့က သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေလား"





"ဟုတ်တယ် ... ဘာမဆို ယုံယုံကြည်ကြည် တိုင်ပင်လို့ရတဲ့ သူငယ်ချင်းတွေပေါ့ ...၊ တစ်ခါလောက် ရှင်နဲ့ ချိန်းပြီး မိတ်ဆက်ပေးရဦးမယ်"

အဲဒီလို မိတ်ဆက်ပေးမယ့်အစား သေအောင်ပဲသတ်လိုက်ပါတော့လား ရွှေရယ် ...။

"ရွှေ့ကို တစ်ခု မေးချင်တယ်"

"မေးလေ ..."

"ရွှေ့မှာက ဘာမဆို တိုင်ပင်လို့ရတဲ့ သူငယ်ချင်း ရှိတယ်ဆိုတော့ အကယ်၍ ရွှေ့ကို ချစ်နေတဲ့ တစ်ယောက်ယောက်က ပရိုပို့စ်လုပ်ရင် ရွှေက အဲဒီ သူငယ်ချင်းနဲ့ တိုင်ပင်ပြီးမှ အဖြေပေးမှာလား ..."

"အင်း ... ဒါလား၊ ပြောမပြဘူး"

ရွှေ နှာခေါင်းလေးရှုံ့ကာ ပြောပုံက ချစ်စရာကောင်းလှတာမို့ ကျွန်တော်က ချစ်ရိပ်ယောင်ပြည့်နေသော မျက်ဝန်းများဖြင့် ရွှေ့ကို ငေးကြည့်နေလိုက်ပြီးမှ ...

"တကယ်တော့ အချစ်ကိစ္စဆိုတာ ခံစားချက်နဲ့ပဲ ဆုံးဖြတ်ရတာ ရွှေရဲ့၊ သူငယ်ချင်းကို တိုင်ပင်၊ သူငယ်ချင်း ခွင့်ပြုချက်ရမှ ပြန်ချစ်မယ်ဆိုရင် ဒါဟာ အစစ် ဘယ်ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တော့မလဲ၊ အချစ်ဆိုတာ တစ်ခါတလေ ဘယ်သူ့ကိုမှ ပြောမပြဘဲ ကာယကံရှင် နှစ်ဦးတည်းပဲ ခံစားသင့်တဲ့အရာ မဟုတ်လား၊ အဲဒီလိုမှ ပိုလေးနက်ပြီး သိုသိုသိပ်သိပ်နဲ့ အနှစ်သာရရှိတယ်၊ ဘေးပတ်ဝန်းကျင်ကို လျှောက်ပြော ရင် ပေါ့ပြက်ပြက် ဖွယ်တယ်တယ် ဖြစ်သွားဘတ်တယ်"

ရွှေက မျက်ခုံးလေးပင့်ကာ မထိတရိ ပုံစံမျိုးလေး ဖြင့် နားထောင်နေသည်။ ဘာမှတော့ ပြန်မပြော။ ကျွန်တော့်မှာ သာ စည်းရုံးရေးဆင်းရင်း တစ်ကိုယ်လုံး ချွေးတွေနစ်လာသည်။

ဘာပဲပြောပြော အဲဒီညနေက နှစ်ထပ်ကွမ်း နန်းကြီး သုပ် တန်ခိုးဖြင့် ကျွန်တော့် ဗိုက်ထဲ အီဆိမ့်သွားခဲ့ရပါသည်။

မွေ့နဲ့ ရွှေရယ် … ကျွန်တော့်ကို အခက်တွေ့အောင် မလုပ်ကြပါနဲ့ … တောင်းပန်ပါတယ်။





"ဒါဆို … မင်း မွေ့ကိုပဲ ရွေးလိုက်တော့ …"

"ဒါဆို … မင်း ရွှေ့ကိုပဲ ရွေးလိုက်ကွာ …"

"ရွှေ့ပုံက ဟော့ရှော့ဖြစ်လွန်းတယ်ကွ …"

"မွေ့ကိုကြည့်ရတာ ခပ်တုံးတုံးပါကွာ …"

"မင်း မွေ့ကိုမထိနဲ့ ဝေယံ"

"မင်း ရွှေ့ကို မထိနဲ့ ဗညား"

"ဟာ … ဟော့ကောင်တွေ မွေ့နဲ့ ရွှေ့ကို ကြိုက်နေတာ မင်းတို့လား … ငါလား"

"ဟဲဟဲ … မင်းမှမင်းပါပဲကွာ …"

ကျွန်တော့်စိတ်မှာ ဒွိဟဖြစ်နေလို့ သူတို့ကို တိုင်ပင် …မှ သူတို့နှစ်ယောက်က ငြင်းခုံနေပြန်တာမို့ ကျွန်တော် ပို …ာ်တိုရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နှစ်ယောက်လုံးက ကျွန်တော့်ကို အားမပေးတဲ့အပြင် ဘေးကနေ မီးထိုးပေးကြပြန်သည်။

"မင်းအဖြစ်က အန္တရာယ်ကြီးလိုက်တာကွာ၊ တကယ့်ကို လက်တစ်လုံးခြားလေး ... သိသိလေး၊ နှစ်ယောက်စလုံးနဲ့သာ တစ်ပြိုင်တည်း ဆုံလိုက်ရရင် မင်းတော့ ကွဲပြီ လင်းရိပ် ..."

"ဘာကွဲတာလဲ"

"ပါးဖြစ်ဖြစ် ..."

"မင်းတို့ကလည်းကွာ ... မင်းတို့ပြောမှ ငါ ပိုစိတ်ညစ်လာပြီ"

"ဒီအတိုင်း ဆက်သွားရင် ရှေ့လျှောက် ဒါ့ထက်ပိုပြီး စိတ်ညစ်ရမှာ၊ ဒီအချိန်မှာ မင်း တိတိကျကျ ဆုံးဖြတ်ပြီး ရှေ့တိုးတန်တိုး၊ နောက်ဆုတ်တန်ဆုတ်လိုက်ရင် အချိန်မနှောင်းသေးဘူး"

"အဲဒီလို မလုပ်နိုင်လို့ စိတ်ညစ်နေတာပေါ့ကွ၊ မွှေ့ကိုရော ရွှေ့ကိုပါ ငါ မစွန့်လွှတ်နိုင်ဘူး၊ ရွှေ့ကိုလည်း ချစ်တယ်၊ မွှေ့ကိုလည်း ချစ်တယ်၊ ဘယ်သူ့ကိုမှ မပို၊ ဘယ်သူ့ကိုမှ မလိုဘူး၊ အညီအမျှပဲ ..."





"အေး ... မင်းစိတ်ကို မင်း မဝေခွဲနိုင်လို့ နှစ်ယောက်စလုံးရဲ့ ဆက်တွဲရအောင်လည်း သူတို့ချင်းက သူငယ်ချင်းတွေလေ ...၊ မင်း ကံကောင်းနေသေးလို့သာ မင်းနာမည်ကို စကားမစပ်မိကြသေးပေမယ့် အကျိုးအကြောင်းတော့ ပြောပြီးလောက်ပြီ"

"အခုနေတော့ သူတို့ ဖုန်းပြောရင်းပဲဖြစ်ဖြစ် မင်းနာမည်ကို သိသွားလောက်ပြီ၊ မင်း ဘုရားပဲ တ,နေလိုက်တော့"

"ဗညားရာ မင်းကလည်း မီးလောင်ရာ လေလာမပင့်စမ်းပါနဲ့၊ မင်းတို့နှစ်ယောက်လုံး အတူတူပဲ၊ လေပင့်ကောင်တွေ ..."

"မင်းက မီးတုတ်ဖြစ်နေလို့သာ ငါတို့ လေပင့်လို့ ရတာပေါ့ ..."

"ဟာ ... မီးဆိုလို့ ငါအကြံရပြီ ..."

ဖြန်းခနဲ ထအော်သော ဗညားကို ကျွန်တော် ခပ်စွေစွေကြည့်ရင်း ...

"မင်း ... ဘာမဟုတ်တာ ပြောဦးမလို့လဲ ..."

"အကောင်းပြောမလို့ ဟော့ကောင်၊ မင်း တို့မီးရှို့မီးလောင်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ ..."

"ငါပြောတာ နားထောင်၊ မင်း မွေ့နဲ့ ရွှေကြားကို တို့မိုး ရှို့မီး လုပ်ရမယ်၊ ရှင်းရှင်းပြောရရင် သူတို့နှစ်ယောက်ကြားကို သွေးခွဲသပ်လျှိုဖို့ပဲ၊ မင်း ဒီကိစ္စမှာ နယ်ချဲ့စနစ်ကို ကျင့်သုံးဖို့ လိုတယ်"

"ရှုပ်ပြန်ပြီ ..."

"နယ်ချဲ့ဆိုတာ တိုင်းရင်းသားချင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင် သွေးခွဲသပ်လျှိုပြီး အချင်းချင်း မတည့်ကြတော့မှ အလွယ်တကူ သိမ်းပိုက်ဖို့ ကြံကြတာ မဟုတ်လား၊ အဲဒီတော့ မင်းလည်း သူတို့နှစ်ယောက်ကို မတည့်အောင် လုပ်မှ ဖြစ်မယ်၊ သူတို့ချင်း တည့်နေလို့ကတော့ မင်းအတွက် ကြိုပ်ပဲ ..."

"အေးကွ ... ဒါလည်းဟုတ်တာပဲ၊ ငါ ဒီနေ့တောင် သူတို့ကို နည်းနည်းတော့ စကားသွင်းခဲ့သေးတယ်၊ ဒါပေမယ့် အရမ်း သိသိသာသာကြီးတော့ သွေးခွဲလို့ မဖြစ်ဘူး၊ ရိပ်မိသွားလိမ့်မယ်၊ မွေ့က နုံတယ်ထား၊ ရွှေက အကင်းပါးတယ်ကွ"





ကျွန်တော်တို့သုံးယောက် အကျိုတ်အနယ် ခွေးနွေးနေဆဲ ကျွန်တော့်ဖုန်းသံ မြည်လာပါသည်။

*"နှစ်ကိုယ်တူ ချစ်သမျှတွေ အလိုတူ ရှစ်ဆက်ကဲနေ၊ ဒီပါလုံး တစ်မိုးအောက် တစ်ယောက်ထင်နေ ..."*

"ဟ ... ဘယ်ကသီချင်းသံလဲ ..."

"ငါ့ဖုန်းကွ ... ငါ့ဖုန်းသံ၊ မွေ့ခေါ်နေတာ ..."

မွေ့က မြန်မာဆန်ဆန်ပုံမျိုးလေးမို့ ကျွန်တော်က မွေ့ခေါ်တဲ့ ဖုန်းသံကို 'နှစ်ကိုယ်တူ ချစ်သမျှ' သီချင်းသံလေး သွင်းထားခဲ့တာပင်။

"ဟဲလို ... မွေ့ ..."

"ကိုလင်းရေ ... မနက်ဖြန်မနက်ကျ ကိုလင်း မွေ့ဆီ လာမှာလား ..."

"လာမှာပေါ့ မွေ့ရဲ့ ..."

"ကိုလင်း အချိန်ရော ရလား"

"ရတာပေါ့ ... မနက်ပိုင်း တစ်ပိုင်းလုံး မွေ့အတွက်ပဲ"

"အဲဒါဆို အင်းလျားလမ်းသွယ်ထဲက သူငယ်ချင်းအိမ် မွေ့ ခဏသွားချင်လို့၊ ကိုလင်း လိုက်ပို့ပေးလို့ ဖြစ်မလား ..."

"သူ ... သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဟိုတစ်ခါ မွေ့ပြောတဲ့ လှည်းတန်းမှာ ဆိုင်ဖွင့်ထားတဲ့ သူငယ်ချင်းလေ၊ သူ့အဘွားနဲ့လည်း မွေ့က ခင်နေတာ၊ အဲဒါ အဘွားက ရွှေတောင်ခေါက်ဆွဲ စားချင်တယ်ဆိုလို့ မွေ့ချက်ထားတာလေး သွားပို့ချင်လို့ ..."

ဩော် ... ဒုက္ခနဲ့လှလှကို တွေ့ခိုင်းနေတော့တာပါပဲလား ...။ အဲဒီလို မနက်ပိုင်းတွေမှာ ရွှေ အိမ်မှာရှိနေတတ်ကြောင်း ကျွန်တော် သိထားပါသည်။ မွေ့ကြည့်ရတာ ရွှေနဲ့ ကျွန်တော့်ကို သိပ်ကို မိတ်ဆက်ပေးချင်နေပုံရပါသည်။ ကိုယ့်သေတွင်းကိုယ်တူးတယ်ဆိုတာ ဒါမျိုးကို ခေါ်တာများလား။

"ဟာ ... ဆောရီး မွေ့ရယ်၊ အဘွားဆိုလို့ ခုမှ သတိရတယ်၊ မနက်ဖြန် မနက်ကျ ကျွန်တော့် အဘွားကို ဘုရားလိုက်ပို့ဖို့ ရှိတယ်"

"ဒါဆိုလည်း သွားလေ ... မွေ့ဘာသာပဲ ကားငှားပြီး သွားလိုက်ပါ့မယ်"

"ဆောရီးနော် မွေ့ ..."

"ရပါတယ် ကိုလင်းရဲ့"

ကျွန်တော် သက်ပြင်းကြီးချကာ ဖုန်းပိတ်လိုက်တော့ ဗညားနဲ့ ဝေယံက ကျွန်တော့်ကို ပြုံးစိစိကြည့်ရင်း ဝေယံက ...





"မင်းအစား စိတ်ပင်ပန်းလိုက်တာကွာ၊ မင်းကို ငါ့ကူညီမှ ဖြစ်တော့မယ် ထင်တယ် ..."

"ဆိုပါဦး ..."

"ရွှေ့ကို ငါပဲ ဆက်ကြိုးစားလိုက်မယ်လေ၊ မင်းမှာ တစ်ယောက်တာဝန် ပေါ့သွားတာပေါ့"

"မင်း လဲသေလိုက် ဝေယံ ..."

ကျွန်တော်က ခုံအောက်က ဝေယံခြေထောက်ကို လှမ်းကန်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်သည် ကိုယ့်အရှက်ကို ဖက်နဲ့ထုပ်ကာ အန္တရာယ်ဖုန်ထဲမှာ ဘုရားတ၍ ရပ်တည်နေရလေသည်။

မွေ့နဲ့ တွေ့တုန်း ရွှေ့ဆီက ဖုန်းလာလျှင်၊ ရွှေနဲ့တွေ့တုန်း မွေ့ဆီက ဖုန်းလာလျှင်၊ ကျွန်တော့်မှာ "ဟင်–ဟမ်–အဲ" လုပ်ကာ ဒုက္ခများရပြီ။ ညာဏ်နီညာဏ်နက်တွေ ဆင်ရပြီ။ ထိုအခါများမှာ ကျွန်တော့် တစ်ကိုယ်လုံး ချွေးပင်လယ်ထဲ မျောမတတ်ဖြစ်ကာ စိတ်ဖိစီးရ၏။

မွေ့နဲ့တွေ့တုန်း ရွှေ့ဆီက ဖုန်းလာလျှင်. မွေ့က ဘာသိဘာသာ နေတတ်ပေမယ့် ရွှေကတော့ ဒီလိုမဟုတ် ... မသက်သာလို့နှင့် စပ်စုတတ်၏။



BURMESE CLASSIC .com



"လင်းရိပ်ရယ် ... ရှင့် ဖုန်းသံကလည်း တောသီချင်းသံကြီးပဲ ... တုံးလိုက်တာ ..."

"တောသီချင်း မဟုတ်ပါဘူး ရွှေရယ်၊ ဒါ မြန်မာသံစစ်စစ် သကြီနီမိုး ကားထဲမှာတောင် ပါသေးတယ်လေ ..."

"ရွှေတော့ ဒီသီချင်းမျိုး မကြိုက်တတ်ပါဘူး၊ ဒါနဲ့ ရှင်က ဘယ်သူ့ဆီက ဖုန်းမို့လို့ နှစ်ကိုယ်တူ ချစ်သမျှ သီချင်းသွင်းထားရတာလဲ ..."

"ဘယ်သူ့ဆီက ဖုန်းပဲဖြစ်ဖြစ် ကိုယ်က သီချင်းကြိုက်တတ်လို့ သီချင်းသံတွေပဲ ထည့်ထားတာပေါ့၊ ရွှေ့ဖုန်းဆိုစတော်ဘယ်ရီ ချစ်သည်းရှင် သီချင်းသံ ထည့်ထားတာ"

ကျွန်တော်က ညို့တို့တို့လေးပြောရင်း ရွှေ့ကို ရွှန်းရွှန်းစားစား ကြည့်လိုက်တော့ ရွှေက မထိတရိလေး ပြုံးကာ မသိချင်ယောင်ဆောင်နေသည်။ ရွှေ့ရဲ့ အဲ့ဒီအပြုံးလေးက ခပ်မိုက်မိုက်မို့ ကျွန်တော် အင်မတန် သ[illegible]ျသည်။

"ရွှေ ..."

"ဆို ..."

"ရွှေ့ ဖုန်းမြည်သံကို အဲ့ဒီ သီချင်းလေး ထည့်ထားတာ ရွှေ သဘောကျရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေ့ဖုန်းမှာ ထည့်ထားတာမှ မဟုတ်တာ လင်းရိပ်ရဲ့၊ ရှင့်ဖုန်းမှာ ထည့်ထားတာတော့ အဲဒီအသံကို ရှင်ပဲ ကြားရတာ၊ ရှင် သဘောကျဖို့ပဲ လိုတာပေါ့ ..."

"ကျွန်တော် သဘောကျရုံနဲ့ ဘယ်ပြီးမလဲ၊ ကာယကံရှင် ရွှေ ကိုယ်တိုင်လည်း သဘောကျဖို့ လိုတာပေါ့"

"ဟင် ... ဘာမှလည်း မဆိုင်ဘူး"

"အခု မဆိုင်သေးပေမယ့် နောက်ဆိုင်လာရင်ရော ..."

ရွှေက သူ့ရုက်ပြီး ဘာမှမပြောတတ်လျှင် လုပ်နေကျ ပုံစံလေးအတိုင်း နှာခေါင်းရှုံ့ဆဲ ...

ကျွန်တော်ကလည်း ထိုပုံစံလေးကို တမေ့တမော ငေးဆဲ ...

"ရွှေရေ ... မွေ့ပါ ... ၊ ရွှေရေ ... မွေ့ပါ ..."

"အမလေးဗျ ..."

ရုတ်တရက် အနီးကပ်ကြီး ဆက်တိုက်ကြားလိုက်ရသော မွေ့အသံကြောင့် ကျွန်တော် လန့်ဖျပ်ခုန်ထမိတော့ ရွှေက ရယ်မောရင်း ...

"ရွှေ့ ဖုန်းသံပါ လင်းရိပ်ရဲ့၊ ရွှေ့သူငယ်ချင်း မွေ့ဆိက





ဖုန်းလေ၊ ရွှေတို့နှစ်ယောက်က သိပ်ချစ်ကြတော့ ဖုန်းမြည်သံကို သူ့အသံ ကိုယ့်အသံ ဖလှယ်ပြီး သွင်းထားလိုက်တာ၊ မွေ့ဖုန်းကို ရွှေခေါ်ရင်လည်း မွေ့ဖုန်းက မွေ့ရေ ရွှေပါလို့ မြည်တာပဲ၊ ရွှေ့အသံသွင်းပေးထားလို့လေ ..."

"ရွှေရေ ... မွေ့ပါ၊ ရွှေရေ ... မွေ့ပါ ..."

"ဟော ... ဟော ... ခေါ်နေပြန်ပြီ၊ လုပ်ပါ ရွှေရဲ့ ... ကိုင်လိုက်ပါ၊ ကျွန်တော် ကြောက်လို့ပါ"

"ဟင် ... ဘာကိုကြောက်တာလဲ ..."

"ဘာမှ မဟုတ်ပါဘူး၊ စကားများပြောတာပါ၊ ကိုင်လိုက်ပါ၊ ကိုင်လိုက်ပါ"

ရွှေက ရယ်မောရင်း ဖုန်းဖွင့်နားထောင်လိုက်ပါသည်။

"ဟဲလို ... မွေ့ ... ပြော ... ၊ အဟင်း ... ငါလား ... ကော်ဖီသောက်နေတယ်၊ အင်း ... တစ်ယောက်တည်းတော့ ဘယ်ဟုတ်မလဲ၊ အေး ... နင်ထင်တဲ့ အတိုင်းပဲ၊ အဟင်း ... နောက်မှပြောပြမယ်"

ဘုရား ... ဘုရား ... ဘာတွေ ဖောက်သည်ချဦးမလို့ပါလိမ့်။ ကျွန်တော့်မှာ ရွှေက မွေ့နဲ့ ကျွန်တော့်ရှေ့မှာ ဖုန်းပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ထိုင်ကြည့်ရင်း ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ ခံစားနေရသည်။ မျက်နှာပဲ ပူသလိုလို ...။

ရွှေ ဖုန်းပြောတာကလည်း တော်တော်နဲ့ မပြီး။ ကျွန်တော့်မှာလည်း ချောင်းတောင်မဟန့်ရဲ။ ကျွန်တော့် ချောင်းဟန့်သံကို တစ်ဖက်က မေ့ မှတ်မိသွားမှာ စိုးရသေးသည်။ ကျွန်တော့်မှာ ရွှေ့ရှေ့မှာ မလှုပ်မယှက် ကုပ်ချိချိလေး ထိုင်ရင်း စိတ်ထဲကနေ သမ္ဗုဒ္ဓေ ရွတ်နေသည်။ (ဆိုင်သလား မဆိုင်သလားတော့ မသိ)

"ဩော် ... ဟဲ့ ... မေ့ ... အဘွားကပြောနေတယ် သိလား၊ နင်လာပို့တဲ့ ရွှေတောင်ခေါက်ဆွဲက အရမ်းစားကောင်းတယ်တဲ့၊ နောက်တစ်ခါ ချက်ပို့ဦးမလို့လား၊ အေး ... ဒီတစ်ခါလာရင်တော့ နင့်လူကို အပါခေါ်ခဲ့ဟယ်၊ အေးလေ ... အဲဒီနေ့တုန်းကလည်း နင့်လူပါမယ်ဆိုလို့ ငါ့မှာ သွားစရာရှိတာတောင် မသွားဘဲ စောင့်နေရတာ၊ နင်တစ်ယောက်တည်း သဘောနဲ့တော့ လုံးဝ မဆုံးဖြတ်နဲ့နော်၊ ငါ အရင်အကဲခတ်ကြည့်ဦးမှာ"

ရွှေ့စကားကို ကြားရတာ အသည်းယားလာသည်။ ခြိမ်းခြောက်ခံရသလို ခံစားနေရသည်။





တော်တော်ကြာမှ ရွှေက ဖုန်းချကာ ...

"ရွှေ့သူငယ်ချင်းက အရမ်းရိုးအေးတာ လင်းရိပ်ရဲ့၊ အဲဒါကြောင့် သူ အဲညာမမိအောင် ရွှေက အမြဲ သတိပေးနေရတာ၊ ခုတောင် လူတစ်ယောက်က သူ့ကို ချဉ်းကပ်နေတယ်ဆိုလို့ ရွှေက စိတ်ပူနေတာ ...၊

"မေ့ ပြောတာတော့ ဘုရားမှာ တွေ့ခဲ့တယ်ဆိုလားပဲ၊ ဒါပေမယ့် ယောကျ်ားဆိုတာ ဘုရားမှာ တွေ့လာတိုင်း သူတော်ကောင်းလို့ ပြောလို့ရတာမှ မဟုတ်တာ၊ ကြောင်သူတော် ကြွက်သူခိုးတွေ၊ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးတွေ၊ သူတော်ယောင်တွေမှ အများကြီး ..."

ရွှေက ကျွန်တော့်ကို စကားလုံးများဖြင့် ပစ်ပေါက်လိုက်တာမို့ ကျွန်တော့် ကျောထဲက စိမ့်တုန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွေ့ ..."

"ဟင် ... ပြောလေ ကိုလင်း"

"မွေ့ ဒီနေ့ သိပ်လှတာပဲ ..."

"နေ့တိုင်း ဒီလိုပဲ ပြောနေတာပဲလေ"

"မွေ့က နေ့တိုင်းလှနေတာကိုး၊ ပြီးတော့ မွေ့က ..."

"မွေ့ရေ ... ရွှေပါ၊ မွေ့ရေ ... ရွှေပါ"

"ဟော ... ရွှေ့ဆိက ဖုန်း"

သေစမ်းကွာ ...။

ကျွန်တော့်ရဲ့ နူးနူးညံ့ညံ့အပြော၊ ချစ်ရည်ရွှန်းတဲ့ အကြည့်၊ မွေ့ရဲ့ ရှက်ပြုံးကလေးတို့ စည်းချက်ကျကျ ငြိတွယ်နေဆဲ ဖုန်းမြည်သံက ရူးရူးဝါးဝါး ဝင်နှောင့်ယှက်လိုက်တာမို့





ကျွန်တော့်မှာ ထိုင်ခုံနောက်မှီကို ပြေလျော့စွာ မှီချ နှမ်းနယ်နုံးဖျော့သွားပါသည်။

"ရွှေရေ ... ပြောလေ၊ အေးပါ ရွှေရယ် ... စိတ်ချပါ၊ အင်းအင်း ... ဟုတ်တယ်၊ ကျောင်းထဲမှာပဲ၊ ကန့်တင်းထိုင်နေတာ၊ လာမလို့လား ..."

မြတ် ... မြတ်စွာဘုရား။ လာ ... လာမလို့တဲ့။

"အေးပါ ... ခဏနေဦး၊ ငါ မေးကြည့်လိုက်ဦးမယ်"

မွေ့က ဖုန်းကို လက်ဖြင့်အုပ်ထားပြီး ကျွန်တော့်ကို လှည့်ကြည့်တော့ ပြုံးကျယ်ဝိုင်းစက်နေသော ကျွန်တော့်မျက်လုံးများနှင့် အကြည့်ချင်းဆုံသွားသည်။

"ကိုလင်း ... ဟင် ... ဘာဖြစ်နေတာလဲ"

"ဗိုက် ... ဗိုက်အောင့်လာလို့ ..."

"ဟင် ... ဟုတ်လား၊ ရွှေရေ ... နင်မလာနဲ့တော့၊ ဒီမှာ ငါ့သူငယ်ချင်းက ဗိုက်အောင့်နေလို့၊ ငါဖုန်းချလိုက်တော့မယ်"

ကြောက်အားလန့်အားဖြင့် မျက်လုံးပြူးကာ ချွေးသီးချွေးပေါက်တွေ ကျလာသော ကျွန်တော့်ကို တကယ် ဗိုက်အောင့်နေတာဟု မွေ့က ယုံကြည်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလင်း ... ရရဲ့လားဟင်၊ တော်တော် အောင့်နေလား၊ ဆေးရှုံသွားမလား"

"ခဏ ... ခဏလေး ... လေအောင့်တာလား မသိဘူး၊ ခဏလေး ငြိမ်နေလိုက်ရင် ကောင်းသွားမယ်ထင်တယ်"

ကျွန်တော်က စားပွဲပေါ် မျက်နှာမှောက်ချကာ ခဏ ငြိမ်နေလိုက်ရသည်။ သို့သော် စိတ်တော့မအေး။ ရှေ့က ခွတ်တရွတ်မို့ မေ့က မလာနဲ့ ပြောထားလည်း ဖြုန်းခနဲ ရောက်ချလာလျှင် အခက် ...။ ဒီနေရာက အမြန်ခွာမှပင်။

ကျွန်တော်က ဖြုန်းခနဲ ထရပ်မိကာ ...

"မေ့ ... လာ ... သွားကြမယ်"

"ဟင် ... ဗိုက်အောင့်ပျောက်သွားပြီလား ..."

"နည်းနည်းတော့ အောင့်သေးတာပေါ့၊ ဒါပေမယ့် ကိုယ်ခံနိုင်ရည် ရှိပါတယ်၊ မေ့လည်း အတန်းပြီးတော့ နားချင်နေမှာပေါ့၊ ကိုယ် ပြန်လိုက်ပို့ပေးမယ်"

"ကားမောင်းနိုင်ရဲ့လား"

"မောင်းနိုင်ပါတယ်"

ကျွန်တော်က မေ့ကို ပြန်လိုက်ပို့ပေးဖို့ ကားဆီ ခေါ်လာခဲ့သည်။





ကားက လှည်းတန်း မီးပွိုင့်မှာ အကြာကြီး မီးနီမိနေတော့ ကျွန်တော်က မေ့ကို လှည့်ကြည့်ရင်း ...

"မေ့နဲ့ မေ့ သူငယ်ချင်းက သိပ်ခင်ကြတာပဲနော် ..."

"ဟုတ်တယ် ကိုလင်းရဲ့"

"မေ့တို့တော့ မသိဘူး၊ တချို့မိန်းကလေး သူငယ်ချင်းတွေကျတော့ သိပ်ချစ်သလိုလိုနဲ့ စိတ်ထဲက ကျိတ်မြိုင်နေကြတာ၊ မေ့တို့ကို သွေးခွဲတာ မဟုတ်ဘူးနော်၊ လူ့သဘာဝ ဖြစ်တတ်တာလေးတွေကို ပြောပြတာပါ၊ သူငယ်ချင်းဆိုတိုင်း အလုံးစုံပုံပြီး ယုံကြည် ရင်ဖွင့်သင့်တာ မဟုတ်ဘူးလေ ..."

"ရွှေကတော့ ယုံကြည်ရတဲ့ သူငယ်ချင်းပါ"

"လူ့စိတ်ဆိုတာ မပြောနိုင်ဘူးလေ ..."

မေ့က တွေတွေလေး ငေးသွားတော့မှ ကျွန်တော်

ဘ စကားလမ်းကြောင်း ပြောင်းရသည်။

"မေ့ ... ခုန ကျွန်တော့်ကို အရမ်းစိုးရိမ်သွားလား"

"စိုးရိမ်တာပေါ့ ...၊ ကိုလင်းက ရုတ်တရက်ကြီး မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ချွေးသီးချွေးပေါက်တွေပါ ထွက်လာတော့ သိပ်များအောင့်နေသလားလို့ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေ့က ကျွန်တော့်ကို ဘာလို့ စိုးရိမ်တာလဲ ..."

"သူငယ်ချင်းမို့လို့ပေါ့ ..."

"ကျွန်တော်က သူငယ်ချင်းတွေ စိုးရိမ်ပေးတာကို မကြိုက်ဘူး၊ ချစ်သူက စိုးရိမ်ပေးတာပဲ ကြိုက်တာ"

ကျွန်တော်က ရိသဲ့သဲ့လေး ပြောတော့ မေ့က မသိချင်ယောင်ဆောင်ပြီး တစ်ဖက်လှည့်သွားသည်။ မေ့ ရှက်နေမှာ ကျွန်တော် သိပါသည်။ မေ့က ခေါင်းကလေးငုံ့ပြီး ငြိမ်နေသည်။

ကျွန်တော် မေ့ကြားသာရုံ တိုးတိုးဖွဖွလေး ပြောလိုက်မိသည်။

"ကျွန်တော့် ဘဝမှာလေ ... တစ်ချိန်ချိန်ကျ ကျွန်တော့်ရင်ထဲက တကယ် ခံစားပြီး ချစ်ရတဲ့သူ တွေ့တဲ့အခါ ... ကျွန်တော် ချစ်ရတဲ့သူက ဘယ်သူ့ကိုမှ မတိုင်ပင် ဘယ်သူ့ဆုံးဖြတ်ချက်ကိုမှ မနာခံ၊ ဘယ်သူ့ ထင်မြင်ချက်ကိုမှ ခေါင်းထဲမထည့်ဘဲ တကယ့် ခံစားချက်အစစ်အမှန်ရဲ့ တွန်းအားနဲ့ ကျွန်တော့်ကို ပြန်ချစ်တဲ့ အချစ်မျိုးကို သိပ်လိုချင်ခဲ့တာပဲ မေ့ရယ်"

မေ့က ခေါင်းကလေး မော့ကာ ကျွန်တော့်ကို ကြည့်သည်။





မေ့နဲ့ ကျွန်တော် မျက်လုံးချင်း အကြာကြီး ငြိတွယ်နေဆဲမှာ မိုးပွိုင့်က စိမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဆုံးဖြတ်တတ်တော့ဘူး၊ မဆုံးဖြတ်တတ်တော့ဘူး"

ကျွန်တော် ခေါင်းတယမ်းယမ်းနှင့် ထိုစကားကိုပဲ ထပ်တလဲလဲ ပြောမိနေသည်။

ကျွန်တော့် အချစ်ကို ဖွင့်ဟလိုက်ချင်ပြီ။

သို့သော် ... တစ်ယောက်တည်းကို ဖွင့်ဟချင်တာတော့ မဟုတ်။ တစ်ယောက်ယောက်ကို ဖွင့်ပြောမယ် စဉ်းစားတိုင်း ကျန်တစ်ယောက်ကို နမြောတသစွာ ခံစားရသည်။ ဆုံးရှုံးသွားသလို ရင်ထဲမှာ နင့်တင့်တင့်ဖြစ်လျက် ဝမ်းနည်းနာကျင်လာတတ်သည်။

မိန်းမပီသစွာ နူးညံ့အေးဆေးသော မေ့ကိုလည်း မစွန့်နိုင်။ သွက်လက်ထက်မြက်သော ရွှေ့ကိုလည်း မစွန့်နိုင်။ ရသနှစ်မျိုး ရင်မှာလာငြိနေတာ ဖြုတ်ထုတ်လို့ကိုမရ။





"မင်း မဆုံးဖြတ်တတ်ရင် သူတို့ရဲ့ အဆုံးအဖြတ်ကို ခံယူလိုက်ပါ လင်းရိပ်ရာ"

ဗညားရဲ့ အကြံပြုစကားကြောင့် ကျွန်တော့်ခေါင်းက ဆတ်ခနဲ မတ်လာသည်။

"ဘယ်လို ... ဘယ်လို ... ဘယ်လို"

"မင်းက နှစ်ယောက်ထဲက တစ်ယောက်ကို မရွေးနိုင်ဘူးဆိုမှတော့ နှစ်ယောက်စလုံးကိုပဲ ရည်းစားစကား ပြောပစ်လိုက်ပေါ့၊ သူတို့ နှစ်ယောက်ထဲကနေ မင်းကို ပြန်ချစ်တဲ့သူက မင်းချစ်သူပေါ့"

"နှစ်ယောက်စလုံးက ပြန်ချစ်ရင်ရော ..."

"ဟ ... ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှချည်လား"

"နှစ်ယောက်စလုံးက မီးစိမ်းပြထားတာပဲကွ ..."

"မေ့က မင်းကိုယုံတယ် ထားပါတော့၊ ရွှေ့လို ဟောရှော့ဒေဝီက မင်းကို မြန်မြန်ဆန်ဆန် ပြန်ကြိုက်ပါ့မလား"

"ရွှေ့မျက်လုံးတွေကို ငါနားလည်ပါတယ်ကွာ ..."

"ဒါဆိုလည်း ရည်းစားနှစ်ယောက် ပြိုင်တူထားလိုက်ပေါ့ကွာ၊ ကဗျာဘွဲ့မှူး သီချင်းတောင်ရှိသေး ... ရည်းစားနှစ်ယောက်ရှိရင် သိပ်သိပ်ပြီးတော့ ကောင်းမှာပဲတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေဝေနေပါသည်။ ဘာကို ဘယ်လို ဆုံးဖြတ်ရမှန်း မသိတော့ပါ။ ဗညားပြောသလို ရွှေနဲ့ မွေ့ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူလိုက်တာ ကောင်းလေမလား။





ကျွန်တော်သည် ရှေ့ဆက်ဘာလုပ်ရမှန်းမသိအောင် အာရုံတွေ လုံးထွေးနေဆဲ တနင်္လာနေ့ မနက်တွင် မွေ့နှင့်အတူ ဘုရားသို့ သွားပြီးနောက် သိဂုတ္တရဥယျာဉ် ထဲက မြက်ခင်းစိမ်း ကလေးပေါ်မှာ ထိုင်မိကြလေသည်။

လေနုအေးကလေးကလည်း တသုန်သုန် နွဲ့လျက် တိုက်ခတ်နေသည့် သာယာသော မနက်ခင်းတွင် မွေ့နှင့်အတူ နှစ်ယောက်တည်း ရှိနေခြင်းက ကျွန်တော့်စိတ်ကို ရုတ်ခြည်း ယိုင်နဲ့ညွတ်ပျောင်းသွားစေသော အချက်တစ်ချက် ဖြစ်ခဲ့၏။

ထိုအချိန် ထိုနေရာမှာ မွေ့ကို ချစ်စကားဆိုလိုက်ဖို့ မရည်ရွယ်ခဲ့တာတော့ အမှန်ဖြစ်၏။ သို့သော် ... အပြာရောင် ဝတ်စုံကလေးဖြင့် မြက်ခင်းစိမ်းလေးပေါ်မှာ နွဲ့နွဲ့လေး ထိုင်နေသော မွေ့ကိုငေးကြည့်ရင်း ကျွန်တော့်စိတ်တွေ လှုပ်ရှားလွင့်ခဲ့ရသည်။



www.burmeseclassic.com

"မွေ ..."

"ရှင် ...၊ ပြောလေ ကိုလင်း ..."

"ကျွန်တော် ဒီကနေ တစ်သက်လုံး မပြန်လို့ ရမလား မသိဘူး"

"ဘာဖြစ်လို့ ..."

"ဒီနားလေးကို သဘောကျလို့ ..."

"ဒီနားလေးမှလား၊ ဒီလို မြက်ခင်းစိမ်းနဲ့ သာယာတဲ့ နေရာတွေ အများကြီးရှိတာပဲ ကိုလင်းရဲ့ ..."

"ဒါပေမယ့် ဒီနားလေးကိုပဲ သဘောကျတယ်"

"ကိုလင်းကလေ ကလေးကျနေတာပဲ"

"ဒီနားလေးမှာပဲ တစ်သက်လုံး နေရင် မွေ ခွင့်ပြုမှာလား"

"မွေ့နဲ့ ဒီပန်းခြံနဲ့မှ မဆိုင်တာ၊ ဒီနားလေးကို ပိုင်တဲ့သူတွေကို သွားပြောပေါ့"

"ကျွန်တော်ပြောတဲ့ ဒီနားလေးဆိုတာက မွေ့ရဲ့ နားလေးကို ပြောတာ၊ မွေ့ရဲ့ နားမှာ ခုလိုလေး အမြဲနေချင်လို့ ပြောတာ"

"ဟင် ... ဘာမှန်းလည်းမသိဘူး"





"ကျွန်တော်လေ ... မွေ့နားမှာ ဒီလိုလေး နေရတိုင်း စိတ်ထဲမှာ အေးချမ်းတည်ငြိမ်ပြီး ကြည်နူးနေတတ်တယ် ..."

ကျွန်တော် ညာနေတာတော့ မဟုတ်ပါ။ စိတ်ထဲမှာ ခံစားရတဲ့အတိုင်း ပြောပြနေမိတာပင်။

မွေ့က ရုတ်တရက် အရှက်သည်းကာ ခေါင်းငုံ့သွားသည်။ ငြိမ်သက်သွားသည်။ မွေ့နားနောက်မှာ ညှပ်ထားသော ဆံပင်စ တချို့က နားသယ်စပ်ဆီ ပြုကျလာသည်။ ကျွန်တော်က မွေ့ဆံပင် ပျော့ပျော့ ဖြောင့်ဖြောင့်လေးကို အသာအယာ ပင့်တင်ပေးလိုက်ရင်း ...

"ဟင် ... မွေ့ ... ကျွန်တော် နေမယ်ဆို ခွင့်ပြုမှာလား"

"မွေ့ မပြောတတ်ဘူး ..."

"အမေးရှိရင် အဖြေရှိရတယ်၊ ချစ်တဲ့သူရှိရင် ပြန်ချစ်တဲ့သူလည်း ရှိရတယ်"

"ကိုလင်းက စကားတတ်လိုက်တာ ..."

"မွေ့ကို ကျွန်တော် ချစ်လိုက်တာ ..."

မွေ့က ခေါင်းငုံ့လို့သာနေတော့သည်။

ကျွန်တော်က ငေးကြည့်လို့သာ နေမိသည်။

မွေ့က မသိမသာ ခေါင်းကလေးငဲ့ကာ ကျွန်တော့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကို ငုံကြည့်တော့မှ ကျွန်တော်က မွေ့ကို ချစ်မျက်ဝန်းများဖြင့် ညှို့ခေါ်ထားလိုက်ရင်း ...

"မွေ့ကို ကိုယ်သိပ်ချစ်တယ် မွေ့ ...၊ မွေ့ဆီက ချက်ချင်းကြီးတော့ အဖြေမတောင်းပါဘူး၊ မွေ့အချစ်ကို တကယ်ခံစားရမှ ကိုယ့်ကိုအဖြေပေးပါ၊ မွေ့ရဲ့ ခံစားချက်စစ်စစ်နဲ့ ပြန်ချစ်တာကိုပဲ ကိုယ်လိုချင်တယ်၊ ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ၊ ဘယ်သူ့တိုက်တွန်းမှုမှ မပါဘဲ တုံ့ပြန်လာမယ့် မွေ့ရဲ့အချစ်ကို ကျွန်တော် ခံယူချင်တယ်၊ မွေ့ ကိုယ့်ခံစားချက်ကို ကိုယ်ယုံကြည်တယ်ဆိုရင် မွေ့ရင်ထဲမှာ ခံစားရတဲ့အတိုင်း ကိုယ့်ကို တုံ့ပြန်ပါ မွေ့ရယ် ... နော်"

မွေ့က ညင်သာစွာ ခေါင်းညိတ်ပြသည်။

ရင်ထဲရှိတာတွေ ဖွင့်ပြောလိုက်ရတာမို့ ကျွန်တော့်ရင်ဘတ်တစ်ခြမ်း ပေါ့သွားသည်။

သို့သော် ... ကျန်တစ်ခြမ်းက လေးပင်နေဆဲဖြစ်တာကို သတိပြုမိလိုက်ပါသည်။





"ဟောကောင် ... မင်း မတရားဘူး"

ဝေယံရဲ့ အပြစ်တင်စကားက ကျွန်တော့်နားထဲမှာ စူးထိုးနေသည်။ ခင်းက ကျွန်တော့် နားပင်းသွားအောင် နားနားကပ်ပြီး အော်ခဲ့တာဖြစ်သည်။

မွေ့ကို ဖွင့်ပြောပြီးမှ ရွှေကို ထပ်ပြောရင် ကောင်းပါ့မလား။ နှစ်ယောက်လုံးအပေါ် မတရားရာများ ကျနေမလားဟု ကျွန်တော် ဦးစားတွေဝေနေခဲ့မိသေးသည်။

ထိုသို့ တွေဝေနေဆဲမှာပင် ရွှေ့ကို တမ်းတနေမြောမိသော ခံစားချက်က ကျွန်တော့်ရင်ကို နာကျင်စေခဲ့တာ ဖြစ်သည်။

ရွှေ့ကိုလည်း ကျွန်တော် မစွန့်လွှတ်နိုင် ...။ ရွှေ့ကြောင့် ကျွန်တော့်ရင်ဘတ်တစ်ခြမ်းဟာ လေးနေခဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ခံစားရတာချင်း အတူတူ မွေ့ကိုကျတော့ တရားဝင် ဖွင့်ပြောပြီး ရွှေ့ကိုကျတော့ ဥပေက္ခာပြုထားတာ တရားသလားကွ ..."

ရွှေနဲ့ သဘောတူသော ဝေယံရဲ့ မခံချိမခံသာ ကိုးန်းဝါးသံ။

"သူက မွေ့ကို ပိုချစ်လို့ မွေ့ကိုပဲ ပြောတာပါကွ၊ ဘာဖြစ်လဲ ..."

မွေ့နဲ့ သဘောတူသော ဗညားရဲ့ ဝံ့ကြွားသံ ...။

"ရွှေကိုလည်း ဒီကောင် ချစ်တာပဲ၊ မင့် မွေ့က တစ်ခုခု ဖြားယောင်းလိုက်လို့သာ ဒီကောင် မွေ့ကို အရင်ပြောဖြစ်သွားတာ ..."

"ဟေ့ကောင် ... မင်း မွေ့ကို ဒီလိုမပြောနဲ့၊ မွေ့က ဣန္ဒြေရရလေး၊ ဖြားယောင်းမယ့် ဖြားယောင်း မင်းရဲ့ မရွှေဆတ်စလူးကသာ ဖြားယောင်းမှာ ..."

"ကုပ်ကမြင်းတွေက ပိုကြောက်ရတာ"

"ဘာပဲပြောပြော အရင်ပြောဖြစ်တာကိုက ခံစားချက်တွေနဲ့ အားပမာဏ ပိုများတဲ့ သဘောပဲ ..."

ဗညားနဲ့ ဝေယံရဲ့ အချင်းများသံ ...။

နိုး နိုး ဇာ ဓဓ



နှစ်ယောက် စလုံးကို ပြောတာက မတရားတာလား ... ?

တစ်ယောက်တည်းကို ပြောမိတာက မတရားတာလား ... ?

ကျွန်တော် ချက်ချင်း မဝေခွဲနိုင်ဘဲ ဒွိဟဖြစ်နေပြီးမှ ရွှေ့ကို သတိရကာ ရင်ထဲမှာ ဝုန်းဒိုင်းကျဲလာတာမို့ ဖြုန်းခနဲ မတ်တတ်ထရပ်လိုက်ပြီး ...

"ဟုတ်တယ် ... ငါမတရားဘူး ... ငါမတရားဘူး ..."

ဟု ရေရွတ်ရင်း ဗညားတို့ရှေ့မှ ပြေးထွက်လာခဲ့သည်။

"ဟေ့ကောင် ... ဘယ်လဲ ..."

"ရွှေ့ဆီ ..."

နိုး နိုး ဇာ ဓဓ

www.burmeseclassic.com

www.burmeseclassic.com



"ရွှေ ..."

"ဆို ..."

ကျွန်တော့်ခေါ်သံကို ရွှေက ရယ်သံတစ်မျိုးဖြစ် တုံ့ပြန်လိုက်သည်။ မျက်ခုံးကလေးပင့် ... မျက်လုံးလေး စွေကြည့်နေသော၊ ဆံပင်ကောက်တွေကြားမှာ တစ်ခါတစ်ခါ တူတူပုန်းနေတတ်တဲ့ ချစ်စရာ မျက်နှာကလေး ...။ အဲ့ဒီပုံစံကလေးကို ကြည့်ကာ ကျွန်တော့်စိတ်တွေ မြူးတူးရွှင်ပျလာသည်။

မွေ့ဆိုလျှင်တော့ ဒီလိုမထူး။ 'ပြောလေ ကိုလင်းရဲ့' ဟု သိမ်သိမ်မွေ့မွေ့ ပြန်ပြောတတ်သည်။ အဲ့ဒီ အခါများမှာ ကျွန်တော် ကြည်နူးရပြီး ခုလို ရွှေရဲ့ 'ဆို' ကလေးကို ကြားတော့လည်း တက်ကြွလန်းဆန်းလာရတာပင်။ ကျွန်တော်သည် အချစ်





နှစ်ခု ရသနှစ်မျိုးကို တစ်ပြိုင်တည်း ခံစားခွင့်ရသောသူ တစ်ယောက် ဖြစ်ပါသည်။

"ရွှေကို ကိုယ် စကားတစ်ခွန်းလောက် ပြောစရာရှိတယ်"

"ဘာလဲ ... အသံဝင်နေလို့လား"

"ဟင် ... ဘာကိုပြောတာလဲ ..."

"အသံဝင်နေလို့ တစ်ခွန်းပဲ ပြောနိုင်မှာလားလို့ မေးတာလေ၊ ကဲ ... ပြောစေ ... တစ်ခွန်းမှ တစ်ခွန်းပဲနော်၊ တစ်ခွန်းထက် ပိုပြောရင် လင်းရိပ်ရဲ့ စကားကို ရွှေ မကြားလိုက်ဘူးလို့ပဲ သဘောထားမယ်၊ ကဲ ... စပြောတော့လေ"

"ချစ် ..."

"ဪ ... အုန်းခြစ်လိုချင်လို့လား၊ လှည်းတန်းဈေးထဲမှာ ရွှေ သွားရှာဝယ်ပေးရမလား"

ကျွန်တော် ခေါင်းခါပြလိုက်သည်။

"ဪ ... သိပြီ၊ မီးခြစ် လိုချင်တာကိုး၊ လင်းရိပ်က စီးကရက် သောက်တတ်လို့လား"

ကျွန်တော် ခေါင်းခါပြရပြန်သည်။

"ဒါလည်း မဟုတ်ဘူးကိုး၊ ဪ ... နားလည်ပြီ၊ နား



www.burmeseclassic.com

www.burmeseclassic.com



လည်ပြီ၊ ရွှေ့ဆိုင်က ကောင်မလေး ချစ်ချစ်ကို ပြောတာလား၊ ဘာစိုင်းချင်လို့လဲ၊ သူပြန်သွားပြီ လင်းရိပ်ရဲ ..."

ခေါင်းခါရ၏။

"မချစ်ရ သရက်သီး စားချင်လို့လား ..."

ကျွန်တော် ခေါင်းသွက်သွက်ခါရင်း ရယ်မိတော့ ရွှေကလည်း ရယ်လေသည်။ ကျွန်တော်က တံတွေးတစ်ချက် မျိုချကာ ရွှေ့ကို စိုက်ကြည့်မိရင်း ...

"ရွှေရယ် ... ရွှေ့ကို ... ရွှေ့ကိုလည်း ကျွန်တော်ချစ်တယ်"

ရွှေက သူ့ရှက်ရင် ပြုမူနေကျအတိုင်း နှာခေါင်းကလေး ရှုံ့ကာ သူ့မျက်နှာလှလှလေးကို ဆံပင်တွေကြားမှာ ဖွက်လိုက်သည်။ သို့သော် ချက်ချင်း ခေါင်းပြန်မော့လာကာ ...

"နေပါဦး ... ရွှေ့ကိုလည်း ချစ်တယ်ဆိုတော့ ရွှေ့အရင် ဘယ်သူ့ကို ချစ်ထားသေးလို့လဲ ..."

ကျွန်တော် စကားမှားသွားပြီ။

"ဩော် ... ကိုယ်ပြောတဲ့ သဘောက ကိုယ့်အဖေ အမေတွေ သူငယ်ချင်းတွေကိုလည်း ချစ်တယ်၊ ရွှေ့ကိုလည်းချစ်တယ် လို့ ပြောတာပါ"

"ဒါဆို ရွှေ့ကို လင်းရိပ်က ၅၂၈ နဲ့ ချစ်တာပေါ့နော်"





"ဟာ ... အဲလိုတော့ မဟုတ်ဘူးလေ၊ ချစ်တာချင်း တူပေမယ့် ချစ်ပုံချင်း မတူဘူး၊ ရွှေ့ကို ကိုယ်က ကိုယ့်ချစ်သူလေးလို့ ၁၅၀၀ အချစ်နဲ့ ချစ်တာ"

"အဟင်း ... ဟုတ်လား ..."

"မရယ်ပါနဲ့ ရွှေရယ် ..."

"ရွှေရယ်တာက လင်းရိပ်က ရည်းစားစကားကိုတောင် ရှင်းအောင် မပြောတတ်လို့ ရယ်တာပါ"

"ရွှေ့ ကိုယ့်ကို ချစ်လား"

"စဉ်းစားဦးမှာပေါ့ ..."

"ဟို ... ရွှေ တစ်ယောက်တည်း စဉ်းစားမှာလား"

"တစ်ယောက်တည်း မစဉ်းစားလို့ ဘယ်လိုစဉ်းစားရမှာလဲ ..."

"တစ်ယောက်တည်းပဲ စဉ်းစားစေချင်ပါတယ် ရွှေရယ်၊ တကယ်ဆို အချစ်ဆိုတာ စဉ်းစားနေဖို့တောင် မလိုပါဘူး၊ အချစ်ဆိုတာ သူ့အလိုလိုဖြစ်တည်ခံစားလာရတဲ့ အရာပါ၊ ဒီလူ့ကို ငါချစ်သင့်သလားလို့ စဉ်းစားလိုက်တာနဲ့ အဲဒါ အချစ်မဟုတ်တော့ဘူး၊ ဟိုလူ ဒီလူ တိုင်ပင်ပြီးမှ အဖြေထွက်တာဟာလည်း အချစ်မဟုတ်ဘူး၊ အင်းလေ ရွှေက



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်တဲ့သူပဲ ... ကိုယ့်ခံစားချက်အတိုင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ရဲမှာပါ"

"လင်းရိပ်က အပြောကောင်းသားပဲနော်"

"ချစ်တတ်တာကိုး ..."

"ဘာမှလည်း မဆိုင်ဘဲနဲ့ ..."

ရွှေက နှာခေါင်းကလေးရှုံ့၍ ပြောပြန်သည်။ ကျွန်တော် ထိုနှာခေါင်းလေးကို လိမ်ဆွဲလိုက်ချင်စိတ်ကို ထိန်းရပါသည်။

"ရွှေက ချစ်စရာကောင်းလိုက်တာ၊ ကိုယ်လေ ရွှေ့အနားမှာ နေ့ရတိုင်း ပျော်ရွှင်တက်ကြွမှုကို ခံစားရတယ်"

ကျွန်တော် ညာတာမဟုတ်ပါ။ တကယ်လည်း ရွှေ့နားမှာ နေတိုင်း အဲဒီလို ရသကို ခံစားလို့ရနေခဲ့သည်ပင်။

ကျွန်တော်က ရွှေ့ကို ပြုံးကြည့်ရင်း အချစ်ရဲ့ ရသတစ်မျိုးကို တသိမ့်သိမ့် ခံစားနေမိပါသည်။

ခုချိန်မှာ ကျွန်တော့်ရင်ဘတ်နှစ်ခြမ်းလုံး ပေါ့ပါးနေခဲ့ပါသည်။





အဲဒီနောက်တော့ ကျွန်တော်သည် ဘုရား တရား အလွန်မြဲသော လူငယ်လေးတစ်ယောက် ဖြစ်လာခဲ့လေသည်။

ကျွန်တော်သည် နေ့စဉ်နေ့တိုင်းလို ဘုရားတရင်းမှေ့နဲ့ ရွှေရဲ့ အဆုံးအဖြတ်ကို ခံယူဖို့ စောင့်ဆိုင်းနေခဲ့ရသည်။

နှစ်ယောက် စလုံးက ပြန်ချစ်ရင် ငါဘာလုပ်ရမလဲ ...?

အဲဒီအတွေးက ကျွန်တော့်ကို ခြောက်လှန့်နှိပ်စက်ခဲ့၏။

သူငယ်ချင်းတွေကတော့ ပြောကြသည်။

'နှစ်ယောက်စလုံး ပြန်ချစ်ရင် မင်းတော့ သေပြီဆရာပဲ ...' တဲ့။

အဲဒီလိုသာဆို ရှေ့ဆက် စခန်းသွားဖို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခက်လိမ့်မည်။ ရည်းစားမဖြစ်ခင်,တွဲနေတုန်း ကာလလေးမှာတောင် ဒီနှစ်ယောက်ကြားမှာ ကျွန်တော် ဗျာများနေခဲ့ရတာ။ နှစ်ယောက်စလုံးနဲ့ ရည်းစားသာဖြစ်လို့ကတော့ ဗညားတို့ ပြောသလို 'သေပြီ ဆရာ' ပဲပေါ့။

လောလောဆယ်မှာတော့ ကျွန်တော်သည် နေ့စဉ် အကြိမ်ကြိမ် ဘုရားတရင်း ကိုယ့်ကြမ္မာကို ကိုယ်စောင့်နေခဲ့ရပါသည်။





စောင့်မျှော်သည့်နေ့ကို သိပ်မကြာခင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

ထိုနေ့က တနင်္လာနေ့ဖြစ်ပြီး ကျွန်တော်နဲ့ မွှေ့တို့ ဘုရားသို့ အတူသွားကြသော နေ့လည်းဖြစ်၏။

ဘုရားမှ ဆင်းလာပြီး သိဂ္ဂုတ္တရဥယျာဉ်ထဲက မြက်ခင်းပေါ်မှာ ထိုင်မိကြတော့ မွှေ့က အရင်တစ်ခါ ကျွန်တော် တိုင်သွားခဲ့ဖူးသော နေရာကို လက်ဖြင့်ပုတ်ပြရင်း ...

"ကိုလင်း ... လာ ... ဒီနားလေးမှာ အမြဲထိုင်လို့ရပြီ ..."

"အမြဲ ထိုင်မယ် ... ?"

"ဟုတ်တယ်လေ ... ကိုလင်းပဲ မွှေ့ကို မေးခဲ့တယ်လေ၊ ဒီနားလေးမှာ အမြဲထိုင်ရင်ရမလားဆို ...၊ အဲ့ဒါနဲ့ မွှေ့က ပန်းခြံစောင့်ကြီးကို မေးထားလိုက်တာ၊ ပန်းခြံစောင့်က



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားတယ်၊ ဒီနားလေးကနေ တစ်သက်လုံး မပြန်ဘဲ နေလို့ ရပါတယ်တဲ့၊ သူခွင့်ပြုနိုင်ပါတယ်တဲ့ ...”

“မွေ့က နောက်တယ်ကွာ ...”

“အင်း ... မွေ့ တကယ်ပြောနေတာပါ၊ ကိုလင်းသာ ဒုံးဝေး နေတာ သိလား ...”

မွေ့က စုပုပ်ပုပ်ကလေး ပြောတော့မှ ကျွန်တော် လည်း ဒုံးနီးလာရကာ ...

“ဟင် ... မွေ့ ... မွေ့ ပြောတဲ့ သဘောက မွေ့အနားမှာ ကိုယ့်ကို နေခွင့်ပြုတယ်ဆိုတဲ့ သဘောလား ...”

“သွား ... မသိဘူး”

“မွေ့ ... မွေ့ ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်”

“မသိပါဘူးဆို ...”

“မွေ့ပါးစပ်က ပြောဖို့ ရှက်နေသေးရင် ခေါင်းတော့ ညိတ် ပါကွာ ... နော် ... မွေ့ ...”

ကျွန်တော် တောင်းပန်တော့မှ မွေ့က ခေါင်းလေး ညိတ်ပြသည်။

“ဟာ ... ကိုယ် ပျော်လိုက်တာ မွေ့ရယ် ... ကိုယ်တကယ်”

ပျော်ရွှင်းတန်းလန်းမှာ ကျွန်တော့် အာရုံထဲသို့ ရွှေကာ





ဗြုန်းခနဲ ဝင်လာကာ ကျွန်တော့် အပျော်က တစ်ဝက်တစ်ပျက်မှာ ရပ်သွားသည်။

ရွှေရော ... ရွှေကရော ...

ခုထိ အဖြေမပေးသေးတာ ကျွန်တော့်ကို မချစ်လို့ များလား။ အင်းလေ ... ဒါလည်း တစ်မျိုးကောင်းတာပါပဲ။ ဒါဆို မွေ့ဟာ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော ချစ်သူပဲပေါ့။ အဲဒီ အတွက် ကျွန်တော် ပျော်ရမှာပေါ့။ ပြီးတော့ ရွှေပြန်မချစ်တဲ့ အတွက်လည်း ဝမ်းနည်းကြေကွဲရဦးမှာပေါ့ ...။

လောလောဆယ်တော့ ကျွန်တော့် ခံစားချက်ဟာ တစ်ဝက်တစ်ပျက်ကြီး။ အပြည့်အဝလည်း မပျော်ရ၊ အပြည့်အဝ လည်း မကြေကွဲမိ။

“ကိုယ် ... တကယ် ... ဘာဖြစ်လဲ၊ ဆက်ပြောလေ ကိုလင်း၊၊ ဘာလို့ စကားက တစ်ဝက်တစ်ပျက် ရပ်သွားတာလဲ”

“ကိုယ် ... တကယ် ... တကယ် ... ပျော်တယ်လို့ ပြောမလို့ ပါ မွေ့ရယ်၊ ဝမ်းသာလုံးဆို့သွားတာနဲ့ ...၊ ဆက်မပြော နိုင်ဘဲ ရပ်သွားတာပါ”

*“စတော်ဘယ်ရီ ချယ်ရီရောရင် တော်တန်ရုံလှပင်၊ ဘုံဆန်မှာ ခုနစ်ဆင့်အမြင့်ကို မြင်ယောင်သလိုလိုပင် ...”*



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ကိုလင်း ဖုန်းသံမဟုတ်လား"

မွေ့နဲ့ ပြောနေဆဲ ရွှေဖုန်းမြည်လာတာမို့ ကျွန်တော့် ရင်ထဲ ဝုန်းဒိုင်းကျဲသွားသည်။

"ကိုလင်း ... ဖုန်းကိုင်လိုက်ဦးလေ ..."

"ရှိစေစေ ကိုယ့်ခေါင်းထဲမှာ ချာချာလည်နေတယ်၊ ဘယ် အချိန်မှာ ကိုယ်အိပ်သွားတယ် မသေချာ မရေရာတယ် ..."

"ဒီ ... ဒီနားက ဖုန်းသိပ်မမိ ..."

"ဒါဆို ဟိုဘက်နားမှာ သွားပြောကြည့်လေ ..."

"ခဏနော် မွေ့ ..."

"သွား ... သွား ... ရတယ်"

ကျွန်တော်က မွေ့ မကြားသာသည့် နေရာနားသို့ လျှောက်သွားပြီး ဖုန်းဖွင့်လိုက်လျှင် ...

"ဟိတ် ... လင်းရိပ်၊ ရှင့်ကို ရွှေ သိပ်ချစ်တယ် သိလား"

ရွှေက ဒါပဲပြောသွားပြီး ဖျတ်ဆိုဖုန်းပိတ်သွားသည်။

ကျွန်တော် ကြောင်တောင်တောင်ဖြစ်ကျန်ခဲ့သည်။

ပြီးတော့ ... ပျော်သွားသည်။

နောက်တော့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်ကျန် ခဲ့သည်။





ထိုအချိန်တွင် ပန်းခြံရှေ့မှ ဖြတ်သွားသော ကား တစ်စီးပေါ်မှ စိုင်းစိုင်းခမ်းလှိုင်ရဲ့ သီချင်းသံက ကျွန်တော့်ဆီ လွင့်ကျန်ခဲ့သည်။

*"နှစ်ယောက်စလုံးကို ငါကချစ်တယ် ... နှစ်ယောက်စလုံးက လည်း ငါ့ကိုချစ်တယ် ... ငါ့ကိုယ်ငါပဲ သတ်သေလိုက်ချင် တယ် ..."*

ထိုသီချင်းက ကျွန်တော့်ရင်ဘတ်ကို တည့်တည့်ကြီး ထိမှန်သွားသည်။

စိုင်းစိုင်းရယ် ... ငါလည်း မင်းလိုပါပဲကွာ ...။



www.burmeseclassic.com

www.burmeseclassic.com



# ရည်းစား နှစ်ယောက်ရှိရင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှခုယူမလဲ ..."

"နှစ်ခုပေး ..."

"ဒါကရော ..."

"ဒါလည်း နှစ်ခုပဲ ..."

"ဒါရော ဘယ်နှခု ယူမလဲ ..."

"နှစ်ခုယူမယ်၊ ဒါပေမယ့် မုံစံတော့ မတူဘူးနော်"

"ဒါ ..."

"နှစ်ခု ..."

ရည်းစားနှစ်ယောက် ရှိပြီးနောက်ပိုင်းမှာ ကျွန်တော်က ဘာဝယ်ဝယ် လက်နှစ်ချောင်း ထောင်ထောင်ပြနေခဲ့ရတာဖြစ်သည်။ မွေ့အတွက်ဝယ်လျှင် ရွှေ့ကိုသတိရပြီး ရွှေ့အတွက် ဝယ်လျှင် မွေ့အပေါ် မတရားရာကျမလားဟု ထင်ကာ တရား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အညီအမျှဖြစ်အောင် နှစ်ခုစီ နှစ်ခုစီ ဝယ်ဖြစ်နေလေသည်။ သို့သော် ဖုံစံမတူ အရောင်ကွဲအောင်တော့ သတိထားရသည်။ သူတို့ချင်းဆုံတဲ့အခါ သံသယ မဖြစ်ဖို့ကလည်း အရေးကြီးသေးသည်။

ကျွန်တော်က မလွဲသာလို့ နှစ်ယောက်လုံးကို ချစ်မိပြီဆိုမှဖြင့် နှစ်ယောက်လုံးအပေါ် တရားမျှတချင်သည်။ ဘယ်သူ့အပေါ်မှ မပိုမလိုချင်ပေ ...။

လောလောဆယ် အနေအထားမှာတော့ ဘာပြဿနာမှ ပေါ်ပေါက်မလာသေးဘဲ အဆင်ပြေလျက်ရှိသည်။

ကျွန်တော်သည် အေးအေးချမ်းချမ်းလေး နေချင်လျှင် မွေ့ထံသွားပြီး မွေ့လုပ်ကျွေးတဲ့ မုန့်တွေကို စားသည်။ မွေ့နဲ့ တွေ့ရတာမျှင်းလျှင် ရွှေ့ထံသွားကာ ရွှေ့ရဲ့ အသောအဆော့ အငေါ့ကလေးတွေကို ပြိုင်ဆိုင်ငြင်းခုံ စကားစစ်ထိုးရင်း လူငယ်ပီပီ ပျော်ရွှင်တက်ကြွစွာ နေသည်။ ရွှေနဲ့ ငြင်းရတာ အာရုံတွေနောက်လာပြန်လျှင်တော့ ကျွန်တော် ပြောသမျှ အလိုက်သင့်ခေါင်းညိတ်နာခံတတ်သော မွေ့ထံ တစ်ဖန် ပြန်သွားပြန်သည်။ ဒီလိုနှင့် ရသနှစ်မျိုးကို တစ်လှည့်စီ ခံစားရင်း ကျေနပ်နေသော အချိန်တွေလည်း ရှိခဲ့၏။





အဲ ... အဲ့ဒီလို အချိန်တွေမှာတော့ ကျွန်တော့်ဘဝဟာ ကဗျာဘွဲ့မှူး ဆိုတဲ့ ဟိုသီချင်းထဲကအတိုင်းပဲပေါ့ ...။

*"တစ်ယောက်က ငါ့ဖိနှစ်ကို စီးပေးရင် ... တစ်ယောက်က ခေါင်းကလေးကို ဖြီးပေးမယ်၊ တစ်ယောက်ကို ငါကန့်တော့ရင် တစ်ယောက်က ငါ့ကိုကန်တော့လိမ့်မယ်၊ ရည်းစား နှစ်ယောက် ရှိရင် သိပ်သိပ်ပြီးတော့ ကောင်းမှာပဲ ..."*

ကျွန်တော့်မှာလည်း ရည်းစားက နှစ်ယောက်၊ သူတို့ရဲ့ စရိုက်က တစ်မျိုးစီ၊ အကြိုက်ကလည်း တစ်မျိုးစီ။ သူတို့အတွက် ပစ္စည်းဝယ်လျှင် နှစ်မျိုးဝယ်ရ၏။

ကျွန်တော့်အတွက် အဝတ်အစား ဝယ်လျှင်လည်း နှစ်မျိုးပဲ ဝယ်ရသည်။ ပုဆိုးတစ်ထည်ဝယ်လျှင် ဘောင်းဘီလည်း တစ်ထည် ဝယ်ရ၏။ တီရှပ်တစ်ထည်ဝယ်လျှင် ကော်လံတုံးရှပ်တစ်ထည် ဝယ်ရ၏။ ကတ္တီပါဖိနပ်တစ်ရံ ဝယ်လျှင် ရှူးဖိနပ် တစ်ရံ ဝယ်ရ၏။

မွေ့ထံသို့ မြန်မာဝတ်စုံအသစ်ဖြင့် ရှိုးထုတ်သွားသော နေ့တွင် ရွှေ့ထံသို့လည်း ဂျင်းဘောင်းဘီအသစ်၊ တီရှပ်အသစ်ဖြင့် ရှိုးထုတ်သွား၏။ ဒါမှသာ အညီအမျှ ဖြစ်မည်ဟု ကျွန်တော်ထင်လို့ပင် ...။



www.burmeseclassic.com

www.burmeseclassic.com



မေမေကပင် ကျွန်တော့်ကို မျက်စိနောက်လာပုံရကာ...

"ဟဲ့... ကောင်လေး ... နင် အခုတလော ဘုရားကိုးဆူတစ်လှည့် ... ကစားကွင်းတစ်လှည့် သွားနေသလား"

"ဘာဖြစ်လို့လဲ မေမေ ..."

"နင့်ပုံက မနက်ဆို ပုဆိုးဝတ်ပြီး ဣန္ဒြေသိက္ခာအပြည့်နဲ့၊ ညနေကျတော့ ဘောင်းဘီပတ်ပြီး လူကမြှောက်ကြွမြှောက်ကြွနဲ့ ... ကြည့်ရတာ မျက်စိကိုနောက်နေတာပဲ"

"ဟဲ... ဟဲ ... မေမေကလည်း လူငယ်ဆိုတာ အပြောင်းအလဲလေးတွေတော့ ရှိတာပေါ့ ..."

"နင်ကြည့်ရတာ နှစ်ကိုယ်ခွဲကား ရိုက်နေသလား အောက်မေ့ရတယ်"

မေမေက ဒီလိုပြောလျှင်တော့ ကျွန်တော် အရှမ်းရယ်ချင်သည်။

'လောလောဆယ်မှာ ကျွန်တော့် ချစ်ခရီးလမ်းက ဖြောင့်ဖြူးလျက်ရှိနေတာမို့ မွေ့ကိုတော့ အစ်အောက်မေးကြည့်ရသည်။





"မွေ့ ... မွေ့သူငယ်ချင်းနဲ့ တွေ့ဖြစ်သေးလား ..."

"ရွှေ့ကိုပြောတာလား"

"ဟုတ်တယ်လေ ..."

"ရွှေနဲ့ ခုတလော သိပ်မတွေ့ဖြစ်ဘူး၊ မွေ့ကလည်း ကိုနဲ့ပဲ တွေ့ဖြစ်နေတော့ တခြားသူတွေနဲ့ တွေ့ဖို့တောင် အချိန်မရတော့ဘူး၊ ပြီးတော့ ရွှေက မွေ့ကိုလည်း စိတ်ဆိုးနေပုံရတယ်"

"ဘာလို့လဲ ..."

"မွေ့က ကို့အကြောင်းတွေ သူ့ကို မပြောပြ မတိုင်ပင် [illegible]ဆက်မပေးဘဲ ရည်းစားထားလိုက်လို့တဲ့ ...၊ အဲဒါ စိတ်ဆိုးပြီး မွေ့ကို သူ့အကြောင်းလည်း ဘာမှမပြောတော့ဘူး၊ သူလည်း ရည်းစားရသွားပြီ ထင်ပါတယ် ..."

ခုချိန်ထိတော့ ကျွန်တော့်ရဲ့ ခွင်ထဲမှာ ကွက်တိဝင်နေပါသည်။

"မွေ့လည်း ရွှေ့ကို သွားချော့ရဦးမယ်"

မွေ့စကားကြောင့် ကျွန်တော် ရင်ထိတ်သွားသော ...

"ဟာ ... ဘာလို့ချော့ရမှာလဲ၊ မွေ့အမှားမှ မဟုတ်တာ၊ သူငယ်ချင်းဆိုပေမယ့် သူ့မှာ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိပေးပို



www.burmeseclassic.com

www.burmeseclassic.com



မွေ့မှာလည်း ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိတာပဲ၊ ဒါကို သူ နားလည်ရမှာပေါ့၊ အချင်းချင်းနားလည်မှုမရှိရင် အလကားပဲပေါ့၊ လွတ်သာထားလိုက်ပါ"

ကျွန်တော်က စိတ်ပျော့ ယိမ်းယိုင်လွယ်သော မွေ့ကို စည်းရုံးထားရသည်။ မွေ့ကို စည်းရုံးလို့ရရင် မွှေ့ကိုလည်း စည်းရုံးလို့ရတာနှင့် အတူတူပင်။ သူတို့နှစ်ယောက် အရင်လို ပြန်တည့်သွားလျှင်တော့ ကျွန်တော်လည်း သေပြီဆရာပေါ့ ...။

ပြီးတော့ သူတို့ချင်း ဖုန်းသိပ်မပြောဖြစ်ဖို့ ကာကွယ်ရပြန်သည်မှာ ...

"မွေ့ ... ဘယ်သူနဲ့မှ ဖုန်းကြာကြာ မပြောရဘူးနော်"

"ဘာလို့လဲ ကိုရဲ့ ..."

"ကိုယ်က မွေ့ကို လွမ်းတိုင်း ဖုန်းဆက်နေတာ၊ ကိုယ်လွမ်းလို့ ဖုန်းဆက်တိုင်း ဖုန်းမအားရင် ကိုယ် အရမ်းစိတ်ညစ်တာပဲ ..."

"မွေ့လည်း ဘယ်သူနဲ့ပဲ ဖုန်းပြော ဖုန်းပြော ဒီအချိန်ကိုများ မွေ့ဆီ ဖုန်းဆက်ရင် ... လို့ တွေးပြီး စိတ်မဖြောင့်ဖြစ်ရတာနဲ့ ခပ်တိုတိုပဲ စကားဖြတ်ပြီး ဖုန်းချပါတယ် ကိုရယ် ..."





"မွေ့ ... ကိုယ်မပါဘဲ အပြင်ကို အကြာကြီး လျှောက်မသွားနဲ့နော်၊ ကိုယ်က မွေ့ကို တွေ့ချင်လာရင် ချက်ချင်း ထလာမှာ၊ ကိုယ်လာလို့ မွေ့မရှိရင် ကိုယ် အရမ်းစိတ်ညစ်ရမှာ ..."

"ဟုတ်ကဲ့ပါ ကိုရယ် ... မွေ့လည်း ကိုနဲ့ ချစ်သူဖြစ်ပြီးကတည်းက ဘယ်သွားသွား ကိုနဲ့အတူပဲ သွားချင်နေတာပါ၊ သူငယ်ချင်း တစ်ယောက်ယောက် လာခေါ်လို့ အပြင်ထွက်ရရင်လည်း ကို့ဆီပဲ စိတ်ကရောက်ပြီး ပြန်ချင်နေတာ"

"မွေ့က အဲ့ဒါလေးတွေ ချစ်ဖို့ကောင်းတာကွာ ..."

အဲ့ဒီလို ကာလလေးတွေက စိတ်ချမ်းသာစရာကောင်းနေခဲ့ပါသည်။

ကျွန်တော့်အတွက်တော့ စတော်ဘယ်ရီသီးနဲ့ ချယ်ရီသီး ရောပြီး စားခွင့်ရနေတဲ့ အချိုမြိန်ဆုံး ကာလတွေပေါ့ ...။

သို့သော် ရည်းစား နှစ်ယောက်ရှိရင် သိပ်သိပ်ကောင်းတဲ့ အချိန်ကာလကို တဖြည်းဖြည်း ကျော်လာသောအခါမှာတော့ ကျွန်တော်လည်း ဗျာများစ ပြုလာရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကတော့ မွှေ့လိုမဟုတ် ...!!

ရွှေနှင့်အတူ ကျွန်တော်ရှိနေတုန်း ဖုန်းလာလျှင် နည်းနည်းစပ်စုချင်သည်။

"အဲဒီ နှစ်ကိုယ်တူချစ်သမျှ ဖုန်းကလည်း ခဏခဏ လာနေတော့တာပဲ၊ ပြီးတော့ အဲဒီဖုန်းလာရင် မောင်က မျက်နှာသိပ်ပျက်တာပဲ၊ ပြီးရင် ဟိုးပုံ ဒီလိုလိုနဲ့ ရွှေ့နားက ထသွားရော၊ ဘယ်ကဖုန်းမို့လို့ ရွှေ့ရှေ့မှာ မပြောနိုင်ရတာလဲ"

"သူငယ်ချင်း ဖုန်းပါ ရွှေရယ်၊ သူငယ်ချင်းက သူ့ အတွင်းရေးတွေ တိုင်ပင်တာမို့လို့ ... ပြီးတော့ ယောကျ်ားချင်းကိစ္စမို့လို့ ... ရွှေကြားဖို့လည်း မသင့်တော်လို့ပါ ..."

"သူငယ်ချင်းဆိုလို့ ရွှေ့သူငယ်ချင်း မွှေ့တစ်ယောက်ကလည်း ခုတလော မြူစိစိနဲ့ ... ဘာတွေ ကြိတ်ကြံနေလည်း





မသိဘူး၊ မပွင့်မလင်းနဲ့ ... ရွှေ့ကိုတောင် မယုံကြည်တော့သလိုပဲ၊ စိတ်ညစ်တယ်"

"ကိုယ့်ကို မယုံကြည်ရင် ကိုယ်ကလည်း ဘာယုံကြည်စရာလိုတော့မလဲ ရွှေရယ် ..."

ရွှေ့ကိုတော့ ဒီလောက်လေးပဲ ပြောရဲသည်။ ရွှေက အကင်းပါးသူမို့ စကားများလျှင် အမှားပါသွားနိုင်တာကို သတိပြုနေရသည်။

ကျွန်တော် ပစ္စည်းနှစ်ခု ဝယ်လျှင်လည်း ရွှေ့ကို သတိထားနေရသည်။

တစ်နေ့တော့ ကျွန်တော်က ရွှေ့အကြိုက် အငဲသီချင်းခွေနှင့် မွှေ့အကြိုက် ကဗျာဘွဲ့မူးသီချင်းခွေ နှစ်ခွေ ဝယ်လာပြီး ရွှေ့ထံ အရင်ရောက်သွားလေသည်။

"ရွှေ ... ဒီမှာ ရွှေကြိုက်တဲ့ သီချင်းခွေ ဝယ်လာတယ်"

"ဟယ် ... အငဲခွေ အသစ်ပဲ၊ ရွှေ့အကြိုက်ပဲ၊ ကျေးဇူးပဲမောင် ..."

ရွှေက သီချင်းခွေကို လှမ်းယူရင်း မျက်စိလျင်လှစွာဖြင့် ကျွန်တော့် ဘောင်းဘီအိတ်ထဲ ထိုးထားသော CD ချပ် တစ်ခွန်းတစ်စကို မြင်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုခွေကရော ဘယ်သူ့ဖို့လဲ ..."

"အော် ... ဒါက အိမ်က အမေ့ဖို့ပါ ရွှေရဲ့ ..."

"မှန်း ... ဘာခွေလဲ ..."

ကျွန်တော့်မှာ ကြောက်ကြောက်နှင့် ထုတ်ပြလိုက်ရသည်။

"ဟယ် ... ကဗျာဘွဲ့မှူး အခွေပဲ၊ ကဗျာဘွဲ့မှူးဆို မွေ့ သိပ်ကြိုက်တာ ..."

ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထသွားသည်။

နောက်ဆို ဘာအစအနမှ မပေါ်ရအောင် ပိရိဖို့ သတိချပ်မှ။

ရွှေနဲ့ တွေ့တိုင်း အမြဲသတိထားနေရသည်။ ရွှေကလည်း တစ်ခုမဟုတ် တစ်ခု အစထောင်နေသည်။

တစ်နေ့တော့ ရွှေက ကျွန်တော့်ကို ငါးပါးမှောက်စေမည့် တောင်းဆိုမှုတစ်ခုကို တောင်းဆိုလာခဲ့၏။

"မောင်ရေ ... မောင့်ဖုန်းမှာ ရွှေ့အသံ သွင်းထားရအောင်"

"ဟင် ... ဘယ်လိုမျိုးလဲ ..."

"ရွှေ့ဖုန်းနဲ့ မောင့်ဖုန်းကို လှမ်းခေါ်ရင် မောင့်ဖုန်းမှာ





'မောင်ရေ ... ရွှေပါ' လို့ အသံမြည်လာရအောင်လေ၊ ရွှေနဲ့ ရွှေ့သူငယ်ချင်း မွေ့ဆိုလည်း 'မွေ့ရေ ... ရွှေပါ' 'ရွှေရေ မွေ့ပါ' ဆိုပြီး အပြန်အလှန် သွင်းထားတာ ..."

ဘုရား ... ဘုရား ... ဒါဆို မွေ့နဲ့ ကျွန်တော် တွေ့တုန်း ရွှေ ဖုန်းဆက်တဲ့အခါ ရွှေ့အသံနဲ့ 'မောင်ရေ ... ရွှေပါ' လို့ မြည်လာမှာပေါ့။

ကျွန်တော် လည်ပင်းကို ကြိုးကွင်းစွပ်တဲ့ အကြံ ဉာဏ်ပါလား။

"နော် ... မောင်၊ မငြင်းနဲ့ ..."

သက်သာမကင်း အဖြစ်ခံရမှာစိုးလို့ မငြင်းရဲပါ။ မွေ့နဲ့ ရွှေဟာ ကျွန်တော် ဖုန်းပိတ်ထားတာကို မကြိုက်၊ ဖုန်းမကိုင်လျှင်လည်း မကြိုက်တာမို့ ဘယ်သောအခါမှလည်း ဖုန်းမပိတ်ရဲ၊ ဖုန်းမကိုင်ဘဲလည်း မနေရဲခဲ့ပါ။

ကျွန်တော် ခေါင်းညိတ်လိုက်ရပါသည်။

အဲ့ဒီနောက် မွေ့က တစ်ဖန် တောင်းဆိုပြန်သည်မှာ ...

"ကိုရေ ... မွေ့ သူငယ်ချင်းက ပြောတယ်သိလား၊ သူ့ရည်းစားဖုန်းမှာ သူ့အသံ သွင်းပေးထားတယ်တဲ့၊ မွေ့



www.burmeseclassic.com

www.burmeseclassic.com



လည်း ကို့ဖုန်းထဲမှာ ကိုရေ မွေ့ပါ ဆိုတဲ့ အသံသွင်းပေးထားမယ်လေ ...”

ကောင်းရောပေါ့ ...။

ကျွန်တော် နောက်ထပ် ဖုန်းတစ်လုံးဝယ်ပြီး မွေ့ကို နံပါတ်တစ်ခု၊ မွေ့ကို နံပါတ်တစ်ခု ပေးထားရှိသာ ရှိတော့တာပေါ့။

အဲဒါကြောင့် ပြောတာ ...

အချစ်ကိစ္စဆိုတာ ငွေကုန်ပါတယ်လို့ ...။





မွေ့နှင့် ကျွန်တော် ကော်ဖီဆိုင်ထိုင်ဆဲ တစ်မနက်တွင် မွေ့က ပြောလာသည်မှာ ...

“ကိုရေ ... မွေ့တော့ မနက်ဖြန်က စပြီး တစ်ပတ်တိတိ မနက်တိုင်း ဘုရားသွားရမယ် ...”

“ဟင် ... ဘာသွားလုပ်ရမှာလဲ မွေ့ရဲ့ ...”

“ယတြာချေဖို့လေ၊ ဗေဒင်က မွေ့ကို ဟောထားတယ်၊ ဒီနှစ်ထဲမှာ လှေနံနှစ်ဖက်နင်းတဲ့ ချစ်သူမျိုးနဲ့ ကြုံရမယ်တဲ့ ...”

ကျွန်တော် ကော်ဖီသောက်ရင်း တန်းလန်း နင်သီးသွားပါသည်။

“မွေ့ကတော့ ကိုကို ယုံပါတယ်၊ ဒါပေမယ့် ယတြာကလည်း ခက်ခက်ခဲခဲမှ မဟုတ်တာ၊ ဘုရား ယတြာပဲဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဂုဒ်သိုလ်လည်း ရတယ်၊ ကိုနဲ့လည်း မနက်တိုင်း ဘုရားတူတူသွားရမှာ ကြည်နူးစရာပေါ့၊ ကို မွေ့ကို လိုက်ပို့မယ် မဟုတ်လားဟင် ..."

"မွေ့သွားချင်ရင် ပို့ပါ့မယ်"

ကျွန်တော် ခေါင်းညိတ်ရင်း မွေ့များ ရိပ်မိသွားပြီလားဟု တွေးကာ မွေ့ကို အကဲခတ်တော့ မွေ့မျက်နှာမှာ ဘာအရိပ်အယောင်မှ မတွေ့ရချေ။

"ဪ ... မွေ့ ကိုယ် အခု ဖုန်းတစ်လုံး လဲကိုင်ထားတယ်၊ ကိုယ့်ဖုန်းနံပါတ်အသစ် မှတ်ထားဦး ..."

သိပ်အစစ်အဆေး အမေးအမြန်းမရှိတတ်သော မွေ့ကို ဖုန်းနံပါတ်အသစ် ပေးထားရသည်။ အရင်ဖုန်းကတော့ ရွှေ့ပဲ ဆက်ပစေတော့ပေါ့ ...။

နောက်တစ်နေ့ မနက်မှာတော့ မွေ့ကို ဘုရားပို့ဖို့ ကျွန်တော် မနက်အစောကြီး အိပ်ရာထရသည်။

ထိုသို့ နေ့စဉ်ရက်ဆက် အိပ်ရေးပျက်၍ စိတ်ညစ်နေရဆဲ တစ်နေ့မှာပဲ ရွှေ့က တောင်းဆိုပြန်သည်။

"မောင်ရေ ... ရွှေ့လေ နည်းနည်းများ ဝိတ်တက်လာသလား မသိဘူး၊ ပြီးတော့ ... ခုဆို ဆောင်းတွင်းက ရွှေ့တို့လို





သက်သက်သာသာ နေရတဲ့သူတွေကို ပိုပြီး ထိုင်းမှိုင်းလေးလံစေတယ်၊ ကြာရင် ကျန်းမာရေးပါ ထိခိုက်လာမယ်၊ ရွှေ့ မနက်တိုင်း အင်းလျားကန်ပေါင်မှာ လမ်းလျှောက်ချင်တယ်၊ မောင်လည်း လျှောက်ရမယ်"

မွေ့တောင်းဆိုတာကို လိုက်လျောပြီး ရွှေ့တောင်းဆိုမှုကိုကျ မလိုက်လျောလျှင် မတရားရာကျတော့မှာမို့ ခေါင်းညိတ်ရပြန်သည်။

အဲဒီလိုနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ချစ်သူနှစ်ယောက်ရှိသည်။

ဖုန်းနှစ်လုံးရှိသည်။

အခုတော့ နှီးစက် နှစ်လုံးလည်းရှိလေပြီ။

မနက် မနက်ဆို ရွှေ့အတွက် ပေးထားသော နှိုးစက်က အရင်ဆုံး စမြည်လာသောအခါ ကျွန်တော်သည် အိပ်ရာထဲက အိုးအဲ့အော်ညည်းကာ အိပ်ရာထရလေသည်။

"ထပြီဟေ့ ... ထပြီဟ၊ ၂ ဂဏန်းနဲ့ အကျိုးပေးတဲ့ ငါ့ဘဝ သေတာပဲအေးတယ် ..."

ကျွန်တော်က ထိုသို့ညည်းတွားကာ အိပ်ရာကထပြီး မျက်စိမပွင့်ဘဲ သွားတိုက်ရင်း ပြန်အိပ်ငိုက်မိသည့်အခါ မျက်နှာကို ရေထဲနှစ်ပြီး ကိုယ့်ကိုယ်ကိုယ် မျက်စိကျယ့်အောင် နှိပ်စက်ရ၏။





အဲ့ဒီနောက် အားကစားဝတ်စုံ ထရက်ဆုကိုလဲလှယ်ကာ ရွှေနှင့်အတူ လမ်းလျှောက်ဖို့ ချိန်းထားသော အင်းလျားကန်ပေါင်သို့ သွားရ၏။

လမ်းလျှောက်က ပြန်လာတော့ အိပ်ရာထဲ ပစ်လှဲကာ ၁၅ မိနစ်လောက်ကလေးသာ နားရပြီး မွေးခန့် ပြန်အိပ်ပျော်ခါနီးမှာ မွေ့အတွက် ပေးထားသော နှိုးစက်က ပြုန်းခနဲမြည်လာရာ ...

"အမလေးဗျ ..."

ဟု လန့်အော်ခုန်ထပြီး အားကစားဝတ်စုံကို အမြန်ချွတ်၊ မြန်မာဝတ်စုံကို အမြန်ဝတ်ကာ ဘုရားပို့ဖို့ ကတိပေးထားသော မွေ့ဆီ ပြေးရပြန်လေသည်။

ကျွန်တော်သည် ထိုသို့ ရည်းစားနှစ်ယောက်ကြားမှာ ဗျာများရင်း လူက ကြာတော့ ချုံးချုံးကျ၍လာသည်။

အိပ်ရေးပျက်တော့ မျက်တွင်းတွေက ကျ၊ စိုးရိမ်သောကကြောင့် လူက အငြ ချက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ ဣန္ဒြေမရ။ ဟောက်ပက်ကျနေသော မျက်တွင်းချိုင့်ချိုင့်ထဲက ကျွန်တော့်ရဲ့ မျက်လုံးလေးတွေက ပြူးကြောင်ကြောင် အူတူတူ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဒုက္ခလှလှတွေ့နေရဆဲ နေ့ဟွေတဲက တစ်ညနေခင်းမှာ ကျွန်တော့်ကို ရွှေ ဖုန်းဆက်ခေါ်တာမို့ ရွှေ့ဆိုင်သို့ ကျွန်တော် ရောက်လာခဲ့ရလေသည်။

ရွှေက ကျွန်တော့်ကို တွေ့တော့ ပြုံး၍ ကြိုရင်း ...

"ရွှေ ဖုန်းဆက်တုန်းက မောင့်အသံက အိပ်ချင်မူးတူးလိုပဲ"

"ဟုတ်တယ် ရွှေ၊ မောင်အိပ်နေတုန်း ရွှေဖုန်းလာတာ ..."

"မောင်ကလည်း နေ့ခင်းဘက်ကြီး အိပ်ရတယ်လို့ ..."

"မနက် မနက် စောစောထနေရတာကြောင့် အိပ်ရေး ပျက်လာလို့ပါကွာ ..."

"ရွှေလည်း အိပ်ရေးပျက်တာပါပဲ၊ ဒါပေမယ့် လန်းလန်းဆန်းဆန်းပဲ၊ ပြန်လည်း မအိပ်ပါဘူး၊ ဟင် ... ခုမှ သေချာကြည့်မိတယ်၊ မောင့်ပုံစံက ချုံးချုံးကျနေတာပဲ၊ မျက်တွင်းတွေလည်း ကျလို့၊ နေမကောင်းဘူးလား မောင်"

"နေတော့ ကောင်းပါတယ်၊ အိပ်ရေးပျက်လို့ နုံးနေတာပါ"

"နေ့ခင်းဘက် ပြန်အိပ်တာတောင် နုံးတာပဲလား မောင်ရယ်၊ လူငယ်လေးဖြစ်ပြီး ကြံ့ခိုင်မှုမရှိလိုက်တာ"

"ရွှေ မောင့်ကို ဘာလို့ခေါ်တာလဲ ..."





"မောင့်ကို လွှမ်းလို့ ခေါ်တာပေါ့၊ မောင်နဲ့က ခုတလော မနက်ပိုင်း လမ်းလျှောက်တုန်းပဲ တွေ့ရတာ၊ မောင် ရွှေ့ဆိုင်ကို မလာတာတောင် ကြာပြီလေ၊ ဪ ... ပြီးတော့ မောင့်ကို သတင်းထူးလည်း ပြောစရာရှိရတယ် သိလား၊ ထိုင်လေ ... မောင်ရဲ့၊ အေးအေးဆေးဆေးပဲ မဟုတ်လား၊ အအေးသောက်မယ် မဟုတ်လား၊ ချစ်ချစ်ရေ ကုတ်တစ်ဘူးလောက် ယူခဲ့ပေးပါဦး ..."

ကျွန်တော်က ရွှေ ရွှေ့ပေးသော ခုံမှာ အရုပ်ကြိုးပြတ် ထိုင်ချကာ ဆိုင်က ကောင်မလေး လာချပေးသော ကုတ်ဘူးကို လှမ်းယူသောက်ရင်း ...

"ဘာတွေများ သတင်းထူးလို့လဲ ရွှေ ..."

"ရွှေနဲ့ မွှေ့ ပြန်တည့်သွားကြပြီလေ ..."

"ဟင် ..."

ကျွန်တော် သောက်လက်စ ကုတ်ဘူးကို တအားညှစ်ပစ်လိုက်မိသည်။

"မောင့်ကိုတောင် ရွှေ ပြောပြဖူးသေးတယ် မဟုတ်လား၊ မွှေ့က ရွှေ့ကို အရင်လို ယုံယုံကြည်ကြည် ရင်မဖွင့်တော့ဘူးဆိုတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ပြောဖူးပါတယ်"

"အဲဒါနဲ့ ရွှေလည်း သူ့ကိုစိတ်တွေဆိုးပြီး ဆက်ဆံရေး ကျဲနေကြတာ၊ လုံး၀ မခေါ်မပြောတာတော့ မဟုတ်ပါဘူး၊ ကိုယ်ရေးကိုယ်တာတွေကို ဒိုင်လျှိုလေး လုပ်ထားပြီး ခပ် တန်းတန်းပဲ ဖုန်းဆက်ခေါ်ပြောနေရတာ၊ ခပ်စိမ်းစိမ်း နေ ကြပေမယ့်လည်း ... ယောဇဉ်ကတော့ ဘယ်ပြတ်ပါ့မလဲ၊ အရမ်းခင်ခဲ့ကြတာကိုး၊ ရင်းရင်းနှီးနှီး စကားမပြောဖြစ် လည်း သတိတော့ ရပြီး အရင်လို ပြန်ဖြစ်ချင်နေကြတာ၊ အရင်ကဆို ရွှေတို့အချင်းချင်း တစ်နေ့ ဖုန်းငါးခါလောက် ဆက်ကြတာ၊ သူ့အကြောင်း ကိုယ့်အကြောင်း မနေ့ လောက်တောင် မချန်ဘဲ ပြောဖြစ်ကြတာ ..."

"အခု ... အခုရော ..."

"အခု ... ပြန်အဆင်ပြေသွားကြပြီလေ ...၊ ရွှေဘွားဘွား နေမကောင်းဖြစ်တော့ မွေ့က လာပြုစုပေးတာ၊ ဘွားကြိုက် တာလေးတွေလည်း မွေ့က လုပ်ပေးတတ်တာကိုး၊ ... ရွှေ စားချင်တာလေးတွေလည်း မွေ့က ချက်ပေးသေးတယ်၊ အဲဒါနဲ့ ရွှေတို့နှစ်ယောက် ပြန်တည့်သွားကြတာ မနေ့ကမှ"





ကုတ်တစ်ဘူးဟာ ကျွန်တော့်လက်ထဲမှာ တဖြည်း ဖြည်း ပိန်ရှုံ့သွားပါသည်။

"ဒီနေ့တောင် မွေ့ ရွှေ့ဆီလာမယ်ပြောတယ် ... မောင်နဲ့ တောင် ဆုံဦးမလား မသိဘူး၊ မွေ့နဲ့ မောင့်ကို မိတ်ဆက် ပေးချင်နေတာနဲ့ အတော်ပဲ"

ရွှေက ကျွန်တော့်ကိုပြောရင်း ၀ယ်သူတစ်ယောက် ဆီ လျှောက်သွားသည်။ ကျွန်တော့် လက်ထဲက ပိန်ရှုံ့နေသော ကုတ်ဘူးက ကြမ်းပြင်ပေါ် ကျသွားသည်။

"ရွှေ ... မောင် ... မောင် ပြန်ဦးမယ်"

"ဟင် ... ရောက်တာဖြင့် မကြာသေးဘူး၊ နေပါဦး မောင်ရဲ့၊ မွေ့နဲ့လည်း တွေ့သွားရအောင် ခဏနေပါဦးလား ..."

"မောင် ဗိုက်ထဲက အောင့်လာလို့ ..."

"ဟုတ်လား ... မောင် ဘာတွေများ အစားမှားသွားလို့ လဲ ..."

"မှားတာကတော့ အများကြီးပဲ၊ အစားတင် မဟုတ်ဘူး"

"ဟုတ်လား ... ဘာတွေမှားသေးလို့လဲ ..."

"အနေအထိုင်မှားတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အနေအထိုင် !"

"ဪ ... ညက စောင်မခြုံဘဲအိပ်မိလို့ ...၊ အင်း ... ပြီးတော့ ထမင်းစားပြီးစ မိုးကြီးချုပ်မှ ရေချိုးမိလို့၊ အဲဒါ တွေကြောင့် လေပွဖိုက်ဖောပြီး အောင့်လာတာ၊ အိမ်ပြန်ပြီး နားမှ ဖြစ်တော့မယ်၊ ရွှေ မောင်သွားတော့မယ်နော်"

"နေဦးလေ ... မောင်၊ မောင် ကားမောင်းနိုင်ပါ့မလား၊ ရွှေ လိုက်ပို့မှာပေါ့ ..."

"မောင် မောင်းနိုင်ပါတယ်၊ သွားမယ်နော် ..."

"မဖြစ်ပါဘူး မောင်ရယ်၊ ရွှေ စိတ်မချဘူး၊ ရွှေလိုက်ပို့မယ်"

"ရတယ် ... ရတယ်၊ မောင့်ဘာသာ ပြန်မယ်"

"ရတယ်မလုပ်နဲ့ ... ရွှေ လိုက်ပို့မယ်၊ ဟယ် ... မွှေ့"

သွားပြီ ...။ ဒုက္ခတော့ များပြီ ...။

အဝင်ဝဆီ မျက်နှာမူနေသော ရွှေ့ရဲ့ ဆီးလှမ်းနှုတ်ဆက်လိုက်သောအသံကြောင့် ဝင်ဝကို ကျောခိုင်းထားသော ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထသွားသည်။

"လာ ... မွှေ့ ... ဒီမှာ မောင် ဗိုက်အောင့် ..."

"အား ... အား ..."





ကျွန်တော် ဗြုန်းခနဲ ငုတ်တုတ်ထိုင်ချပြီး ဒူးကြားထဲ မျက်နှာဖွက်ကာ လက်ဖြင့် ဗိုက်ကိုအုပ်ကွယ်ထားရင်း တအားအား အော်ညည်းနေလိုက်သည်။

ရွှေ့ဆီ လာတဲ့ ကျွန်တော့်ပုံစံက ဘောင်းဘီနဲ့ တီရှပ် ဆံပင်ကိုလည်း ဂျဲတွေနှင့် ထောင်လာခဲ့သေးတာမို့ မွှေ့ အလွယ်တကူ မှတ်မိမှာတော့ မဟုတ်ပါ။

မွှေ့ဟာ သူ့ရှေ့က ရွှေ့ချစ်သူဆိုတဲ့ ဟော့ရှော့ကောင်လေးဟာ ဆံပင်ကို သပ်ရပ်ပိပြားစွာ ဖီထားပြီး မြန်မာတော်စုံဝတ်၊ ကတ္တီပါဖိနပ်စီးတတ်သော သူ့ချစ်သူနဲ့ အတူတူပဲ ဆိုတာ ခုအခြေအနေထိတော့ သိလိမ့်မည်မဟုတ်ပါ။

"ရွှေ ... ရှင့်လူက တအားအခြေအနေဆိုးနေပြီထင်တယ်၊ အူအတက်ပေါက်တာများလား၊ နေဦး ... ငါ ဟိုဘက်နားက ဆေးခန်းက ဆရာဝန်ကို သွားခေါ်ပေးမယ်၊ အဲ့ဒီ ဆရာဝန်က ငါပြနေကျ ... ငါနဲ့ခင်တယ်"

"အေး ... အေး ... ကျေးဇူးပါပဲ မွှေ့ရယ်၊ မြန်မြန်လေးနော် မြန်မြန်လေး ... မောင် ရရဲ့လားဟင်၊ နေသာရဲ့လား"

"ရ ... ရပါပြီ ... နည်းနည်းတော့ သက်သာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



မွေ့ ထွက်သွားတာ ခပ်လှမ်းလှမ်းရောက်ပြီထင်မှ ကျွန်တော် ခေါင်းမော့လာကာ...

"မောင် သွားတော့မယ် ရွှေ"

"ဟင်...ဗိုက်အောင့်နေတာ မဟုတ်လား၊ ဆရာဝန်တောင် သွားခေါ်နေပြီ"

"အခု...အခု သက်သာသွားပါပြီ ရွှေရယ်၊ ခုန တစ်ချက် နှစ်ချက် စူးစူးဝါးဝါး ထိုးအောင့်လိုက်လို့ မောင် မချိမဆံ့ ဖြစ်သွားတာပါ၊ ဒီလိုပဲ တစ်ချက် တစ်ချက် လေအောင့် နေကျပါ၊ ဒီအခြေအနေနဲ့ဆို မောင့်ဘာသာ ကားမောင်း ပြန်လို့ရပါပြီ၊ မောင် သွားတော့မယ်နော်၊ နောက်မှ တွေ့ မယ်နော်..."

"မောင်...နေဦးလေ"

ကျွန်တော် ရွှေ့ရှေ့ကနေ အမြန်ဆုံး ထွက်ခွာလာ သည်။ ကျွန်တော် ဆောင်းထားသည့် ဦးထုပ်ကလေးရဲ့ လျှာကို တော့ မွေ့သွားသည့် ဆေးခန်းဘက်မှာ ကွယ်ပြီး ခပ်စောင်းစောင်း ဆောင်းလာခဲ့သည်။ လက်တစ်ဖက်ကိုလည်း နေကာသလိုလိုနှင့် မသိမသာ ကာရင်း လမ်းပေါ်ကလူတွေကို အကာအကွယ်ယူကာ ကားပါကင်နေရာသို့ ခပ်သွက်သွက်ပြေးရသည်။





ကားတံခါးဖွင့်ကာ ဝုန်းခနဲ ဝင်ထိုင်၊ ဖြုန်းခနဲ မောင်းထွက်မည်ပြင်ဆဲ...

"အစ်ကို...အစ်ကို ကားရပ်နားခလေး ပေးခဲ့ဦးလေ၊ ဟော အစ်ကိုလေးပါလား...ဟဲဟဲ"

ယာဉ်ရပ်နားခ ကောက်သည့် ကောင်လေးက ကျွန်တော့်ကို မှတ်မိကာ ပြုံးဖြီးဖြီးနှင့် နှုတ်ဆက်လိုက်သည်။

"စောစောကတောင် ဟိုအစ်မလေး တစ်ယောက်တည်း ဒီနားက ဖြတ်လျှောက်သွားတာ တွေ့လိုက်သေးတယ်၊ အစ်ကိုလေး မတွေ့ဘူးလား၊ လွဲသွားပြီထင်တယ်"

"ဟော့ကောင်...မင်းပါးစပ် စေ့ထား"

ကားရှင်းနေတာနှင့် ကြုံတာမို့ ကျွန်တော် ကားကို မီးပွိုင့်ဘက် ကွေ့ထွက်လိုက်သည်။

"အစ်ကိုလေး...အစ်ကိုလေး...ကားရပ်နားခလေး ပေးခဲ့ ဦးလေ...အစ်ကိုလေး..."

ကောင်လေးက လှမ်းအော်တောင်းသေးသော်လည်း ကျွန်တော် ပေးဖို့မမီတော့။ စိမ်းနေသော မီးပွိုင့်နှင့် ကြုံတာမို့ အလိုက်သင့် မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ကြုံမှပဲ ဆေးတော့မည်။

ခုလောလောဆယ် ဒီနားပတ်ဝန်းကျင်က လွတ်မြောက်ဖို့သာ အရေးကြီးပါသည်။

"မွေ့ရယ် … မွေ့ကို ကိုယ်အရမ်းချစ်တယ်"

"မွေ့လည်း ချစ်ပါတယ် ကိုရယ် …"

"ကိုယ်က မွေ့ကို ဘုရားမှာ စ,တိုက်မိတဲ့ အချိန်ကတည်းက ချစ်သွားတာ၊ မွေ့ကရော …"

"မွေ့လည်း …"

"မွေ့ရေ … ရွှေပါ၊ မွေ့ရေ … ရွှေပါ"

"ဟော … ရွှေ့ဆီက ဖုန်း၊ ဟဲလို … ရွှေရေ … ပြော"

"ရွှေ့ကို မောင် သိပ်ချစ်တာပဲ …"

"ရွှေကလည်း အရမ်းချစ် …"




www.burmeseclassic.com

www.burmeseclassic.com



"မောင်က ပိုချစ်တာ ..."

"အဟင်း ... မဟုတ်ပါဘူး၊ ရွှေက ပိုချစ်တာ၊ မယုံရင် ပြိုင်မလား ..."

"ဘယ်လိုပြိုင်မှာလဲ ..."

"အင်း ... ဘယ်လိုပြိုင်ရင် ကောင်းမလဲ"

"ရွှေရေ ... မွှေ့ပါ၊ ရွှေရေ မွှေ့ပါ"

"ဟော ... မွှေ့ဆီက ဖုန်း၊ ဟဲလို ... မွှေရေ ... ပြော ..."

♥ ♥ ♥

အထက်ပါ အခြေအနေသည် ကျွန်တော် လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေဖြစ်လေသည်။

နှစ်ကိုယ်တူ ချစ်စကားမှ ပြောမယ် မကြံသေး ... ချစ်ဖွာသော သူငယ်ချင်းရဲ့ ဖုန်းက လာပြီ။ သူတို့နှစ်ယောက် ပြန်တည့်သွားပြီးကတည်းက အဲ့ဒီအဖြစ်မျိုးကို မကြာခဏ ရင်ဆိုင်နေခဲ့ရတာ ဖြစ်သည်။ ပြီးတော့ သူတို့ချင်း ဖုန်းပြောနေကြတာကို ကြက်သီးဖြာဖြာထလျက် စောင့်နားထောင်နေရသည့် အဖြစ်က ဘယ်လောက် ကသိကအောက် နိုင်လိုက်ပါသနည်း။





မကြာခင်မှာ မလွဲမသွေ ကျရောက်လာတော့မည့် ကံကြမ္မာကို ထိုင်စောင့်နေရတဲ့ လူတစ်ယောက်။ ရှင်းရှင်းပြောရလျှင် အလိမ်ပေါ်ကာ အရှက်ကွဲလုဆဲဆဲ လူတစ်ယောက်ရဲ့ စိုးရိမ်သောက ဖိစီးခံရမှုဟာ ဘယ်လောက် ဆိုးလိုက်မလဲဆိုတာ တွက်ဆကြည့်ကြပါကုန်။

ကျွန်တော်သည် ထိုစိတ်ဖိစီးမှုကြောင့် ညညတွေ ကောင်းကောင်း အိပ်မပျော်တော့။ အိပ်ပျော်လျှင်လည်း နီးတစ်ဝက် ဖြစ်ကာ ကယောင်ချောက်ချား အိပ်မက်တွေ မက်နေသည်။ အိပ်မက်တိုင်းမှာ ကျွန်တော်ပဲ ဒုက္ခရောက်နေသည်။ ကျွန်တော့် ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီး ခေါင်းက ကိုယ်ကို လိုက်ရှာနေရင်း ဟိုနားက လက်တစ်ဖက်၊ ဒီနား လက်တစ်ဖက် တခြားစီဖြစ်နေတာကို ပြန်ရှာတွေ့ပုံမျိုး။ မျက်လုံးက တောင်တစ်လုံး မြောက်တစ်လုံး လွင့်ကျနေပြီး တစ်လုံးကို မွှေ့က ကောက်ကာ ကျန်တစ်လုံးကို ရွှေက ကောက်သွားပုံမျိုး။

အဲဒီလို အိပ်မက်ဆိုးကြောင့် ကျွန်တော် တစ်ညမှာ လန့်အော်မိတော့ မေမေက ကျွန်တော့်ကို ပြေးလာနှိုးကာ ...

"ဟဲ့ ... ဟဲ့ ... သား ... ဘာတွေယောင်အော်နေတာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ထူ… ထစမ်း … ဒီကောင်လေးဟာ အိပ်မက်တွေ မက်နေပြန်ပြီထင်တယ်"

ကျွန်တော်က ဖျတ်ခနဲ လန့်နိုးကာ ကယောင်ချောက်ချား ထထိုင်ရင်း …

"ဘာဖြစ်လို့လဲ၊ ကျွန်တော် ဘာဖြစ်လို့လဲ မေမေ …"

"ဟဲ့… နင် ဘာတွေအိပ်မက် မက်လို့ ဒါမျိုးတွေပဲ ယောင်အော်နေရတာလဲ၊ ဗလုံးဗထွေးနဲ့ အော်ဟစ်နေလိုက်တာ၊ မြွေဆိုလား ငွေဆိုလား … မနိပ်စက်ကြပါနဲ့ဆိုလား၊ ခုတလော ညတိုင်းလိုလို ထယောင်နေတော့တာပဲ …"

"ဆောင်းတွင်း အိပ်မက် ကယောက်ကယက်ပေါ့ မေမေရယ်"

"သားရယ် … မင်းကြည့်ရတာ မေမေတော့ တစ်ခုခုမှားနေပြီထင်တယ်၊ ကျောင်းပြီးစလေးမှာ လတ်လျားလတ်လျားသွားနေလို့ စိတ်တွေများ လေနေသလား၊ သားက တစ်နှစ်နှစ်လောက် နားပြီးမှ အလုပ်လုပ်ပါရစေဆိုလို့ မေမေတို့က ကြည့်နေတာ၊ အခုကြည့်စမ်း … သားပုံက ချုံးချုံးကျနေတာပဲ၊ မတော်တဆ မူးယစ်ဆေးဝါးတွေများ …"

"အမလေး … ခုဟာကမူးယစ်ဆေးဝါးထက် ဆိုးသေး …"





"ဟင် … ပြောစမ်း … ပြောစမ်း …"

"အာ … မူးယစ်ဆေးဝါးတော့ သား မသုံးပါဘူး မေမေရာ …"

"မူးယစ်ဆေးဝါးထက် ဆိုးတယ်ဆိုတာကရော …"

"အပျင်းကြီးပြီး အိပ်နေချင်တာကို ပြောတာပါ"

"အိပ်သာနေတယ်၊ ရုပ်က အားပြည့်တဲ့ရုပ် မဟုတ်ဘူး၊ စိတ်ဖိစီးတဲ့ ရုပ်၊ စိုးရိမ်သောကတွေများပြီး စိတ်ဖိစီးခံနေရရင်လည်း ဒီလိုပဲ အိပ်မက်တွေ လျှောက်မက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ဘဲ ဖြစ်တတ်တယ်၊ ဘဝဆိုတာ အရှုပ်ကလေးတွေ ရှိတတ်ပေမယ့် ကိုယ့်ဘာသာ အသိတရားနဲ့ ရှင်းအောင် နေတတ်ရတယ်ကွယ့် …"

ထုံးစံအတိုင်း 'ဘဝဆိုတာ မေမေ' က အဆိုအမိန့်ကလေးဖြင့် နိဂုံးချုပ်သွားသည်။

ကျွန်တော်လည်း မေမေ့စကားအတိုင်း ရှင်းအောင်နေဖို့ ကြိုးစားကြည့်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ချစ်သူနှစ်ယောက်ဟာ သိပ်ချစ်ကြသော သူငယ်ချင်းများ ဖြစ်နေကြတာက တစ်ကြောင်း ...

မကြာခင် အလိမ်ပေါ်သွားနိုင်ခြေ ရှိတာက တစ်ကြောင်း ...

သူတို့နှစ်ယောက်ကြားမှာ ဗျာများနေရသည့် ကိုယ့်အဖြစ်ကို ကိုယ် စိတ်ညစ်တာက တစ်ကြောင်း ...

သူတို့ နှစ်ယောက်လုံးကို ရှေ့ဆက် ဒုက္ခမပေးချင်တော့တာက တစ်ကြောင်း ...

အကြောင်းကြောင်းကြောင့် စောစောစီးစီး ရပ်တန်းက ရပ်ပြီး နှစ်ယောက်လုံးကို စွန့်လွှတ်ဖို့ ကျွန်တော် ကြိုးစားကြည့်မိလေသည်။

သို့သော် ...





ကျွန်တော်က ဖုန်းမဆက်လည်း သူတို့က ဖုန်းဆက်သောအခါ ကျွန်တော် ဖုန်းကို ပိတ်မပစ်ရက် ...။

ကျွန်တော်က မသွားလည်း သူတို့က ခေါ်ကြသောအခါ ကျွန်တော့်မှာ ရှောင်လွှဲမနေရက် ...။

ဒီလိုနဲ့ပဲ ကျွန်တော်သည် ကဗျာဘွဲ့မှူး သီချင်းလိုရည်းစားနှစ်ယောက် ရှိပေမယ့်လည်း သိပ်သိပ်မကောင်း၊ စိုင်းစိုင်းခမ်းလှိုင် သီချင်းလို ငါ့ကိုယ်ငါလည်း သတ်မသေနိုင်ဘဲ နှစ်မျိုးနှစ်ခွ နွံမှာဆက်နစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရေ … မွေ့ပါ၊ ကိုရေ … မွေ့ပါ"

"ဟဲလို … မွေ့ … ပြော၊ ကိုယ်လား … ကိုယ် အခု ကိုယ့် သူငယ်ချင်းတွေနဲ့ စကားပြောနေတယ်၊ လာမှာပေါ့ မွေ့ရဲ့၊ မွေ့သာ လျှောက်သွားမနေနဲ့ … "

"မောင်ရေ … ရွှေပါ၊ မောင်ရေ … ရွှေပါ"

"မွေ့ … ဟိုမှာ သူငယ်ချင်းခေါ်နေလို့ ကိုယ် ဖုန်းချလိုက်တော့မယ်နော်၊ ဟဲလို … ရွှေရေ ပြော၊ မောင်လား သူငယ်ချင်းတွေနဲ့အတူ ရှိနေတယ်၊ လာမယ်လေ … ရွှေ စောင့်နေနော်"

ဖုန်းနှစ်လုံးနဲ့ ကျွန်တော့်အဖြစ်ကတော့ အဲဒီအတိုင်းပဲ ဖြစ်လေသည်။ မွေ့ထံသွားလျှင် မွေ့အတွက် ထားသည့်ဖုန်း၊ ရွှေ့ထံသွားလျှင် ရွှေ့အတွက်ထားသည့် ဖုန်း၊ ကျွန်တော်





တစ်ယောက်တည်း သွားလျှင်တော့ ဖုန်းနှစ်လုံးစလုံးကို ဖွင့်၍ ကိုင်ဆောင်သွားရလေသည်။

လူတွေကြားထဲမှာတော့ ဖုန်းနှစ်လုံးနဲ့ ကျွန်တော့်အဖြစ်ဟာ ရယ်စရာကောင်းနေတော့မှာပင် …။ မွေ့ဆီက ဖုန်းလာလျှင် မွေ့နဲ့ပြောရသည်။ မွေ့နဲ့ ပြောနေလျှင် ရွှေ့ဖုန်းကို အသံတိုးထားရသည်။ မွေ့နဲ့ပြောတုန်း ရွှေ့ဖုန်းသံမြည်လျှင် ကမျာကယာ ပြောလက်စ ဖုန်းကို လက်ဖြင့်ပိတ်ကာ ရွှေ့ဖုန်းနဲ့ ဝေးရာကို အမြန် ပြေးသွားပြီးမှ စကားစဖြတ်ရသည်။ ပြီးတော့ ရွှေ့ဖုန်းကို ကိုင်။ အဲဒီလိုမျိုး …။

"မင်းကြည့်ရတာ ပင်ပန်းလိုက်တာကွာ … "

ဗညားနဲ့ ဝေယံက စိတ်မာတ်ကျသလိုပုံစံနှင့် ကျွန်တော့်ကိုကြည့်ရင်း ညည်းတွားလိုက်ကြသည်။

"အေးကွာ … အဖြစ်ကတော့ မင်းတို့ မြင်တဲ့အတိုင်းပဲ၊ ငါလည်း ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူး … "

"ဒီပုံအတိုင်းဆို မင် တစ်ယောက်ယောက်ကို ရွေးမှပဲ အသက်ဘေးက ချမ်းသာရာ ရတော့မယ်ထင်တယ် … "

"အသက်ဘေး !"

"အေးလေ … မင်းအဖြစ်က အသက်ဘေးအထိကို ရှိမ်



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ခုပဲကြည့်၊ မင်းရဲ့ ချုံးချုံးကျနေတဲ့ပုံက AIDS ဝဲ ဖြစ်နေတော့သလိုလို၊ မူးယစ်ဆေးဝါးပဲ စွဲနေတော့သလိုလို ကြာရင် စိတ်ရောဂါပါ ဖြစ်သွားနိုင်သေးတယ်"

"ဒါဆို... ငါဘာလုပ်ရမလဲ ..."

"မွေ့ကို ရွေးလိုက်ကွာ ..."

"ရွှေကရော ..."

"ဒါဆိုလည်း ရွှေ့ကိုရွေး ..."

"မွေ့ကရော ..."

"နှစ်ယောက်စလုံးကိုသာ ရွေးတော့ကွာ ..."

"ဟာ ... ဒါတော့ မဖြစ်ဘူး"

"နှစ်ယောက်စလုံးနဲ့သာ လမ်းခွဲလိုက်တော့ကွာ"

"ဟာ ... ဒါလည်း မဖြစ်ဘူး ..."

"မင်းပဲ သေလိုက်တော့ကွာ"

"အေး ... အဲဒါပဲ ကောင်းမယ်ထင်တယ်ကွာ"

ကျွန်တော်က အူကြောင်ကြောင်ဖြင့် ရေရွတ်ညည်းတွားလိုက်တော့ ဗညားနဲ့ ဝေယံက ကျွန်တော့်ကို ခြေထောက်ဖြင့် လှမ်းကန်လိုက်ကြလေသည်။





အဲဒီအချိန်မှာပဲ ကျွန်တော့် ဖုန်းနှစ်လုံးက ရှေ့ဆင့်နောက်ဆင့် ဆိုသလို မြည်လာကြဖြန်သည်။

"မောင်ရေ ... ရွှေပါ၊ မောင်ရေ ... ရွှေပါ"

"ကိုရေ ... မွေ့ပါ၊ ကိုရေ ... မွေ့ပါ"

ဆက်တိုက်မြည်နေသော ဖုန်းနှစ်လုံးကို စိုက်ကြည့်ရင်း ကျွန်တော် ရူးချင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု ကြည်လင်သာယာသည့် ညနေခင်းတစ်ခုမှာတော့ ကျွန်တော်သည် ရွှေနှင့်အတူ ဆိတ်ငြိမ်သည့် စားသောက်ဆိုင်လေး တစ်ဆိုင်မှာ ညစာ စားဖြစ်ကြလေသည်။ အဲဒီ နေ့က ရွှေ့မွေးနေ့လည်း ဖြစ်တာမို့ စားပွဲပေါ်မှာ မွေးနေ့ကိတ်လေး တစ်လုံးနှင့် ဝိုင်တစ်ခွက်စီလည်း ရှိနေကြ၏။

ကျွန်တော်က ... ရွှေမှုတ်ဖို့ ဖယောင်းတိုင်လေးတွေကို ကိတ်မုန့်ပေါ်မှာ စိုက်ပေးလိုက်သည်။ ရွှေက ဖယောင်းတိုင်တွေကို မှုတ်လိုက်တော့ ကျွန်တော်က happy birthday သီချင်းလေးကို ရွှေ တစ်ယောက်တည်း ကြားသာရုံ တိုးတိုးလေး ဆိုပြလိုက်မိသည်။ ပြီးတော့ ... ရွှေ့အတွက် ကျွန်တော် ဝယ်ထားသော မွေးနေ့လက်ဆောင် ကက်ရှမီးယား ပ်ဝါလေးကို ရွှေ့ပခုံးပေါ်မှာ တင်ပေးလိုက်သည်။





ဝါရွှေရွှေ မီးရောင်အောက်မှာ ဝင်းဖန့်ဖန့်လေး လှနေသော ရွှေ့မျက်နှာ ဖူးငုံကလေးကို ငေးကြည့်ရင်း ကျွန်တော် ထိုနေ့ညစာကိုချိုမြိန်သာယာစွာ စားသုံးခဲ့ပါသည်။

ထိုညနေက ကျွန်တော်သည် ပျော်ရွှင်ခြင်းများဖြင့် ထုံအိမွှန်းနှစ်နေသော ရွှေနဲ့ လမ်းခွဲလာတော့ ည ၇ နာရီရှိခဲ့ပြီ။

အိမ်ပြန်ရောက်တော့ အိပ်ရာပေါ် မှောက်ချငြိမ်သက်လျက် ခပ်ပြုံးပြုံးငြိမ်သက် စားမြုံ့ပြန်နေဆဲ အိမ်မှာ ချန်ထားခဲ့သည့် မွေ့အတွက် ဖုန်းကို ပြန်စစ်ဖို့ သတိရသွားသည်။ တစ်ယောက်ယောက်ရဲ့ ဖုန်းကို ထားပစ်ခဲ့ရတိုင်း ပြန်ရောက်ရောက်ချင်း စစ်ဆေးကာ missed call တွေ့လျှင် ပြန်ဆက်ပြီး ရေချိုးခန်းဝင်နေလို့၊ အိမ်သာတက်နေလို့၊ ဖေဖေခိုင်းတာ လျှောက်လုပ်နေတုန်း ဖုန်းအသံပိတ်ထားလို့ စသဖြင့် ဆင်ခြေပေး လျှောက်လဲရတာ ထုံးစံဖြစ်နေပြီ။

ကျွန်တော် ဖုန်းကို ကောက်ယူကြည့်လိုက်တော့ မွေ့ message ပို့ထားတာတွေ့သည်။

မွေ့ ဒုက္ခရောက်နေလို့ ဘွဲ့နှင်းသဘင်ခန်းမရှေ့ကို လာခေါ်ပါတဲ့ ... ၊ ကိုလာတဲ့အထိ စောင့်မယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရင်တွေ ဆောင့်ခုန်သွားကာ အိပ်ရာထဲက လူးလဲထလိုက်သည်။ စောစောက ပါလာသည့် ပျော်ရွှင်ခြင်းတွေလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။

ကျွန်တော် မွေ့ဆီကို ဖုန်းပြန်ခေါ်သော်လည်း ဖုန်းက ဆက်သွယ်ရေး ဧရိယာပြင်ပ ရောက်နေသည်။

ကျောင်းထဲမှာဆို ဖုန်းက သိပ်မမိတတ်တာမို့ မွေ့ ကျောင်းထဲမှာပဲ ရှိနေလိမ့်ဦးမည်ဆိုတာ ပိုသေချာသွားသည်။

ကျွန်တော် အိမ်ပေါ်မှ ဝရန်းသုန်းကား ပြန်ပြေးဆင်းလာသည်။

"ဟဲ့ ... သား ခုပဲ ပြုံးစိစိမျက်နှာနဲ့ ပြန်ရောက်လာပြီး ခုပဲ မသာယာတဲ့ မျက်နှာနဲ့ ပြန်ထွက်ဦးမှာလား၊ နစ်ကိုယ် ခွဲကား ရိုက်နေတာ မပြီးသေးဘူးလား"

မေမေ့အသံက ဝေးကျန်ခဲ့သည်။ ကျွန်တော် ကားကို ကျောင်းဘက်သို့ မောင်းထွက်လာခဲ့သည်။ ရင်ထဲမှာ စိုးရိမ်စိတ်ဖြင့် ဆူဝေနေတာပဲ သိသည်။ မွေ့ ဘာများဖြစ်လို့ပါလိမ့်။ ကျွန်တော်ရှေ့နဲ့ ပျော်နေတုန်းမှာ မွေ့သာ တစ်ခုခုဖြစ်ခဲ့လျှင် ကျွန်တော် နောင်တရလို့ ဆုံးမှာ မဟုတ်တော့ပါ။

ကျွန်တော့် ကား ကျောင်းရှေ့ဝင်ပေါက်ကိုရောက်





တော့ ကားဝင်ခွင့်လက်မှတ်မရှိ၊ ကျောင်းသားလည်း မဟုတ်တာမို့ ကျောင်းထဲကို ဝင်ခွင့်မရ။

ဟာ ... ကားဝင်မရလည်း လူချည်းဝင်ရတာပေါ့ကွာ။

ကျွန်တော့်ကိုစိုးရိမ်စိတ်က တွန်းအားပေးလိုက်တာမို့ ကားကို ကျောင်းရှေ့မှာရပ်ပစ်ခဲ့ပြီး အဓိပတိလမ်းအတိုင်း တစ်ဟုန်ထိုး ပြေးဝင်လာခဲ့လေသည်။

ဘွဲ့နှင်းသဘင်ရှေ့ ခုံတန်းလေးပေါ်မှာ ထိုင်နေသော မွေ့ရှေ့ကို ကျွန်တော် အရှိန်ဖြင့် ဒူးထောက်ကျသွားကာ လူက ဟောဟဲဆိုက်နေသည်။

"မွေ့ ... မွေ့ ... ကိုယ် message ရရချင်း ပြေးလာခဲ့တာ၊ မွေ့ဘာဖြစ်လို့လဲ ..."

အမောတကော မေးရင်း မွေ့မျက်နှာလေးကို ကြည့်မိသည်။ မွေ့က မျက်နှာရွှမ်းလေးဖြင့် ကျွန်တော့်ကို စိုးရိမ်တကြီး ကြည့်ရင်း ...

"ဘာလို့ တအားပြေးလာရတာလဲ ကိုရယ်၊ ကိုလာတဲ့အထိ မွေ့ စောင့်မှာပေါ့၊ မွေ့က ညနေက မွေ့ဆရာမ နေတဲ့ အဆောင်ကိုလာတာ၊ အဲဒါ အဆောင်က လမ်းလျှောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာရင်း မွေ့စီးလာတဲ့ ကတ္တီပါဖိနပ်ကလည်း နည်းနည်း မြင့်တော့ ခြေခေါက်သွားတာ၊ ခြေပွတ်တိုင် လည်သွားတာလား မသိဘူး၊ လမ်းလျှောက်ရင် အရမ်းနာလာလို့ ကိုဆီ ဖုန်းခေါ်တော့လည်း ကိုက မကိုင်၊ ရွှေ့ဆီခေါ်တော့လည်း ရွှေ့ဖုန်းက ပိတ်ထားတာနဲ့ ကို လာတာကိုပဲ စောင့်တော့မယ်ဆိုပြီး ဒီနားမှာ လာထိုင်စောင့်နေလိုက်တာ ...”

“ဖြစ်ရလေ မွေ့ရယ်၊ ဘယ်အချိန်ကတည်းက စောင့်နေတာလဲ ...”

“၆ နာရီလောက်ကတည်းက ...”

“ဒါဆို မွေ့ စောင့်နေတာ ၁ နာရီခွဲလောက် ရှိနေပြီပေါ့၊ ဗိုက်လည်း ဆာရောပေါ့ ...”

“ဆာတာပေါ့ ...”

“ကိုယ်မလာရင် ဘယ်လိုလုပ်မလဲ ...”

“message ရရင်တော့ မွေ့ဆီ ကျိန်းသေလာမယ်လို့ မွေ့က ယုံတာကိုး ...”

မွေ့ရယ် ...။

ကျွန်တော် တကယ်ပဲ သေပစ်ချင်စိတ် ပေါက်သွားရလေသည်။ မွေ့ ကျွန်တော့်ကို အားကိုးတကြီး ဖုန်းဆက်နေတဲ့





အချိန်ဟာ ကျွန်တော်က ရွှေနဲ့ အပျော်ကြီးပျော်ပြီး ကြည်နူးနေခဲ့တဲ့ အချိန်ပေါ့။ ဒီအဖြစ်ကို မွေ့သိခဲ့လျှင် ဘယ်လောက် ကြေကွဲရှာလိမ့်မလဲ။

“မွေ့ ခြေထောက်က အရမ်းနာနေလား ...”

“ဟုတ် ... အရမ်းနာတယ်”

မွေ့က ကျွန်တော့်ကို မော့ကြည့်ရင်း ပြောတော့ မွေ့မျက်ဝန်းထဲက မျက်ရည်စတွေကို ကျွန်တော် မြင်သွားသည်။

“မွေ့ ... မွေ့ ငိုနေတာလားဟင် ...”

“ဟုတ်ကဲ့ ...”

“မွေ့ရယ် ... ကိုယ် တကယ်စိတ်မကောင်းပါဘူး၊ တောင်းပန်ပါတယ် မွေ့ရယ်၊ ကိုယ်လေ ကိုယ်တကယ် မကောင်းတာပါ၊ ဟာကွာ ... ကိုယ်က မကောင်းတဲ့ လူပါကွာ”

“မွေ့ကသာ တောင်းပန်ရမှာပါ၊ မွေ့ခေါ်လို့ ကို အမောတကော ပြေးလာရတာ၊ ကို မောနေမှာပဲ၊ အမောဖြေလိုက်ပါဦး ...”

လူမောတာက ကိစ္စမရှိပါဘူး မွေ့ရယ်၊ စိတ်မောတာက ဆိုးတာပါ။

“မွေ့လေ ခုလိုဖြစ်တော့မှ ကိုကို ဘယ်လောက်ချစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် အားကိုးမှန်း သိတော့တယ်၊ မွေ့ အားကိုး တကြီး ဖုန်းဆက်တဲ့အချိန်မှာ ကိုက ဖုန်းမကိုင်တော့ မွေ့စိတ်ထဲ အရမ်းအားကိုးရာမဲ့သလိုဖြစ်ပြီး ငိုချင်လာတာ"

မွေ့ရဲ့ စကား၊ မွေ့ရဲ့ အမူအရာတွေဟာ ကျွန်တော့် အတွက် ကြေကွဲစရာချည်းသာဖြစ်လို့နေပါသည်။ ကျွန်တော် ဘာ လုပ်ရမှာပါလိမ့်။

ခုလောလောဆယ်မှာတော့ မွေ့ရှေ့မှာ အပြစ်ရှိသူ တစ်ယောက်လို ခံစားနေရပါသည်။

"မွေ့ . . . လာ . . . ထ . . . ကိုယ့်ကို တွဲပြီး ဖြည်းဖြည်းချင်း လျှောက်နော် . . ."

ကျွန်တော်က မွေ့ကိုဖေးမကာ အဓိပတိလမ်း အတိုင်း ခပ်ဖြည်းဖြည်း လျှောက်ထွက်လာရင်း . . .

"မွေ့ . . ."

"ရှင် . . ."

"မွေ့ မွေးနေ့ကျရင်လည်း မွေ့နဲ့အတူ ညစာစားမယ်နော် ပြီးတော့ မွေ့မွေးနေ့ကျပေးဖို့လက်ဆောင်လည်း ခုကတည်း က ကြိုဝယ်ထားပြီးသားပဲသိလား၊ မွေ့ မွေးနေ့ကျ မွေ့ အရမ်းပျော်စေရမယ်"





"မွေ့ စိတ်ကောက်နေတယ်ထင်လို့ ကိုက နှစ်သိမ့်တယ် ပေါ့လေ . . ."

မွေ့က ဘာမှ မရိုပ်မိရှာဘဲ ပြောတော့ ကျွန်တော် ငိုချင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော အခြေအနေများကြောင့် ကျွန်တော်သည် မွေ့နဲ့ ရွှေတို့ထဲက တစ်ယောက်ယောက်ကို ပြတ်ပြတ်သားသား ရွေးချယ်မှ ဖြစ်တော့မည်ဟု စဉ်းစားမိ၏။ သို့သော် ... စဉ်းစားတိုင်း ကျွန်တော့်ရင်ထဲ အသည်းထဲ အူထဲ ကလီစာထဲက ရှူးရှူး ရှရှ နာကျင်လာသလို ခံစားရလေသည်။

တစ်ယောက်ကို ရွေးလိုက်ခြင်းဟာ တစ်ယောက်ကို စွန့်လွှတ်ခြင်းနှင့်အတူတူပဲမို့ ဘယ်တစ်ယောက်ကိုမှ မစွန့်နိုင်သော ကျွန်တော့်မှာ လှေနံနှစ်ဖက်နင်းနေရသူလို လှေတစ်စင်းမဟုတ် တစ်စင်းလည်း လွှတ်သွားမှာစိုး၊ နှစ်စင်းလုံး လွှတ်ပြီး ရေထဲပြုတ်ကျမှာလည်း စိုးနှင့် ... အချိန်တိုင်း စိုးရိမ်သောက ဖြစ်၍သာနေသည်။

"အားလုံး ပေါ်သွားလို့ကတော့ မင်းက မစွန့်လည်း သူတို့က စွန့်သွားမှာပဲ၊ အဲဒီတော့မှ မျောက် သစ်ကိုင်းလွတ် ဖြစ်ကျန်ခဲ့ဦးမယ်"

"ငါးရံ့နှစ်ကောင် ဖမ်းချင်ရင်တော့ တစ်ကောင်မှ မမိဘဲ ဟတ်ကော့ဖြစ်ကျန်ခဲ့မှာ သေချာသလောက်ပဲ"

သူငယ်ချင်း နှစ်ယောက်ကလည်း အဲဒီလို စကားလုံး အလှလေးတွေနှင့် အားပေးကြပါသေးသည်။

ဒီလိုနှင့် နေလာရင်း တစ်နေ့မှာ ကံဇာတ်ဆရာက ကျွန်တော် ကနေခဲ့တဲ့ ဇာတ်ရဲ့ Tempo (ဇာတ်ရှိန်)ကို ရုတ်တရက် မြှင့်ပေးလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



❦ ❦ ❦

ထိုနေ့မနက်က ကျွန်တော်သည် ရွှေနှင့် အတူ … အင်းလျားကန်ပေါင်ပေါ်တွင် ရှူရှူလေး ပြေးလျက်ရှိလေသည်။

ဘောင်းဘီဖြူ၊ စပို့ရှပ်အဖြူနှင့် ဆံပင်ကောက်မှာကလေးတွေကို တစောင်းကလေး ခပ်မြင့်မြင့် စည်းထားသော ရွှေ့ပုံစံလေးက ဆောင်းနံနက်ခင်းမှာ ဖွေးဖွေးလွလွ ဖူးဖူးငုံငုံလေး လှနေခဲ့ပြီး … ကျွန်တော်ကလည်း ဘောင်းဘီ နက်ပြာ၊ စပို့ရှပ်နက်ပြာကလေးဖြင့် ပြာပြာစင်စင် ချောမွေ့နေခဲ့တာမို့ ကျွန်တော်တို့ အတွဲကို လူတကာက အားကျကြည့်လေး ကြည့်သွားကြသည်။

မွေ့နှင့်အတူ မြန်မာဝတ်စုံကလေးကို ကိုယ်စီ ဝတ်ပြီး ဘုရားသွားလျှင်လည်း အဲဒီလို လူကြည့်ခံရတာပဲ ဖြစ်သည်။ နှစ်ယောက်စလုံးနှင့် လိုက်ဖက်ညီနေတာကလည်း ကျွန်တော့်ကုသိုလ်ပဲပေါ့။





"ရွှေ … မောပြီလား … ခဏနားချင်သေးလား"

"ရပါတယ် … မောင်ရဲ့၊ ရွှေက ဒီကန်ပေါင်ကို နှစ်ကြော့သုံးကျော့တောင် ပြေးနိုင်သေးတယ်"

ရွှေနဲ့ ကျွန်တော်က ရှပ်ရှင်တွေထဲက မင်းသမီးနဲ့ မင်းသားလို လှလှပပ ကြွကြွရွရွလေး ဆက်ပြေးနေရင်း ကန်ရေပြင်ဘက် မျက်နှာမူကာ အသက်ရှူလေ့ကျင့်ခန်း လုပ်နေသော အဘွားကြီးအုပ်စုကို တွေ့ရလေသည်၊

ကျွန်တော်တို့ ထိုနားကအဖြတ် အဘွားကြီးတစ်ယောက်က ဒီဘက်သို့ ပြန်အလှည့် …

"ဟဲ့ … ငါ့မြေးမ ရွှေပိတောက် မဟုတ်လား"

"ဟင် … ဘွားဘွား …"

ရွှေက ရပ်ပစ်လိုက်တော့ ကျွန်တော်လည်း ရပ်လိုက်ရသည်။

"ကြည့်စမ်း … ညည်းက ဒီလိုလား၊ ငါ လမ်းလျှောက်ချင်လို့ လိုက်ပို့ပါဆိုတော့ အပ်ရေးပျက်မခံနိုင်ပါဘူးဆို၊ ခုတော့ ညည်းက ကန်ပေါင်မှာ စုံတွဲခုတ်နေတာပါလား …"

"အဟင်း … ဘွားဘွားကလည်း …"

"ဒီသူငယ်က ဘယ်သူလဲ၊ ငါနဲ့ မိတ်ဆက်ပေးစမ်း …"



www.burmeseclassic.com

www.burmeseclassic.com



"သူက လင်းရိပ်ညို ... တဲ့၊ သမီး သူငယ်ချင်းပါ"

"ညည်း ငါ့ကို ဖြီးမနေနဲ့၊ အဘွားကြီးပေမယ့် ရည်းစား မှန်း သူငယ်ချင်းမှန်း မသိရအောင် ငါမတုံးသေးဘူး ..."

ရွှေ ဘွားဘွားကြည့်ရတာ သူငယ်ပြန်ချင်တာလား၊ ဒါမှမဟုတ် ခွကျတာကော၊ ခေတ်မီတာလားတော့ မသိ၊ ဘွင်းဘွင်း ကြီး ပြောချပြီး ကျွန်တော့်ကိုကြည့်ကာ ...

"ဟဲ့ ... သူငယ်"

"ခင်ဗျာ ..."

"ဘွားမေးမယ်၊ မှန်မှန်ပြောစမ်း ..."

"ဟုတ် ... ဟုတ်ကဲ့"

"မင်းက ငါ့မြေး သူငယ်ချင်းလား၊ ရည်းစားလား"

"ရည်းစားပါ"

"အေး ... အဲဒီလို ပွင့်လင်းတာ ကြိုက်တယ်၊ ဘွား တစ်ခု ထပ်မေးမယ်"

"ဟုတ်ကဲ့ ... မေးပါ"

"မင်းက ငါ့မြေးကို အပျော် ရည်းစားထားရုံပဲလား၊ ယူဖို့ အထိ ရည်ရွယ်လား ..."





"အပျော်ရည်းစားထားတာ မဟုတ်ပါဘူး ဘွား၊ တကယ် ချစ်တာပါ"

"အေး ... အဲဒါဆိုလည်း ဒီလို လူကြီးမိဘ မသိအောင် ခိုးကြောင်ခိုးဝှက် တွဲမနေနဲ့၊ လူကြီးမိဘတွေကို ပြောဆို နားဖောက်ထား၊ ကြားလား ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ..."

"ဟုတ်ကဲ့ဆိုရင် ဘယ်လိုလုပ်မှာလဲ ... ငါ့မြေးကို မင်းမိဘ တွေနဲ့ မိတ်ဆက်ပေးထားမှာလား"

"ဟုတ် ... ဟုတ်ကဲ့"

"အေး ... ဒါဆို ဘွား ဘဝင်ကျပြီ၊ ကဲ ... ကဲ ... သွားကြ တော့၊ ဘွား လေ့ကျင့်ခန်း ဆက်လုပ်လိုက်ဦးမယ်၊ မင်းတို့ ပြေးပြီးရင် ဘွားကို ဒီနားမှာ ပြန်လာခေါ်ကြ၊ ဘွားလည်း တစ်ခါတည်း အိမ်ပြန်လိုက်ရအောင် ..."

"ဟုတ်ကဲ့ပါ ဘွားဘွ ..."

ကျွန်တော် ရွှေနှင့်အတူ ဆက်ပြေးလာရင်း ရွှရွှလေး ပြေးတာတောင် ဒူးတွေ ကျိုးကျချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ ဘွားဘွားကို စောင့်ရ၊ အိမ်ပြန်ပို့ရနှင့်မို့ မွေ့ဆီရောက်တော့ နောက်ကျနေပြီ။

မွေ့က ကျွန်တော့်ကို မျက်ရည်လည်သော မျက်ဝန်းလေးတွေဖြင့် ဆီးကြိုနေသည်။

"မွေ့ ... ဆောရီးကွာ၊ ကိုယ် နည်းနည်း နောက်ကျသွားတယ်၊ ကိုယ်လေ ..."

"အဟင့် ... ဟင့် ... ဟီး ..."

"ဟာ ... မွေ့ ... မငိုပါနဲ့၊ မငိုပါနဲ့ကွာ ..."

မွေ့က ဝမ်းပန်းတနည်း ငိုချလိုက်တာမို့ ကျွန်တော် ပျာယာခတ်သွားသည်။

"မွေ့ရယ် ... တိတ်ပါကွာ ..."

"မွေ့လေ ... အရမ်း ဝမ်းနည်းတယ် သိလား၊ ကို နောက်





ကျနေလို့ ဖုန်းဆက်ကြည့်တော့လည်း ကိုက ဖုန်းမကိုင်ဘူး၊ အဲဒီလိုပဲ ခဏခဏဖုန်းမကိုင်ဘူး၊ မွေ့ကို ကို အလေးအနက်မထားဘူးလို့ မွေ့ ခံစားရတယ်၊ ကို ... မွေ့ကို ... ဘယ်လိုသဘောထားနေလဲဟင် ..."

"ဘာကို ဘယ်လို သဘောထားရမှာလဲကွာ"

"မွေ့ကို ခပ်ပေါ့ပေါ့ပဲ သဘောထားတယ် မဟုတ်လား"

"ဟာ ... အဲဒါတော့ မဟုတ်ဘူး ..."

"မွေ့မယုံချင်တော့ဘူး၊ ခုတလော ကိုက မွေ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား၊ အပျော်ရည်းစားထားနေတာလားလို့ တွေးမိတိုင်း စိတ်ဆင်းရဲရတယ်"

"အပျော်ရည်းစားထားတာမဟုတ်ပါဘူး မွေ့ရဲ့၊ တကယ်ချစ်တာပါ"

"တစ်သက်လုံးအတွက်ရော ရည်ရွယ်ရဲ့လား ကိုရယ်"

"ရည်ရွယ်ပါတယ် မွေ့ရယ် ..."

"မွေ့ မယုံဘူး ..."

"မယုံရင် ခုလက်ထပ်မလား ..."

လွှတ်ဆို မေးလိုက်ပြီးမှ အိခနဲ ပါးစပ်ပိတ်သွားသည်။ သွားပြီ ... နှုတ်ကျွံသွားခဲ့ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ လက်မထပ်ချင်သေးပါဘူး၊ ကို့ မိဘတွေနဲ့ တွေ့ရင်တော့ တွေ့ထားပါမယ် ..."

"အော် ... အင်း ... တွေ့ပေးရမှာပေါ့"

ကိုင်း ... ကျွန်တော် ဘာလုပ်သင့်သလဲ ...။

နိုး နိုး စာ ပေ



ခလုတ်ထိတော့ ဘာကို တ,မှာပါလိမ့် ...။

အော် ... သိပြီ ... မေမေနဲ့ ဖေဖေကို တရတော့မှာ ပေါ့။

ကိုယ့်ဘာသာ မဆုံးဖြတ်တတ်တော့တဲ့ အတူတူ မေမေနဲ့ ဖေဖေရဲ့ အဆုံးအဖြတ်ကို ခံယူလိုက်တာသာ အကောင်း ဆုံးပဲပေါ့ ...။

နိုး နိုး စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ရွေးပေးပါ ဖေဖေနဲ့ မေမေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ မေမေကို သား ပြောစရာလေးရှိလို့ ..."

ကျွန်တော်က မေမေနဲ့ မေမေ ရှေ့မှာ အပိုးကျိုးကျိုး မျက်နှာကလေးဖြင့် စကားစလိုက်ပါသည်။

"ပြောလေ ... သား"

"သားကို ၂ လပိုင်း၊ ၂ ရက်နေ့၊ ၂၄ နာရီမှာ မွေးတာ ဟုတ်ပါတယ်နော်"

"အေးလေ ... ဟုတ်တယ်လေ"

"ဘာမဆို နှစ်မျိုးစီ ကြိုက်တတ်တာလည်း သိပါတယ် နော်"

"သိတယ်လေ ... မေ့သား စိတ်ကိုက နှစ်ခွ ..."

"အေးလေ ... မိန်းမရာ မင်း မှတ်မိသေးလား၊ ဒီကောင် ငယ်ငယ်က ပြောဖူးတာ၊ မုန့်စိမ်းပေါင်းနဲ့ ဟမ်းဘာဂါကို



www.burmeseclassic.com

www.burmeseclassic.com



အကြိုက်ဆုံးတွဲ၊ သူကြိုက်တဲ့ဟာ နှစ်ခုက တွဲစားလို့လည်း အဆင်မပြေ ..."

"အခုလည်း အဲဒီလို ဖြစ်နေပြန်ပြီ ဖေဖေ ..."

"ဟော ... ဘာဖြစ်တာလဲ ..."

"သားမှာ ရည်းစားနှစ်ယောက် ရှိတယ် ဖေဖေ"

"ဟော ..."

"အဲဒီ ရည်းစားနှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ ဖေဖေ ..."

"ဟော ..."

"ဟယ် ..."

ဖေဖေနဲ့ မေမေရဲ့ အာမေဋိတ်သံက ပြိုင်တူထွက်လာသည်။

"အဲဒါ သား မဆုံးဖြတ်တတ်တော့လို့ ဘယ်သူနဲ့ သားနဲ့ သင့်တော်တယ်ဆိုတာ ဖေဖေနဲ့ မေမေပဲ ဆုံးဖြတ်ပေးစေချင်ပါတယ်"

"ဟာ ... မင်းကကွာ၊ ဒါ မင်းဘာသာ ပြဿနာရှာလာပြီး ငါတို့ကို ခေါင်းခံခိုင်းတဲ့ သဘောပဲကွ ..."

"သူလည်း မဆုံးဖြတ်တတ်တော့လို့ပေါ့ အဖေကြီးရယ်၊





မိဘတွေကို အကူအညီတောင်းတာကိုက သူ လိမ္မာလို့ပဲပေါ့၊ ဘာမှ စိုးရိမ်သောက ရောက်မနေနဲ့ သား၊ သား ရည်းစားနှစ်ယောက်ကို တစ်ရက်စီ အိမ်ခေါ်ခဲ့၊ မေမေတို့ အကဲခတ်ပေးမယ် ..."

"အေးလေ ... ယောကျ်ားကောင်း မောင်းမတစ်ထောင် ဆိုတဲ့ စကားတောင် ရှိသေးတာပဲကိုး။ မေ့သားမှာ ရည်းစားနှစ်ယောက်ရှိတာ အပြစ်တော့လည်း မဟုတ်ပါဘူး၊ ငါ့တောင် မင်းကို အားကျလာသလိုပဲ သားရာ ..."

"ရှင်နော် ... ဒါက ဘာစကားလဲ ..."

"ဟဲ ... ဟဲ ..."

ဖေဖေနဲ့ မေမေက စကားနိုင်ဆက်လုနေကြသည်။

ကျွန်တော်ကတော့ ဖေဖေ့ကို စိတ်ထဲကနေ နားချနေမိသည်။

"အားမကျပါနဲ့ ဖေဖေရယ်၊ ဖေဖေ့ကို သားလိုမျိုး ဒုက္ခမရောက်စေချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုချက် ရပြီးနောက်မှာ ကျွန်တော်က မွေ့နဲ့ ရွှေ့ကို ကျွန်တော်အိမ်သို့ တစ်ရက်စီ ဖိတ်ခေါ်လိုက်လေသည်။

တွေ့ဆုံမှုတွေကတော့ သမားရိုးကျလေးပင် ...။ ဖေဖေနဲ့ မေမေက ကျွန်တော့် ရည်းစား နှစ်ယောက်ကို တစ်လှည့်စီ မသိမသာ ဗျူးကြတာပင်။

ထူးခြားတာ တစ်ခုကတော့ ...

ရွှေ လာသောနေ့မှာ ဖေဖေက ပြုံးရွှင်ရယ်မောနေပြီး မေမေက ခပ်တည်တည်ဖြစ်နေခြင်းနှင့် ...

မွေ့ လာသောနေ့မှာ မေမေက ပြုံးရွှင်နေကာ ဖေဖေက ခပ်တည်တည် ဖြစ်နေခြင်းပဲဖြစ်သည်။

အဲ့ဒီနောက် ဘာတွေ ဆက်ဖြစ်ကြသလဲဆိုရင် ...





"ကျွန်မကတော့ မွေ့ပဲ ..."

"ကိုယ်ကတော့ ရွှေပဲ ..."

"ရွှေပိတောက်က ဒီလောက် သွက်သွက်ခါနေတာများ ရှင် မို့လို့ သဘောကျတယ်"

"ရွှေပိတောက်ကမှ ခေတ်ရဲ့ သမီးပျိုကွ၊ မိန်းကလေးဆိုတာ အဲဒီလို သွက်လက်ထက်မြက်နေမှပေါ့၊ ဒါမှသာ တို့သားကို မှားရင်လည်း မှားတဲ့အလျောက် ဝေဖန်ထောက်ပြ၊ ပဲ့ပြင်နိုင်မှာပေါ့ ...၊ မင်း မွေ့ကတော့ကွာ နေရာတကာ အားနဲ့ပြီး တို့သားကို အမြဲ မှီခိုနေမယ့်ပုံကြီး၊ သူ့ကြောင့် သူများတကာကို ဝန်ပိစေမယ့် ပုံကြီး"

"ရှင် ဒီလို တစ်ဖက်သတ် မပြောပါနဲ့၊ မွေ့က ဘယ်လောက် မိန်းမပီသလဲ၊ ဘယ်လောက် ယဉ်ကျေးသိမ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



သလဲ၊ ကြည့်လိုက်တာနဲ့ ကျက်သရေရှိပြီး ငြိမ်းချမ်းနေတာပဲ၊ အိမ်ကိုရောက်တုန်းလေး ခဏတောင် မီးဖိုချောင်ထဲဝင်ပြီး ကူညီလုပ်ကိုင်ပေးသွားတာ၊ ရှင့် ရွှေကဖြင့် ရှင်နဲ့ စကားပဲ များနေတာမဟုတ်လား"

"ဟ ... ရွှေက တတ်သိနားလည်ပြီး ဗဟုသုတ ကြွယ်ဝတယ်ကွ၊ မွေ့လို မီးဖိုချောင်ကိစ္စပဲ ဝင်တဲ့ မိန်းကလေးမျိုး မဟုတ်ဘူး၊ ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်ကြီးမှာ ကမ္ဘာ့အရေး မြန်မာ့အရေးကို ကိုယ်နဲ့ ရင်ပေါင်တန်းပြီးတော့ ပြောနိုင်တယ်၊ တို့သားအဖတွေ စကားပြောနေတာကို မနာလို မဖြစ်ပါနဲ့ ..."

"အမလေး ... အမလေး ... ခုမှ တွေ့ရတဲ့ မသေချာသေးတဲ့ ချွေးမလောင်းနဲ့များ သားအဖတဲ့၊ ရှက်လည်း မရှက်ဘူး၊ သတင်းတွေကြည့်၊ စာအုပ်တွေဖတ်ပြီး ဖတ်သမျှ ကြည့်သမျှ တစ်ဆင့် ဖောက်သည်ချတာများ ဘာဆန်းလို့လဲ၊ ကိုယ်ပိုင်အရည်အချင်းမှ မပါတာ၊ ကျွန်မတို့ သားအမိ နောက်ဖေးချောင်ထဲမှာ အတူ ချက်ပြုတ်ပြီး ကျွေးတဲ့ ထမင်းဟင်းကိုကျတော့ ရှင်မစားဘဲ နေနိုင်လို့လား၊ အဲဒါ





လက် တွေ့ကျတဲ့ အရည်အချင်းနဲ့ ချက်ထားတဲ့ ဟင်းတွေရှင့်"

"အမလေးဗျာ ... ကိုယ့်ကျတော့ ပြောတယ်၊ သူ့ကျတော့ သားအမိတွေတဲ့၊ သေချာနေလိုက်တာ ..."

"သေချာတာပေါ့ ... ကျွန်မက မွေ့ကိုပဲ ရွေးမှာ"

"မင်းတစ်ယောက်တည်း ရွေးလို့ဖြစ်မလား၊ ကိုယ်ကတော့ ရွှေပိတောက်ကိုပဲ ရွေးမှာ ..."

"ဘဝဆိုတာ လှပဆန်းပြားတဲ့ အပေါ်ယံအလှကလေးရယ်၊ အပြောကောင်းတာလေးရယ်၊ ဒီနှစ်ခုတည်းကိုပဲ ကြည့်နေလို့ ဖြစ်တာမဟုတ်ဘူးရှင့် ..."

"အချစ်ဆိုတာ ကိုယ့်ကို ပြုစုနိုင်တာလေး တစ်ခုအပေါ်သာ ယာမိခြင်းတော့ မဟုတ်ဘူးပေါ့ကွာ ..."

"ရှင် ဘာမှပြောမနေနဲ့တော့၊ ကျွန်မကတော့ မွေ့ပဲ"

"ကိုယ်ကတော့ ရွှေပဲ"

"မွေ့ပဲ ရွေးမယ်ရှင်"

"ရွှေ့ပဲ ရွေးမယ်ကွာ"

"ရှင့် ရွှေကဖြင့် ..."

"မင်း မွေ့ကဖြင့် ..."



www.burmeseclassic.com

နားသောတဆင်နေရသော အငြင်းအခုံစကားတွေ မဆုံးခင် ကျွန်တော်က နားနှစ်ဖက်ကို ခေါင်းအုံးနှင့် ဖိပိတ်ပစ်လိုက်မိသည်။

ဩော် … နှစ်မျိုး နှစ်ခွ ဖြစ်ရတဲ့ ဘဝနယ် … ။





အဲဒီနောက်တော့ ရွှေ့ကို ဖေဖေက အိမ်လည်ခေါ်တတ်ပြီး မွေ့ကို မေမေကအိမ်လည်ခေါ်ကာ ဖေဖေကလည်း ရွှေနှင့်၊ မေမေကလည်း မွေ့နှင့် အရမ်းကိုအဆင်ပြေ၍နေလေသည်။

ရွှေ လာသောနေ့တွင် ဖေဖေက ရွှေနှင့်အတူ ချက်စ်ထိုးရင်ထိုး၊ မထိုးလျှင် ဘောလုံးပွဲတွေအကြောင်း ပြောနေတတ်ပြီး မေမေကတော့ အခန်းထဲဝင်ကာ ဘာသိဘာသာ နေနေသည်။

မွေ့ လာသောနေ့တွင် မေမေက ရှင်မြူးသွက်လက်နေကာ မွေ့နှင့်အတူ မီးဖိုချောင်းထဲမှာ စားစရာ တစ်မျိုးမဟုတ်တစ်မျိုး လုပ်နေတတ်ပြီး ဖေဖေကတော့ သူ့ဘာသာ အိမ်ရှေ့မှာ ဘောလုံးပွဲ ကြည့်ရင်း ဘာသိဘာသာ နေနေသည်။

ကြာတော့ မွေ့ရော ရွှေပါ အခြေအနေကို ရိပ်မိဟန်ကာ ရွှေက ပြောသည်မှာ …

www.burmeseclassic.com



"မောင့် မေမေကို ကြည့်ရတာ ရွှေ့ကို မကြည်ဖြူသလို ရွှေလာရင် မောင့် မေမေကသာ လှိုက်လှိုက်လှဲလှဲ ဆက်ဆံတာ၊ မောင့် မေမေက စကားဟာဟပြောတာ မဟုတ်ဘူး"

"မေမေက စကားနည်းလို့ပါကွာ၊ ပြီးတော့ မေမေက ဥပုသ်စောင့်ထားတာဆိုတော့ သူ့အခန်းထဲသူဝင်ပြီး တရားမှတ်နေရတာပေါ့"

"ရွှေလာတာ ဥပုသ်နေ့မှ မဟုတ်တာ"

"ဥပုသ်နေ့ မဟုတ်လည်း မေမေက သူစောင့်ချင်ရင် စောင့်တာပဲ"

"ရွှေ့ကို မညာပါနဲ့၊ ရွှေ ရိပ်မိပါတယ်၊ အသိသာကြီးပါ"

ရွှေက ဒီလိုပြောရင်း မျက်နှာပျက်နေတတ်သလို မွှေ့ကလည်း ...

"ကို့ ဖေဖေက မွှေ့ကို သဘောမကျဘူးလားဟင်"

"သဘောကျပါတယ် မွှေ့ရယ်"

"ဟုတ်လို့လား ... သဘောကျတယ်သာဆိုတယ်၊ မွှေ့လာရင် မျက်နှာထား တည်တည်ကြီးနဲ့ ..."

"ဖေဖေက ခပ်တည်တည်ပဲ နေတတ်လို့ပါ"





"မွှေ့တော့ ကို့ဖေဖေက မွှေ့ကို မကြည်ဖြူဘူးလို့ပဲ ထင်နေမိတယ်"

"မဟုတ်တာတွေ လျှောက်မတွေးပါနဲ့ မွှေ့ရာ ..."

"သဘောမတူရင် ဘယ့်နှယ်လုပ်မလဲ"

"နိုးပြေးမယ်ကွာ ..."

လွတ်ခနဲ ပြောလိုက်မိပြန်သည်။ မွှေက အတည်မှတ်ကာ ရှက်မျက်နှာလေး ရဲခနဲဖြစ်ကာ ခေါင်းငုံ့သွားသည်။

ကျွန်တော်လည်း ဘာစကားမှ ရှေ့ဆက်မကျွံရလေအောင် ပါးစပ်ကို စေ့စေ့ပိတ်ရင်း မွှေ့ကိုသာ ငေးကြည့်ရင်း စိတ်အိုက်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ဘဝသည် ဘယ်လိုအကျိုးပေးကြောင့်များ ခုလို အဖြစ်များနှင့် ကြုံရသည် မသိပေ။

အိမ်တွင် ကျွန်တော့် နေလျှင် ဖေဖေနဲ့ မေမေတို့ရဲ့ "မွေ့ ... ရွှေ" စကားစစ်တိုက်သံကို နားသောတဆင်ကာ ဦးနှောက်ခြောက်ရ၏။

အိမ်မှာ စိတ်ညစ်လို့ အပြင်ထွက်ပြီး ချစ်သူများနှင့် တွေ့လျှင်လည်း ရင်တထိတ်ထိတ်နှင့် စိုးရိမ်သောက ရောက်ရ၏။

ချစ်သူတွေနှင့် တွေ့ရတာ စိတ်ဖိစီးလွန်းလို့ သူငယ်ချင်း နှစ်ယောက်ထံ သွားလျှင်လည်း ဇညားက မွေ့၊ ဝေယံက ရွှေ၊ တစ်ဖက်စီလိုက်ကာ သူတို့အချင်းချင်း ရန်စောင်အငြင်းပွား နေတာကို ဖြန်ဖြေပေးရ၏။

ဒါတွေကို စိတ်ရှုပ်ရလွန်းလို့ ဘယ်သူနဲ့မှ [illegible]





နေပြန်လျှင်တော့ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် ရန်တွေဖြစ်ကာ ဟိုဘက်ဒီဘက် လွန်ဆွဲရင်း ဒွိဟ သံသရာလည်၍နေလေသည်။

ကျွန်တော် ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေမှာ ပေါ့သွားဖို့ လမ်းမမြင်ဘဲ တစ်နေ့ထက်တစ်နေ့ လေးလံ၍သာလာရ၏။

တစ်နေ့တော့ ကျွန်တော် အိမ်မှာ ဖုန်းနှစ်လုံး ခြံရံလျက် နေနေဆဲ ရွှေက အရင်ဖုန်းဆက်ကာ ...

"မောင်ရေ... ရွှေ အခု အင်းလျားကန်ပေါင်နားက KLCC ကြက်ကြော်ဆိုင်မှာ ရောက်နေတယ်၊ မုန့်တွေမှာစားပြီးမှ ပိုက်ဆံအိတ်ထဲကို ပိုက်ဆံမထည့်မိခဲ့တာ သတိရတယ်၊ ရွှေ တစ်ယောက်တည်း အခက်တွေ့နေလို့ အခု မြန်မြန်လာခဲ့ပါ မောင်..."

"အိုကေ... အိုကေ... ခဏလေးပဲ စောင့်၊ ကိုယ် အခု ထွက်ခဲ့မယ်၊ ၁၅ မိနစ်အတွင်း ရောက်မယ်"

ကျွန်တော် ရွှေ့ဖုန်းကို ချချချင်း မွေ့ဖုန်းက မြည်လာပြန်ကာ ...

"ကိုရေ... မွေ့ ဖိနပ်ပြတ်သွားလို့၊ ဖိနပ်တစ်ရံ ဝယ်ပြီး မွေ့ဆီ အမြန်လာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရင်တုန်ပန်းတုန် ဖြစ်သွားကာ ...

"အခု ... အခု လာရမှာလား ..."

"အင်းလေ ... ဖိနပ်ပြတ်ပါတယ်ဆိုမှ အခုလာမှ ဖြစ်မှာပေါ့၊ မွေ့မှာ ဖိနပ်မပါဘဲ မတ်တတ်ကြီး ရပ်နေရတာ ရှက်စရာကောင်းလိုက်တာ ..."

"ကဲ ... ကဲ ... ဒါဆို ခုလာပြီ၊ ဩော် ... နေရာပြောဦးလေ"

"အင်းလျားကန်ပေါင်မှာ ..."

"ဘာ ..."

"အမလေး ... လန့်လိုက်တာ၊ မောင်က စွတ်အော်နေတာပဲ၊ မွေ့ကဲ ကန်ပေါင်ရဲ့ ဟိုဘက်စွန်း IBC ဘက် ခုံတန်းလေးနားမှာပါ၊ မွှာရုံလမ်းထဲက သူငယ်ချင်းဆီခဏသွားရင်း အပြန်တော့ ကန်ပေါင်ပေါ်ကနေ လေညင်းခံရင်း လျှောက်ပြန်မယ်ဆိုပြီး IBC ဘက်ကနေ ကန်ပေါင်ပေါ် တက်လာတာ၊ ကန်ပေါင်ပေါ်လည်း ရောက်ရော ဖိနပ်က ပြတ်ရော၊ အဲဒါနဲ့ ဒီနားပဲ ရပ်နေရင်း မောင့်ဆီ ဖုန်းဆက်လိုက်ရတာ၊ အခု လာခဲ့နော် မောင်"

"အင်း ... အင်းပါ ... လာခဲ့ပါမယ်"

ကျွန်တော်က ဖုန်းနှစ်လုံးကို ဆွဲကာ ကန်ပေါင်





ဘက်သို့ ကားမောင်းထွက်လာခဲ့သည်။ လမ်းတစ်လျှောက်လုံး ဖုန်းက တစ်လှည့်စီ မြည်နေသည်။ ကျွန်တော်လည်း ဖုန်းနှစ်လုံးကို အသံတိုးထားရပြီး တစ်လှည့်စီကိုင်ကာ ဒုက္ခများနေသည်။

"မောင်ရေ ... လာနေပြီလား"

"ကိုရေ ... မြန်မြန်လာတော့ကွာ ..."

"လာပြီ ... ရွှေ ... မောင် လာနေပြီ"

"လာနေပါပြီ မွေ့ရယ်၊ ကိုယ် လာနေပါပြီကွာ ..."

ကျွန်တော့် တစ်ကိုယ်လုံးလည်း ချွေးသီးချွေးပေါက်တွေ ထလာသည်။ မွေ့အတွက် လမ်းက ဆိုင်မှာ ဖိနပ်ဝင်ဝယ်တာ နည်းနည်းကြာသွားတော့ ဖုန်းတွေက တဂျီဂျီမြည်ကြပြန်သည်။ ဖိနပ်ဆိုင်ကလူတောင် ကျွန်တော့်ကိုကြည့်ပြီး ပြုံးစိစိဖြစ်နေသည်။

"ကိုရေ ... ဘယ်နားရောက်နေပြီလဲ"

"ဖိနပ် ဝယ်နေတယ် မွေ့၊ ပြီးပါပြီ ... အခုလာပြီ၊ မီးပွိုင့်မိရင်တော့ နည်းနည်းလေး ကြာမယ်နော်၊ သည်းခံစောင့်၊ သည်းခံစောင့် ..."

"မောင်ရေ ရောက်တော့မလား ..."

"ရောက်ပါတော့မယ် ရွှေ၊ ခဏလေး စောင့်ပါနော်"

ဘယ်လိုဖြစ်လို့များ ခုတလောမှ နှစ်ယောက်စလုံး



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ကြမ်းနေရတယ် မသိပေ။ ချိန်းလိုက်မှဖြင့်လည်း နေရာချင်းကသိပ်မဝေး။ အချိန်ချင်းလည်း သိပ်မကွာ။ မနေ့ကလည်း သမ္မတရုံနှင့် တိရစ္ဆာန်ရုံကို အချိန် နာရီဝက်ပဲခြားကာ ချိန်းတော်မူကြသည်။ ကျွန်တော့်မှာ ရွှေချိန်းတဲ့ တိရစ္ဆာန်ရုံကို သွားကာ ကစားကွင်းမှာ ဖုတ်ပူမီးတိုက် ကစားပြီး မွှေ့စောင့်နေသည့် သမ္မတရုံဘက်သို့ ငါးမိနစ်အတွင်း ရောက်အောင်သွားဖို့အရေး ရွှေနဲ့စကားစစ်ပွဲတွေဖြစ်ကာ ဒုက္ခများရသည်။ မွှေ့ဆီရောက်တော့လည်း နောက်ကျလို့ဟုဆိုကာ ရန်တွေ့ စိတ်ကောက်တာ ခံရသေးသည်။ နှစ်ယောက်ကြားမှာ အူယားဖားယား ဖြစ်ရလွန်းတာမို့ လူလည်း ပေစုပ်စုပ် ညစ်ထပ်ထပ်ဖြစ်လာသည်။ အဝတ်အစားကအစ ကသီးကရွဲဖြစ်လာသည်။

တစ်ယောက်ဆီကနေ့ တစ်ယောက်ဆီသို့ အကူးမှာ ဝတ်စုံချင်းလည်းချိန်း၊ ကာရိုက်တာလည်း ချိန်းရသေးသည်။ ကျွန်တော့်ကားထဲမှာ ဝတ်စုံနှစ်မျိုးစီ အမြဲ သတိလေးထားပြီး ထည့်ပေးထားရသည်။ ကားထဲမှာတင် အမြန်လဲလှယ်ဝတ်ဆင်ရတာမို့ အကျီတွေဟာ ပြောင်းပြန်ဖြစ်လိုဖြစ်နှင့် ... ။ သူတို့ရှေ့ရောက်တိုင်း လူက အမြဲ ဖိုသီဖတ်သီ ဖြစ်ဖြစ်နေသည်။ အမောတကောပုံ အမြဲပေါက်ကာ မျက်ကလူးဆန်ပျာ ဖြစ်နေသည်။





ခုလည်း မျက်ဖြူဆိုက်နေသော မျက်နှာမျိုးနှင့် ကားမောင်းလာခဲ့ရပြီး ကားကို ကန်ပေါင်နား ပါကင်မှာ ပါကင်ထိုးလိုက်သည်။ ပြီးတော့ ဖုန်းနှစ်လုံးကို ပိတ်ပစ်လိုက်ပြီး ပါကင်နှင့်နီးသော ရွှေ့ဆီ အမြန်ပြေးရသည်။

"ရွှေ … ရွှေ … ဆောရီး၊ မောင် နည်းနည်းနောက်ကျသွားတယ်"

"ဘယ်ဝင်နေလို့ နောက်ကျနေတာလဲ၊ မီးပွိုင့်မိရင်တောင် ဒီလောက် မကြာပါဘူး"

"ဘယ်မှ မဝင်ပါဘူး ရွှေရယ်၊ လမ်းမှာ ကားတွေပိတ်နေလို့ပါ၊ ရုံးဆင်းချိန်ဆို ကားကပိတ်တယ်လေ"

ကျွန်တော်က ရွှေ စားထားတာတွေအတွက် ပိုက်ဆံရှင်းပေးလိုက်ပြီး …

"ရွှေ … မောင် သွားတော့မယ်နော် … "

"ဟင် .. သွားတော့မလို့လား၊ နေပါဦး … ရွှေနဲ့အတူတူ စိမ်းလန်းစိုပြည် ပန်းခြံဘက်မှာ ခဏသွားထိုင်ရင်း အေးအေးဆေးဆေး စကားပြောကြရအောင်လေ … "

"မောင် အချိန်မရလို့ပါ၊ ဟိုဟာလေ … မေမေပေါ့၊ ဒဲ့ကြက်တွေ၊ အုန်းနို့ခေါက်ဆွဲတွေ၊ ငါးသလောက်ပေါင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



စားပြီး သွေးတက်နေတယ်ဆိုလို့ ဆေးခန်းပို့ပေးရဦးမှာ မို့လို့ပါ"

"ဒါဆို ရွှေလည်းလိုက်ခဲ့မယ်လေ"

"ဘာ ... ဘာလိုက်လုပ်မှာလဲ ..."

"ဩော် ... သတင်းလေး ဘာလေး မေးရတာပေါ့"

"သတင်းမေးရလောက်တဲ့ ရောဂါမျိုးမှ မဟုတ်တာ၊ ခဏ တစ်ဖြုတ် သွေးတိုးရုံကလေးပဲဟာ"

"ဒါမေယ့် ရွှေ့ဘက်က ဂရုစိုက်ကြောင်းလေး ပြချင်သေး တာပေါ့၊ မောင့် မေမေက ရွှေ့ကို သိပ်မကြည်တော့ ရွှေက ပိုပြီး ဂရုစိုက်ပြရမှာပေါ့"

"ဒါ ... ဒါဆိုလည်း နောက်နေ့မှ အိမ်ကိုလာလေ၊ အခု မောင် သွားတော့မယ်နော်၊ ရွှေလည်း သွားတော့နော် ..."

"ရွှေ မသွားသေးဘူး၊ ကန်ပေါင်ပေါ်မှာ လမ်းလျှောက်ဦး မယ်"

"ဘယ် ... ဘယ်အထိ လျှောက်မှာလဲဟင်"

"ဟိုးဘက်ထိပ်အထိပေါ့ ..."

ဘုရားရေ ... သေချင်တော့တာပဲ ...။

"လျှောက်မနေပါနဲ့တော့ ရွှေရယ်၊ တော်ကြာဆို မှောင်





တော့မှာ၊ မိန်းကလေး တစ်ယောက်တည်း မကောင်းပါဘူး၊ ပြန်တော့နော် ... ပြန်တော့ ... လိမ္မာပါတယ်၊ လာ ... လာ ရွှေ့ကားနားထိ မောင် လိုက်ပို့မယ်"

"မောင်လည်း သွားမှာပဲ မဟုတ်လား၊ မောင့်ကားနဲ့ ရွှေ ဆင့်နောက်ဆင့် ထွက်လိုက်မယ်လေ ..."

"မောင်က ... မောင်က ဟိုနားကဆိုင်မှာ အကြော်ဝင်ဝယ် ရဦးမယ်၊ မေမေ မှာလိုက်လို့လေ၊ မေမေက အကြော် သိပ်ကြိုက်တာ ..."

"ဝယ်လေ ... ဝယ်၊ ရွှေ စောင့်ပါ့မယ် ..."

"အကြော်က ပျော့နေရင် သူတို့ ပြန်ကြော်ပေးမှာနဲ့၊ အဆင် သင့် ကြော်ထားတာမရှိရင် စောင့်ယူရမှာနဲ့ ကြာဦးမှာ ..."

"ကြာလည်း ရွှေ စောင့်နိုင်ပါတယ်၊ ဟင် ... မောင် နေ မကောင်းဘူးလား၊ မျက်နှာက ဖြူဖပ်ဖြူရော်နဲ့ ချွေးတွေ လည်း ရွှဲလို့ ..."

"ဩော် ... အင်း ... ဟုတ်တယ်၊ မောင် သိပ်နေမကောင်း ဘူး ..."

"ဟယ် ... ဒါဆို မောင် ကားမောင်းသွားလို့ ဖြစ်ပါ့မလား၊ မောင့်ကို ရွှေ စိတ်မချတော့ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာလုပ်ရမှန်းလည်း မသိတော့။ ရွှေက တွယ်ကပ်နေလေ ချွေးတွေထွက်ပြီး ကြက်သီးထကာ သွေးဆုတ် ဖြူရော်လာလေ။

မွေ့ ... မွေ့ခများလည်း ဖိနပ်ပြတ်ကြီးနဲ့ စောင့်နေရတာ ညောင်းရောပေါ့၊ လာပါတော့မယ် ... ကိုယ် လာပါတော့မယ်။ လာဖို့ တိုက်ပွဲဝင်နေပါတယ် မွေ့ရယ် ...။

ကျွန်တော်နဲ့ ရွှေတို့ 'မပြန်သေးဘူး'၊ 'ပြန်ပါ' အငြင်းပွားနေဆဲ ရွှေ့ဖုန်းက ထမြည်လာပြန်သည်။

"ရွှေရေ ... မွေ့ပါ၊ ရွှေရေ ... မွေ့ပါ"

မြတ်စွာဘုရား ... မွေ့ ရွှေ့ဆီ ဖုန်းဆက်ပြီး ဘာတွေ ပြောဦးမှာလဲ ...။ ကျွန်တော် ဘုရားသိကြားတရင်း နားရွက်ပေ နေလိုက်သည်။

"ဟဲလို ... မွေ့ဘယ်ရောက်နေလဲ၊ ဟုတ်လား ... ကန်ပေါင် မှာပဲလား ..."

ဘုရား ... ဘုရား ...။

"ဖိနပ်ပြတ်တယ်၊ ဪ ... ဖြစ်ရမယ်၊ အင်း ... အင်း ... နင့်လူက ခုထိ မလာသေးဘူးလား၊ တယ်ပြီး စိရိပ နည်းတာကိုး၊ ငါ လာခဲ့ရမလား၊ အံမယ်လေး ... အကဲပို





လိုက်တာဟယ်၊ အေးပါ ... အေးပါ ... နင်စောင့်နိုင်ရင် ဆက်စောင့်ပါ၊ မလာတဲ့အဆုံးမှသာ ငါ့ဆီ ဖုန်းဆက်လိုက် ဟုတ်ပြီလား၊ အေး ... အေး"

ရွှေ ဖုန်းချလိုက်တော့မှ ကျွန်တော် အသက်ဝဝ ရှူရဲသည်။ ရွှေက နှုတ်ခမ်းလေးကို မဲ့ရင်း ...

"ဒီလူ ဘာလုပ်နေလို့ ခုထိမရောက်သေးတာလဲ၊ ဟိုမှာ မွေ့ကဖြင့် စောင့်နေရှာတာ သနားပါတယ်"

ရွှေ့ စကားဟာ ကျွန်တော့်ကို စောင်းပြောနေ သလားဟုတောင် ထင်ရတာမို့ ကျွန်တော့်မှာ ဆတ်ခနဲတုန်ပြီး တော့တောင် လန့်သွားမိပါသည်။

"သိလား ... ကို၊ ရွှေ့သူငယ်ချင်း မွေ့လေ၊ ဖိနပ်ပြတ်လို့တဲ့၊ သူ့လူဆီ ဖုန်းဆက်ခေါ်ပြီး စောင့်နေရတာ တစ်နာရီ လောက် ရှိတော့မယ်တဲ့၊ အဲဒီလူကလည်း မွေ့ကို အလေး အနက်မှ ထားရဲ့လားလည်း မသိပါဘူး"

"ရွှေ ... ပြန်တော့လေ ..."

"ဟင် ... မောင်က သိပ်နေမကောင်းဘူးဆိုလို့ ရွှေက စောင့် ပေးမလို့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေတော့ ... ၊ ပြန်ပါတော့ ရွှေရယ်၊ မွေ့ကို သနားရင် အဲ ... မောင့်ကို သနားရင် ပြန်ပါတော့ ..."

"ခုန မောင်ပြောလိုက်တာ မွေ့ကိုသနားရင်လို့ ရွှေ ကြားလိုက်သလားလို့ ..."

"သြော် ... ရွှေ ခုနပြောတာ နားထောင်ပြီး ရောထွေးသွားတာပါ၊ ပြန်တော့နော်၊ မောင့်ကို သနားရင် ပြန်တော့နော်"

"မောင့်ရပ်ကလေ ငိုတော့မလိုပဲ၊ ဘာဖြစ်တာလဲ၊ အေးလေ ဘာအကြောင်းမှန်း မသိရပေမယ့် မောင် သွားစေချင်ရင် ရွှေ သွားပါတော့မယ်"

ကျွန်တော်က ရှိုးဦးချမတတ် တောင်းပန်တော့မှ ရွှေက သူ့ကားဆီ လျှောက်သွားပြီး မောင်းထွက်သွားသည်။

ရွှေလည်းအထွက် ကျွန်တော်လည်း ကားထဲအဝင်၊ အဝတ်အမြန်လဲ ပြီးတော့ ပြေး ... ပြေး ... အသကုန် ပြေး။

ရွှေ ဖုန်းထပ်ဆက်တဲ့အခါ ကျွန်တော် ဖုန်းပိတ်ထားကသိလျှင်၊ မွေ့တစ်ယောက်တည်း ဝမ်းနည်းအားငယ်နေလျှင် ဟူသော ချစ်သနားသည့် အတွေးများက ကျွန်တော့်ခြေထောက်တွေကို တွန်းအားပေးနေတာမို့ ဒီဘက်ထိပ် ကန်ပေါင်ကနေ





ဟိုဘက်ထိပ် ကန်ပေါင်အထိ အိုလံပစ်စံချိန်ချိုးမတတ် ကျွန်တော် အားသွန်ပြေးလာသည်။

"မွေ ... မွေ့ ..."

"ဟင် ... ကို ဘယ်လိုဖြစ်လာတာလဲ"

"မွေ့ကို စိတ်ပူလို့ ပြေးလာတာလေ ..."

"ကို့ပုံ ... ကို့ပုံ၊ ကို့ပုံကို ပြန်ကြည့်ပါဦး ..."

မွေ့က ကျွန်တော့်ကို လက်ညှိုးထိုးရင်း အထိတ်တလန့် ပြောနေတာမို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိတော့ မျက်လုံးတွေတောင် ပြူးသွားသည်။

ဂျင်းဘောင်းဘီတိုနှင့် ကော်လံကတုံးရှပ်နှင့်၊ ပြီးတော့ ထိုအင်္ကျီက ပြောင်းပြန်ဖြစ်နေသေး။

"ကို့ဒီဇိုင်းက ဘယ်လိုဖြစ်နေတာလဲဟင်၊ ဖယ်ယဆန်ဆန်လေး နေချင်လို့ ဂျင်းဘောင်းဘီ ဝတ်မယ်ဆိုလည်း အပေါ်က အင်္ကျီကိုပါ အဆီအငေါ်တည့်အောင် ဝတ်ပေါ့ကိုရယ်"

"သြော် ... အင်း ... တစ်ခါတလေ ဒီဇိုင်းပြောင်းကြည့်ရင် ကောင်းမလားလို့ ဂျင်းဘောင်းဘီဝတ်ကြည့်နေတုန်း မွေ့ဆီက ဖုန်းလာတာနဲ့ ကမန်းကတန်း ထွက်လာခဲ့မိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အကျိုကြာလည်း ပြောင်းပြန်ကြီး၊ ကိုက တကယ် ရယ်ရတယ်၊ ဟင်းဟင်း ..."

"ဟင်း ... ဟင်း ... ဟုတ်ပါရဲ့ မွေ့ရယ်၊ ဟဲဟဲ ..."

"ကို့ခများလည်း ပြေးလာရတာ မောနေရှာမှာပဲနော်"

"မမောပါဘူး၊ ကိုယ်က မနက်တိုင်း ပြေးနေကျပါ"

"ဟင် ... မနက်တိုင်း ပြေးတယ် ဟုတ်လား၊ ကို တစ်ယောက်တည်း ပြေးတာလား ..."

"နှစ်ယောက် ... အဲ ... တစ်ယောက်တည်းပေါ့ မွေ့ရဲ့၊ ရော ဒီမှာ မွေ့ဖို့ ဖိနပ်ကလေး၊ စီးကြည့်လိုက်ဦး"

မွေ့က ကျွန်တော် ဝယ်လာသော ဖိနပ်ကလေးကို စီးကြည့်လိုက်ပြီး ...

"ကွက်တိပဲ၊ ကိုကသိပ်တော်တာပဲ၊ မွေ့ဖို့ ဖိနပ်ကို သေသေချာချာ ရွေးဝယ်နေလို့ ကြာနေတာလားဟင် ..."

"ဒါပေါ့ မွေ့ရဲ့၊ မွေ့ ခြေထောက်နဲ့လည်း တော်အောင်၊ သက်သောင့်သက်သာလည်း ရှိအောင်၊ လှလည်း လှအောင် ထောင့်စေ့အောင် စဉ်းစားပြီး ရွေးနေရတာ နာရီဝက်လောက်တောင် ကြာတယ်"

"ဒါဆို ဒီကအပြန် ဖိနပ်ဆိုင်ဝင်ရအောင်နော်"





"ဟင် ... ဘာလုပ်ဖို့လဲ"

"walking shoes တစ်ရံ ဝယ်မယ်လေ၊ မနက်ကျရင် ကိုနဲ့အတူ လမ်းလိုက်လျှောက်ရအောင် ..."

"ဟာ ... မဖြစ်ဘူး၊ ဘယ်ဖြစ်မလဲ"

"ဘာလို့မဖြစ်ရမှာလဲ"

"မွေ့ ဘုရားသွားရမယ်လေ၊ ဘုရားသွားရမယ်၊ ဘုရားသွားတာ ကုသိုလ်ရတယ်လေ"

"မွေ့ ယတြာချေနေတဲ့ တစ်လက ပြီးသွားပြီလေ၊ အရင်လို တနင်္လာနေ့မနက်ကျမှပဲ ဘုရားသွားတော့မယ်၊ စောစောကတည်းက ကို့ကို စောင့်နေရင်း မွေ့ တွေးမိနေတာ၊ ကန်ပေါင်က အရမ်းသာယာလို့ မနက် မနက် ကိုနဲ့အတူ လမ်းလျှောက်ရရင် ကောင်းမလားလို့လေ၊ ခုန ကိုကလည်း မနက်တိုင်း ပြေးတယ်ပြောတော့ မွေ့ ပိုစိတ်ပါသွားတာပေါ့"

ကျွန်တော် တကယ်ရှုးချင်သွားပါသည်။ ခုတလောမှ မွေ့နဲ့ ရွှေ ပေါင်းပြီး ကျွန်တော့်ကို ရှုးအောင်နှိပ်စက်နေသလားထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ရက် နှစ်ရက်တော့ ခဏနေပါဦး မွေ့ရယ်၊ ကိုယ် ခြေထောက် နာနေလို့ပါ"

"ခြေထောက်နာတဲ့လူကလည်း ပြေးလာလိုက်တာ ..."

"အချစ်ရဲ့ တွန်းအားနဲ့မို့လို့ ပြေးလာနိုင်တာပါ မွေ့ရယ်။ အား ... အခုတော့ သွေးအေးသွားလို့လား မသိဘူး၊ ပြန် နာချင်နေပြီ"

"ဒါဆို ခြေနာပျောက်ရင် အတူလျှောက်မယ်နော်"

"အင်းပါ ... အင်းပါ"

ဒီကြားထဲမှာ နည်းလမ်းရှာဖွေဖို့ မွေ့ကို အချိန်ဆွဲထားရသည်။ လက်တလောမှာတော့ ပြဿနာ အေးပြီရယ်လို့ ဟင်းချမည်ပြင်ဆဲ မွေ့က ပြဿနာလမ်းကြောင်းပေါ် တက်လာပြန်သည်။

"ကို ... ကို့ဖုန်းလေး ခဏငှားဦး"

"ဘာ ... ဘာလုပ်မလို့လဲ၊ ကိုယ့်ဖုန်းက ကားထဲမှာ ကျန်ခဲ့တယ်"

"မွေ့ သူငယ်ချင်း ရွှေဆီ လှမ်းဆက်ချင်လို့ပါ၊ ကို မလာခင်က သူ့ဆီလှမ်းပြီး ဂျိကျထားသေးတာလေ ..."

"မွေ့ဖုန်းကရော ..."





"ဘက်ထရီကုန်သွားပြီ"

"ဟာ ... ကိုယ့်ဖုန်းလည်း ဘက်ထရီကုန်နေပြီ မွေ့ရဲ့"

ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ် အသေအလဲ ခုခံကာကွယ်နေရသည်။ ခုတလောမှာ မွေ့နဲ့ ရွှေဟာ ပြဿနာမလေးတွေ ဖြစ်နေသည်။

ရွှေ့အတွက်ကိုင်သည့် ကျွန်တော့် ဖုန်းနဲ့သာ မွေ့က ရွှေ့ဆီခေါ်ခဲ့လျှင် ရွှေက ကျွန်တော့် နံပါတ်ကိုမြင်ပြီး ပြဿနာတက်ပြီ။

အဲ့ဒီနေ့က အိမ်ပြန်ရောက်တော့ ကျွန်တော် ရူးတူးတူး သွပ်တွတ်တွတ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲကမပြီးသေး ...။

ညရောက်တော့ ဝိုပြီး ပွဲကြမ်းလာသည်။

ဖုန်းနှစ်လုံးကို ဘယ်တစ်လုံး၊ ညာတစ်လုံး ချကာ အေးအေးလုံ့လု အခွေကြည့်နေဆဲ တိုက်တိုက်ဆိုင်ဆိုင် ဖုန်းနှစ်လုံး ပြိုင်တူမြည်လာတာမို့ တချွေခြောက်သလို ခံစားလိုက်ရသည်။

*"မောင်ရေ ... ရွှေပါ၊ မောင်ရေ ... ရွှေပါ"*

*"ကိုရေ ... မွှေ့ပါ၊ ကိုရေ ... မွှေ့ပါ"*

ကျွန်တော့်မှာ ဟိုဖုန်းကိုင်ရမလို ဒီဖုန်းကိုင်ရမလို ကယောင်ချောက်ချား ဖြစ်သွားပြီး ဘယ်ကြည့်လိုက်၊ ညာကြည့်လိုက် အူချာချာဖြစ်နေသည်။ ပြိုင်တူ ကိုင်လိုက်ရရင် မကောင်းရှိတော့မယ် ...။

ကျွန်တော်က 'မွှေ့ ... ရွှေ၊ မွှေ့ ... ရွှေ' ဟု ဖုန်း





တွေကို ကြည့်ကာ ရေရွတ်နေဆဲ 'မွှေ့' ဆိုသည့် နေရာမှာ ဖုန်းသံက ပြိုင်တူရပ်သွားသည်။

နောက် တစ်ကြိမ် ပြိုင်တူ ပြန်မြည်လာတော့ ကျွန်တော်က မွှေ့ဖုန်းကို အရင်ကောက်ကိုင်ကာ မြည်နေသည့် ဖုန်းနှင့် ဝေးရာသို့ ပြေးထွက်လိုက်ပြီး ...

"မွှေ့ရေ ... ကိုယ် ရေချိုးရင်းတန်းလန်းနဲ့ ပြေးထွက်ကိုင်ရတာ၊ ပြီးမှ ကိုယ် ပြန်ဆက်လိုက်မယ်နော် ..."

"ပြီးမှဆိုတာ နောက် ဘယ်လောက်ကြာရင်လဲ ကို ..."

"အလွန်ဆုံးမှ နာရီဝက်ပေါ့ကွာ ..."

"နာရီဝက်ထက် ပိုမကြာစေနဲ့နော်"

"အင်းပါ ... အင်းပါ၊ ဒါပဲနော်"

ဒီဖုန်းချ ... ဟိုဖုန်းပြေးကိုင် ...။

"ဟဲလို ... ရွှေ"

"ရွှေခေါ်နေတာ ကြာပြီ မောင်ရေ၊ မောင် ဘာတွေ လုပ်နေတာလဲ ..."

"ရေချိုးနေတာပါ ရွှေရယ်"

"အခု ပြီးသွားပြီလား ..."

"ပြီးပြီ ... ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မောင့် မေမေ သက်သာလား"

"သက်သာပါတယ် ရွှေ"

"ဆေးခန်းသွားဖြစ်တယ်ပေါ့"

"သွားဖြစ်ပါတယ်"

"မောင် ... အခု ဘယ်လို အနေအထားနဲ့ ဖုန်းပြောနေတာလဲ"

"ထိုင်ပြီးပြောနေတာ"

"ဒါဆို အိပ်ရာထဲမှာ သက်သောင့်သက်သာ သွားလှဲပြီးပြောတော့ ..."

"ဘာဖြစ်လို့လဲ"

"ရွှေက ဒီည မောင်နဲ့ ဖုန်းအကြာကြီး ပြောမှာ၊ မိုးလင်းရင်တောင် လင်းသွားနိုင်တယ်၊ မောင် ထိုင်ပြောရင် ညောင်းနေမှာစိုးလို့ ကြိုပြောထားရတာ ..."

မဖြစ်ဘူး ... မဖြစ်ဘူး။ နောက် နာရီဝက်ကြာရင် မွေ့ဆီ ပြန်ဆက်ရဦးမှာ၊ ငါ ဘာလုပ်ရရင် ကောင်းမလဲ။

ကျွန်တော့်မှာ ရွှေပြောသမျှကို အလိုက်သင့် အင်းအဲလုပ်ကာ နားထောင်ရင်း အကြံဉာဏ်ထုတ်နေရသည်။

နာရီဝက်ပြည့်လုဆဲဆဲမှာ အကြံရကာ ...





"ရွှေရေ ... မောင် ဗိုက်နာလာလို့ အိမ်သာတက်လိုက်ဦးမယ်၊ ခဏနေမှ ပြန်ဆက်လိုက်မယ်နော်"

"ခဏနေမှဆိုတာ အချိန်ဘယ်လောက်လဲ ..."

"ခန့်မှန်းခြေ နာရီဝက်ပေါ့ကွာ ..."

"နာရီဝက်ထက် မကျော်စေနဲ့နော် ..."

"အင်းပါ ... အင်းပါ"

ရွှေ့ဖုန်းကိုချ ...။ မွေ့ဖုန်းကိုဆက် ...။

"မွေ့ရေ ...၊ ပြော ... ဘာပြောမလို့လဲ"

"ထွေရာလေးပါးပေါ့ ကိုရယ်၊ ဒီနေ့ မွေ့အိမ်က သူငယ်ချင်း နယ်ပြန်သွားလို့ မွေ့တစ်ယောက်တည်း ကြောက်နေတာနဲ့ အိပ်မပျော်မချင်း ကိုနဲ့ ဖုန်းပြောမလို့ ..."

သေဟ ... သေဟ ...။

အဲ့ဒီညက ...

တစ်ညလုံး ...

ဟိုဖုန်းချ ...၊ ဒီဖုန်းဆက်။

ဒီဖုန်းချ ...၊ ဟိုဖုန်းဆက်။

ဖုန်းနှစ်လုံးနဲ့ ဖျာများရင်း မနက်ကျတော့ လူက မျက်တွင်းဟောက်ပက်ကြီး ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ဓာတ်ကျစွာဖြင့် မေမေနဲ့ မမမေရှေ့မှာ ဝန်ခံမိသည်။

"သားမှားပြီ မေမေနဲ့ မမမေ ..."

"ရွှေကို ရွေးရင် မင်းမမှားပါဘူး သားရာ ..."

"မွှေ့ကို ယူရင် သားမမှားနိုင်ပါဘူးကွယ် ..."

မကြားလိုတော့ပါ။

အဲဒီလို နှစ်မျိုး နှစ်ခွ ကွဲလွဲမှုတွေကြောင့်ပဲ ရှုးချင်နေရတာပါ။

နီ နိုး ဓာ ဆေ



## ၆...ဘယ်သူ့ နိုးရမလဲ

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်ရဲ့ မနက်ခင်းမှာ မွေ့ဆီက ဖုန်းမြည်လာကာ …

"ကိုရေ … ပြဿနာတော့ တက်ပြီ၊ ကို့ကို အရေးတကြီး ပြောစရာရှိတယ်၊ မွေ့ဆီကို အမြန်လာပါ"

"အိမ်ကိုလာရမှာလား မွေ့"

"အမလေး … အိမ်ကိုလာလို့ မဖြစ်ဘူး၊ အပြင်မှာ တွေ့မယ်၊ ( … ) လမ်းက ကော်ဖီဆိုင်ကို လာခဲ့ …၊ နောက် နာရီဝက်လောက်ကြာရင် တွေ့ရအောင်"

မွေ့က ကသောကမျော ဖုန်းချသွားတော့ ကျွန်တော့် စိတ်မှာ ပဟေဋ္ဌိဖြစ်ကျန်ခဲ့သည်။

ကျွန်တော် … အဝတ်အစား ကောက်လဲကာ မွေ့နှင့် ချိန်းထားရာ ကော်ဖီဆိုင်သို့ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မွေ့က မျက်နှာအပျက်ပျက်ဖြင့် ကျွန်တော့်ကို ဆီး ပြောသည်မှာ …

“ကိုရေ … ပြဿနာမှ တကယ့် ပြဿနာပဲ၊ အခု … မွေ့ အိမ်မှာ မွေ့မိဘတွေ ရောက်နေတယ်၊ မွေ့ကို အိမ်ထောင် ချပေးမလို့တဲ့၊ မွေ့နဲ့ ပေးစားဖို့ ရည်ရွယ်ထားတယ်ဆိုတဲ့ လူလည်း ပါလာတယ်၊ မွေ့မှာ ရည်းစားရှိပါတယ် ပြော လည်း အမေတို့က လက်မခံဘူး၊ သူတို့ သဘောတူတဲ့ သူနဲ့ပဲ ယူရမယ်ဆိုပြီး အတင်း အတင်းအကျပ် စီစဉ်နေကြ တယ် …၊

“ဟိုတလောက မွေ့တို့ အမျိုးတစ်ယောက် ရန်ကုန်လာရင်း မွေ့နဲ့ ကိုကို လှမ်းမြင်သွားပြီး အိမ်ကို ပြန်ပြောတော့ အိမ်က စိတ်ပူပြီး ချက်ချင်း စီစဉ်မယ် ဖြစ်လာကြတာ၊ မွေ့တို့ ဘာလုပ်ကြမလဲဟင် … မောင်”

ဘာလုပ်ကြမလဲ ? … ကျွန်တော် တကယ်မသိ။

မွေ့က ခေါင်းငုံ့ကာ ခဏငြိမ်သွားသည်။

ခဏနေတော့ ဆတ်ခနဲ ခေါင်းမော့လာကာ …

“မွေ့ ဆုံးဖြတ်လိုက်ပြီ ကို”

“ဘာ … ဘာကို ဆုံးဖြတ်တာလဲ …”





“ဟိုတစ်ခါ ကိုပြောဖူးတဲ့ ကိုဆန္ဒကို မွေ့ လက်ခံလိုက် တော့မယ်”

“ဘာဆန္ဒလဲဟင် …”

“ကို ပြောခဲ့တယ်လေ … လူကြီးတွေ သဘောမတူလည်း ခိုးပြေးမယ်ဆို၊ အခု မွေ့ ဆုံးဖြတ်လိုက်ပြီ၊ ကိုနောက်ကို လိုက်ခဲ့တော့မယ်”

ကျွန်တော့်ငယ်ထိပ်ကို မိုးကြိုးအစင်းစင်း ပစ်ချသွား သလို ခံစားလိုက်ရသည်။

“မွေ့ရယ် …”

“ကို အံ့ဩနေတယ် မဟုတ်လားဟင်၊ မွေ့ ဒီလိုဆုံးဖြတ် လိမ့်မယ်လို့ မထင်ဘူး မဟုတ်လားဟင်၊ ကို အိပ်မက် မက်နေတာ မဟုတ်ပါဘူး၊ မွေ့ တကယ်ပြောနေတာပါ၊ ဒီနေ့တော့ မွေ့ အိမ်ပြန်ပြီး အခြေအနေ အကဲခတ်လိုက် ဦးမယ်၊ မွေ့ယူလာရမယ့် ပစ္စည်းတွေလည်း ရှိသေးတယ်၊ မွေ့ကို လာခေါ်ရမယ့် နေရာနဲ့ အချိန်ကို မွေ့ ဖုန်းဆက် ပြောမယ်၊ ကိုဘက်ကလည်း စီစဉ်စရာရှိတာ စီစဉ်ထား ခဲ့တော့ မွေ့ပြန်လိုက်ဦးမယ်၊ တော်ကြာ အိမ်ကလူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



က မွှေ့ ထွက်သွားတာ ကြာလို့ဆိုပြီး သက်ာမကင်း ဖြစ်နေမှာ စိုးရတယ်လေ ...”

မွှေ့က သူပြောချင်တာပြောပြီး အမြန်ထပြန်သွားတော့ ကျွန်တော် ထိုနေရာမှာပဲ ငုတ်တုတ်မေ့ကာ ကျန်ရစ်သည်။





မွှေ့နဲ့တွေ့ပြီး ပြန်လာတော့ ကျွန်တော်က ဗညားနဲ့ ဝေယံကို အရေးတကြီး တွေ့ဖို့ ဖုန်းဆက်ချိန်းလိုက်သည်။

သူတို့ရှေ့ရောက်တော့ ကျွန်တော်က ခုံတစ်လုံးပေါ် အရုပ်ကြိုးပြတ် ခွေခေါက်ပုံကျသွားသည်။

“ဟာ ... ယောကောင် မင်းကြည့်ရတာ အခြေအနေမကောင်းဘူး၊ ဘာဖြစ်လာတာလဲ”

“ငါ ဘာလုပ်ရမှာလဲ ... ငါ ဘာလုပ်ရမှာလဲကွာ၊ မွှေ့က ငါနဲ့ ခိုးရာလိုက်မယ်တဲ့ ကွ ...”

“ဟာ ... ကောင်းသားပဲ၊ ခိုးပြေးကွာ”

“ဟာ ... မကောင်းဘူး၊ မခိုးနဲ့ ... ၊ ရွှေရှိသေးတယ်လေကွာ၊ ရွှေ့ကို ဘယ်လိုလုပ်မလဲ”

ဗညားက ထောက်ခံပြီး ဝေယံက ကန့်ကွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကျွန်တော့်ရဲ့ ဖုန်းနှစ်လုံး အနက် တစ်လုံးက ပုံမှန် Ring သံမြည်လာသည်။ ကျွန်တော် မသိသော ဖုန်းနံပါတ်နှင့် ခေါ်လျှင် မြည်တတ်သော အသံမျိုးပင်။

ကျွန်တော် ဖုန်းဖွင့်နားထောင်လိုက်ပါသည်။

"ဟဲလို ... လင်းရိုပ်ဥဒိုပါ"

"အစ်ကိုလေး ... ချစ်ချစ်ပါ"

ချစ်ချစ်ဆိုတာ ရွှေ့ဆိုင်က ဝန်ထမ်း မိန်းကလေး။

"ချစ်ချစ် နင်ဘယ်ဖုန်းနဲ့ ဆက်နေတာလဲ၊ ဘာကိစ္စလဲ"

"အများသုံးဖုန်းနဲ့ ဆက်နေတာပါ အစ်ကိုလေး၊ မမရွှေ ဆက်နိုင်းလို့ပါ"

"ရွှေက ဘာဖြစ်လို့လဲ ..."

"မမရွှေက သူ့အိမ်မှာပါ အစ်ကိုလေး၊ သူ့အဘွားနဲ့ ပြဿနာတက်ပြီး ဖုန်းလည်း အသိမ်းခံထားရတယ်၊ အပြင် လည်း မထွက်ရဘူး၊ ဆိုင်ကိုတောင် ချစ်ချစ်တို့ပဲ ဖွင့်နေ ရတာ"

"အေး ... လိုရင်းကိုပြောစမ်း ..."

"မမရွှေ့ရဲ့ အဘွားရဲ့ အချစ်ဆုံးသူငယ်ချင်းက အမေရိကား မှာ ရှိတယ်တဲ့၊ အဲဒါ သိပ်မကြာခင်ကမှ မြန်မာပြည်လာ





ရင်း အဘွားနဲ့ ပြန်တွေ့တော့ မမရွှေ့ကိုပါ တွေ့သွားပြီး သူ့မြေးနဲ့ ပေးစားဖို့ တောင်းတယ်တဲ့၊ အဘွားကလည်း သဘောတူတယ်တဲ့၊ အစ်ကိုလေးနဲ့ သဘောမတူတော့ဘူး တဲ့၊ အဲဒါ ဒီရက်ပိုင်းအတွင်းပဲ စေ့စပ် လက်မှတ်ထိုးပြီး မြေးအဘွားနှစ်ယောက်လုံး အမေရိကားကို လိုက်သွားတော့ မှာတဲ့၊ ဒါပေမယ့် မမရွှေက လုံးဝ မလိုက်ချင်ဘူးတဲ့၊ အဲဒါကြောင့် မနက်ဖြန် မနက် ၆ နာရီလောက်မှာ မမရွှေ ကို ထောက်ကြံ့အလွန် Toll ဂိတ်နားမှာ လာခေါ်ပါတဲ့၊ ဒါပဲနော် အစ်ကိုလေး ...၊ နောက်မှာ လူတွေ စောင့် နေလို့ ဖုန်းချလိုက်တော့မယ် ..."

"ဟာ ... ဟေ့ ... နေဦးလေ"

ချစ်ချစ်ကို ဘာမှ မေးမြန်းစုံစမ်းလို့ မရတော့တာမို့ ကျွန်တော် ဖုန်းပိတ်ပြီး ကြောင်တောင်တောင် ငြိမ်သက်နေဆဲ မွေ့ဖုန်းက meassage ရောက်သည့်အသံက 'တွိ' ဟု မြည်လာ သည်။

ကျွန်တော် meassage ကို ဖွင့်ဖတ်လိုက်သည်။

အဓိပ္ပာယ်က ...



www.burmeseclassic.com

www.burmeseclassic.com



မောင် ...

မနက်ဖြန် ၆ နာရီခွဲမှာ ထောက်ကြံ့အလွန် Toll ဂိတ်နားက စောင့်မယ် ... ။

ရွှေ

ကျွန်တော် shock ရကာ ခဏ သတိလစ်သလို မိုက်ခနဲ ဖြစ်သွားသည်။





တစ်နေ့တည်း ...

တစ်နေရာတည်း ...

အချိန်က နာရီဝက်ပဲ ခြားသည်။

လောလောဆယ်မှာ နှစ်ယောက်စလုံးရဲ့ ဖုန်းတွေကို ခေါ်မရတော့။ ဖုန်းပိတ်ထားကြသည်။

ကျွန်တော် ဘာလုပ်ရမလဲ ...?

သွားရမလား ...?

မသွားရဘူးလား ...?

သွားမယ်ဆို ဘယ်သူ့ဆီ သွားရမှာလဲ ...?

မသွားဘူးဆို ဘယ်သူ့ဆီ မသွားရဘူးလဲ ...?

နှစ်ယောက်စလုံးဆီ မသွားလျှင် ဘာတွေဖြစ်ကုန်မလဲ ...?



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံးဆီ သွားလျှင် ဘာတွေဖြစ်ကုန်မလဲ.... ?

ကျွန်တော် တကယ် ရူးချင်ပါသည်။





နောက်တစ်နေ့ မနက်စောစောတွင် ကျွန်တော်သည် မျက်မှန်ကြီးကြီးတပ်၊ ခေါင်းစွပ်ဦးထုပ်ဆောင်း၊ နှုတ်ခမ်းမွှေး အတုတပ်ကာ ရုပ်ဖျက်လျက် ဝေယံ့ကားကိုမောင်းကာ ထောက်ကြံ့ အလွန် Toll ဂိတ်သို့ လာခဲ့လေသည်။

ကျွန်တော့် အကြံကတော့ ဘယ်သူ လာတယ်၊ မလာဘူးဆိုတာ အခြေအနေကြည့်ပြီး နှစ်ယောက်စလုံး ရောက်နေလျှင်တော့ အသာလေး ပြန်လစ်လာခဲ့ဖို့ပင်။

တစ်ယောက်က အရင်ရောက်နေတယ်ဆိုရင်တော့ ထိုတစ်ယောက်ကို ရွေးချယ်လိုက်ဖို့ ဆုံးဖြတ်ထားပါသည်။ ကျန် တစ်ယောက်ပေါ် မတရားရာကျမယ်မှန်း သိပေမယ့် ရေရှည် ဒုက္ခမရောက်ဖို့ ဒီနည်းလမ်းကို ရွေးချယ်ခဲ့ရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပေးထားသော အချိန်အရဆိုလျှင် ရွှေက စော နေပေမယ့် ရွှေအရင်ရောက်ဖို့ဆိုတာလည်း မသေချာပါ။ ရွှေက ဘယ်တော့မဆို နောက်ကျတတ်သူ ဖြစ်သည်။

အရင်ရောက်မည့်သူဟာ ကျွန်တော့်အတွက်တော့ ကံကြမ္မာက ရွေးချယ်ပေးသော ဖူးစာဘက်ဖြစ်ပါသည်။

တစ်ယောက်ကို စွန့်လွှတ်ရမှာ သေချာပေမယ့် ...၊ ထိုသို့ စွန့်လွှတ်ရလျှင် ကျွန်တော် ခံစားရမှာ ... ကျန်ရစ်တဲ့ တစ်ယောက်လည်း ခံစားရမှာသေချာပေမယ့် အခြေအနေက ဒီလိုပဲ ဖြစ်လာရပါသည်။

ကားမောင်းလာရင်း ကျွန်တော့်စိတ်တွေလည်း လှုပ် ရှားနေပါသည်။

ချစ်သူတစ်ယောက်နဲ့ ပေါင်းရမှာ ပျော်ရွှင်စရာပေ မယ့် ကျန်တစ်ယောက်နဲ့ ခွဲရမှာကိုလည်း တွေးရုံနဲ့တောင် ကြေကွဲ နေမိပါသည်။

ဆောင်းမနက်ခင်းမို့ နှင်းမှုန်ကလေးတွေကလည်း မြို့ပြင်ပတ်ဝန်းကျင်မှာ မှုန်တုန်တုန်လေး ဝေနေပါသည်။

ကျွန်တော် မောင်းနေသည့် ကားလေးကလည်း မြို့ ပြင်ဘက်သို့ တဖြည်းဖြည်း နီးလာပါသည်။ ကျွန်တော့် ခြေဖျား





လက်ဖျားတွေလည်း တဖြည်းဖြည်းအေးလာပါသည်။ ရင်ခုန်သံက လည်း နည်းနည်းကြမ်းလာပါသည်။

ဟော ... Toll ဂိတ်ကို လှမ်းမြင်ရပြီ။

ကျွန်တော်က ကားထဲမှာ ခပ်ဝပ်ဝပ်ကလေး ထိုင် လျက် ကားကို ဖြည်းဖြည်းလေး ဘီးလိမ့်ရုံမောင်းကာ Toll ဂိတ်ကို ဖြတ်လာခဲ့သည်။

ဟိုးရှေ့က သစ်ပင်တန်းရဲ့ ဒီဘက်မှာ ရပ်နေသူက မွေ့ ...။

မွေ့အပြင် ဘယ်သူမှ ရှိမနေ ...။

ရွှေဟာ ထုံးစံအတိုင်း နောက်ကျပြီ ...။

ဒါဆို ကျွန်တော့်ရဲ့ ဖူးစာဘက်ဟာ မွေ့ပဲပေါ့။

ကျွန်တော့်ရင်ထဲ တစ်ဝက်ပျော် တစ်ဝက်ဝမ်းနည်း ကာ ကားရင်လိုက်ပြီး မွေ့ဆီ လျှောက်သွားနေမိဆဲ ... သစ်ပင် တန်းရဲ့ ဟိုဘက်အစွန် သစ်ပင်တွေကြားမှ ရွှေက ဘွားခနဲ ပေါ်လာသည်။

ကျွန်တော် ရင်တွေ တုန်သွားကာ ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွေ့ဆိုလည်း မသွားရဲ…၊ ရွှေ့ဆိုလည်း မသွားရဲ။ မွေ့နဲ့ ရွှေ့ရဲ့ကြားမှာ ကျောက်ရုပ်လို ရပ်နေလိုက်မိသည်။

မွေ့နဲ့ ရွှေက ကျွန်တော့်ကို လှမ်းလှမ်းကြည့်ကြသော်လည်း ရုတ်တရက် မှတ်မိပုံမရ။ ရပ်ထားသော ကားကလည်း ကျွန်တော့်ကား မဟုတ်ကာမို့ ရိပ်မိပုံမပေါ်။

ကျွန်တော်ကအခုရားသိကြားတရင်း နောက်ကြောင်းသို့ ချာခနဲ ပြန်အလှည့် …

"မောင် …"

"ကို …"

ပြိုင်တူခေါ်သံ ကြားလိုက်ရပြီး ခဏမှာ ကျွန်တော့်ရဲ့ လက်နှစ်ဖက်ကို ဆောင့်ဆွဲခြင်း ခံလိုက်ရပါသည်။

"မောင် … ရွှေ့ကို လာခေါ်တာ မဟုတ်လား၊ သွားကြမယ်လေ …"

"ကို … မွေ့ကို လာခေါ်တာမဟုတ်လား၊ လာလေ … ဘယ်ထွက်ပြေးမလို့လဲ"

နှစ်ယောက်သားဟာ ကျွန်တော့် လက်တစ်ဖက်စီကို အားနှင့် မာန်နှင့် ဆွဲခေါ်နေသည်မှာ လူ့ခန္ဓာ နှစ်ခြမ်းကွဲမတတ်





ပင်။ တစ်ယောက်က နှုတ်ခမ်းကို ဖိကိုက်လျက်၊ တစ်ယောက်က အံကြိတ်လျက် …။

ထိုခဏမှာ ကျွန်တော် ပညာပြခံရပြီဆိုတာကို နားလည်လိုက်သည်။

"ကြောက်ပါပြီ … ကြောက်ပါပြီဗျာ၊ လွှတ်ကြပါတော့ … တောင်းပန်ပါတယ်၊ သွားပါရစေတော့ …"

"မသွားပါနဲ့ဦး မောင်ရယ်"

"မသွားပါနဲ့ ကိုရယ် …"

သူတို့က တစ်ဖက်တစ်ချက်က ဆွဲ၊ ကျွန်တော်က ရှေ့ကိုရုန်း၊ ဝရုန်းသုန်းကားဖြစ်ကာ ကျွန်တော့် အင်္ကျီ ပခုံးဆက်တောင် ပြုတ်ထွက်ပြဲရှိသွားသည်။ နှုတ်ခမ်းမွေးတုကိုလည်း ဆွဲဖြုတ်ခံရ၊ ဦးထုပ်တွေ မျက်မှန်တွေလည်း ချွတ်ပစ်ခံရ၊ နှစ်ယောက်ကြားမှာ အမွှေးလူး အလဲလဲဖြစ်ပြီးမှ ဖြုန်းခနဲ လွတ်ထွက်လာကာ ကားဆီသို့ သေပြေးရှင်ပြေး ပြေးရင်း ခလုတ်တွေတိုက် ချော်လဲဒူးပြဲကာ အစုတ်စုတ် အပြတ်ပြတ်ပုံဖြင့် သူမတို့ထံမှ လွတ်မြောက်လာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေါခနဲ မောင်းထွက်ပြေးသွားသော ကားနောက်မြီးကို အောင်မြင်စွာ လှမ်းကြည့်ရင်း ရွှေနဲ့ မွေ့က အောင်မြင်စွာ ပြုံးကာ လက်ဝါးချင်း ရိုက်လိုက်ကြပါသည်။

စောစောစီးစီး သိခဲ့ရတာ ကံကောင်းလို့ပေါ့။



## စောစောစီးစီး သိလိုက်ရတာ ကံကောင်းလို့ ...

www.burmeseclassic.com

www.burmeseclassic.com



“မွေ့ … နင့်လူနဲ့ အခြေအနေ ဘယ်လိုလဲ၊ ငါနဲ့ မိတ်ဆက်ပေးမယ်ဆို … ”

“အင်း … သူမအားသေးဘူး”

“နင်တို့ကြိုက်သွားကြပြီလား”

“ဒီလိုပါပဲ”

“ဘာ ဒီလိုပါပဲလဲ”

“ဩော် … ဘာရယ်မဟုတ်ပါဘူး”

“အဲဒါ ဘာအဓိပ္ပာယ်လဲ၊ ငါ့ကို ရှင်းရှင်းလင်းလင်းပြော”

“ဒါက ငါ့ ကိုယ်ရေးကိုယ်တာပါဟာ၊ နင် နေရာတကာ လိုက်စပ်စု မနေစမ်းပါနဲ့ ရွှေရာ”

“ဟင် … နင် ဘယ်လိုပြောလိုက်တာလဲ မွေ့၊ နင်နဲ့ငါက



www.burmeseclassic.com

www.burmeseclassic.com



ဒီလို စကားမျိုး ပြောရမယ့် လူတွေလား၊ အေး ... နင်က ဒီလိုဆိုတော့ ငါလည်း နေနိုင်ရမှာပေါ့ ...”

အဲဒီလိုက စလို့ ရွှေနဲ့ မွေ့ရဲ့ ဆက်ဆံရေးက ခ တန်းတန်း ဖြစ်သွားကြကာ ရွှေကလည်း မွေ့လူအကြောင်းမမေး မွေ့ကလည်း ရွှေ့လူအကြောင်း မမေး ...။

အမှန်တော့ မွေ့က စိတ်ပျော့သူမို့ လင်းရိပ်ညိုရဲ့ သွေးထိုးစကားတွေကို စတင်နားဝင်သွားခဲ့တာ ဖြစ်သည်။

မွေ့က စိမ်းတော့ ရွှေကလည်း မာနလေးဖြင့် ပြန်တင်းနေသည်။

ထိုအချိန်တွေကတော့ ... လင်းရိပ်ညို ပန်းပန်နေသော အချိန်များပင် ဖြစ်သည်။

အဲဒီနောက်တော့ ... သူငယ်ချင်း သံယောဇဉ်ဟာ ပြန်တင်းလာကာ နှစ်ယောက်စလုံး တဖြည်းဖြည်း စိတ်ပြန်ပျော့လာကြပြီး တစ်စတစ်စ နွေးထွေးလာခဲ့ကြသည်။

တစ်နေ့တော့ လင်းရိပ်ညိုက ရွှေ့အတွက် ခွေဝယ်လာပေးရင်း မွေ့အတွက် ဝယ်လာသော မွေ့အကြိုက် ကဗျာဘွဲ့မှူး သီချင်းခွေကို ရွှေမြင်သွားသည်။





ရွှေက မွေ့အိမ်သို့ အသွား မွေ့ထံမှာရှိနေသော ထိုသီချင်းခွေကို မြင်ကာ ...

“မွေ့ ... ဒီအခွေ ဘယ်ကဝယ်တာလဲ”

“လက်ဆောင်ရတာ ...”

“ဘယ်သူ့ဆီကလဲ ...”

“ငါ့ချစ်သူဆီက ...”

“ဟိုနေ့က ငါ့ချစ်သူလည်း ဒီအခွေ ဝယ်လာတာနဲ့ နင့်ကိုတောင် သတိရမိသေးတယ်၊ ဟယ် ... နင့် ကလစ်လေးက ငါ့ကလစ်နဲ့ခပ်ဆင်ဆင်ပဲ၊ အရောင်ပဲကွဲတယ်၊ နင် ဘယ်က ဝယ်တာလဲ ...”

“ငါ့ချစ်သူ ပေးတာပဲ ...”

“ငါ့ကလစ်ကလည်း သူပေးတာပဲ၊ ဟဲ့ ... နင့်လူနဲ့ ငါ့လူက စိတ်ကူးချင်း တူနေသလား မသိဘူးနော် ...”

“စိတ်ကူးတူပေမယ့် ပုံစံတော့ မတူဘူး မဟုတ်လား ရွှေရဲ့၊ ငါ့လူပုံစံက ရိုးရိုးသားသားလေး၊ နင့်လူက ဟော့ရှော့လေး မဟုတ်လား”

“အဲဒါမှ ငါနဲ့လိုက်တာလေ ...”



www.burmeseclassic.com

www.burmeseclassic.com



စကားက အဲဒီမှာပဲ ရပ်သွားတာမို့ အကြောင်းအရာတွေက ဂဃနဏ ပေါ်ပေါက်မလာသေး။

နောက်တော့ တဖြည်းဖြည်း လင်းရိပ်ညိုရဲ့ မိဘတွေ ရွှေ့ ရောက်တဲ့အထိ စာတ်ရှိန်ကမြင့်လာသည်။

အဲဒီအထိလည်း မရိပ်မိကြသေး။

အချင်းချင်း စကားတွေတော့ ပြောဖြစ်ကြပါသည်။

"မွေ့ရယ် ... မောင့်အမေက ရုပ်တည်ကြီးနဲ့ ငါ့ကို ဆက်ဆံတာ သိပ်ဟက်ဟက်ပက်ပက် မရှိသလိုပဲ"

"ကို့အမေကျတော့ အရမ်းသဘောကောင်းတာ ရွှေရဲ့၊ ငါ့ကို ဆို သမီးလေးလိုပဲ၊ ကို့အဖေသာ မျက်နှာကြောတင်းတာ"

"ဟုတ်လား ... မောင့် အဖေကတော့ အရမ်းသဘောကောင်းပြီး ငါနဲ့တွေ့ရင် စကားတွေ ပြောသလား မမေးနဲ့"

အဲဒီလောက်ပဲ ပြောဖြစ်ကြတာမို့ သူ့ယောက္ခမလောင်းနဲ့ ကိုယ့်ယောက္ခမလောင်း အတူတူပဲဆိုတာ မသိနိုင်။

တစ်နေ့တော့ ရွှေဆိုင်မှာ မွေ့နဲ့ မိတ်ဆက်ပေးခါနီးလေး ဗိုက်အောင့်တယ်ဆိုပြီး မှုပျက်ရောင်ထွက်သွားသော လင်းရိပ်ညိုကို ရွှေက စတင်၍ မသင်္ကာဖြစ်လာပါသည်။





ရွှေဟာ အနုံအအတော့ မဟုတ်။ လင်းရိပ်ညို ဖုန်းခဏခဏပိတ်ထားတတ်တာ၊ ရွှေ့ရှေ့မှာ ဖုန်းပြောတိုင်း မှုပျက်နေတာတွေကို တစ်စတစ်စ သတိထားမိလာပါသည်။

တစ်နေ့တော့ ... ရွှေ ဆိုင်ပိတ်ချိန်မှာ မွေ့ရောက်လာတာမို့ မွေ့နဲ့အတူ ဒဂုံစင်တာဘက် သွားဖို့ စိတ်ကူးရကာ ရွှေ့ကားရပ်ထားသော ကားပါကင်ဘက်သို့ နှစ်ယောက်အတူ လျှောက်လာခဲ့ကြပါသည်။

ရွှေ့ကားပေါ် အတူတက်ကာ မောင်းထွက်မည်ပြင်ဆဲ ... ကားပါကင်မှာ ရပ်နားခကောက်ခံသည့် ကောင်လေးက အပြေးရောက်လာကာ ...

"အစ်မလေးတို့ ... အစ်မလေးတို့က ဟိုအစ်ကို့ သူငယ်ချင်းတွေ မဟုတ်လား"

"ဘယ် အစ်ကိုလဲ ..."

"ဟို ... နှစ်ပန်လှ အစ်ကိုလေ"

"ဘာလဲ ... နှစ်ပန်လှ ..."

"အဲ့ဒီအစ်ကိုက တစ်ခါတလေကျ ပုဆိုးနဲ့ ကော်လံတုံးအင်္ကျီဝတ်ပြီး၊ တစ်ခါတလေကျ ဘောင်းဘီနဲ့ တီရှပ်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်လေ၊ တစ်ခါတလေကျ ဒီအစ်မလေးနဲ့ တွေ့ပြီး တစ်ခါတလေကျ ဟိုအစ်မလေးနဲ့ တွေ့တယ်လေ၊ အဲဒါ ဟိုတစ်ခါ ကျွန်တော့်ကို ယာဉ်ရပ်နားခ ပေးမသွာ လို့ အစ်မလေးတို့ စိုက်ထားပေးလို့ ရမလား မသိဘူး ...”

ရွှေနဲ့ မွေ့က တစ်ယောက်ကို တစ်ယောက် လှည့်ကြည့်လိုက်ကြပြီး မျက်လုံးတွေ တဖြည်းဖြည်း ပြူးလာကာ ...

“ဟဲ့ ... မွေ့ ... နင့်လူနာမည် ဘယ်သူလဲ”

“လင်းရိပ်ညို ...”

“ဟင် ... ငါ့လူလည်း လင်းရိပ်ညိုပဲ ...၊ ဒီကောင် ... ဒီကောင် လူလည်ကျပြီ ...”

“ဟယ် ... နာမည်တူတာများလား”

“ဟဲ့ ... ဒုံးမဝေးစမ်းနဲ့၊ ခုန ဟိုကောင်လေး ပြောတာ ရှင်းနေတာပဲ၊ နင်မယုံသေးရင် သွားချောင်းကြည့်မယ်”

အဲဒီနောက် ရွှေက လင်းရိပ်ညိုကို ဆိုင်တစ်ဆိုင်မှာ ချိန်းလိုက်ပြီး မွေ့နှင့်အတူ ချောင်းကြည့်ကာ မွေ့ရဲ့ ကိုနဲ့ ရွှေ့ရဲ့ မောင်ဟာ တစ်ယောက်တည်းဆိုတာ သေချာသွားသည်။

အဲ့ဒီနေ့က နှစ်ယောက်သား အသည်းတွေ ကွဲကာ ဖက်ငိုလိုက်ကြသေးသည်။



BURMESE CLASSIC .com



နောက်တော့ အသည်းကွဲရင်း စိတ်နာလာကာ လင်းရိပ်ညိုကိုပညာပြန်ပြဖို့ ဆုံးဖြတ်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွှေ့ရေ ... အခြေအနေ ဘယ်လိုလဲ၊ တော်တော်မှ ဒုက္ခရောက်ရဲ့လား၊ ငါ့ဘက်ကတော့ အစွမ်းကုန် ပညာပြလိုက်တာပဲ"

"အေး ... ကောင်းတယ်၊ ငါ့ရှေ့ကို အပြေးရောက်လာတဲ့ သူ့ပုံစံကို နင်မြင်စေချင်တယ် ရွှေရယ်၊ တကယ့်ကို စုတ်ပြတ်သတ်နေတာပဲဟာ ...၊ ချွေးတွေလည်း ရွှဲနေတာပဲ"

"အေး ... ဖြစ်မှာပေါ့ ...၊ သူက အမေ့ကို ဆေးခန်းပြမယ်၊ အဖေ့ဖို့ အကြော်ဝယ်မယ်တွေ လုပ်နေလို့ ငါ အစွမ်းကုန် ရစ်ပစ်လိုက်တာ"

"ငါလည်း ရစ်တာပဲ၊ ငါ မနက်အစောကြီး လမ်းလိုက်လျှောက်မယ်ပြောလို့ ဖြစ်သွားတဲ့ သူ့ပုံကို နင်မြင်ရင်ရယ်မှာပဲ"





"ငါလည်း တစ်ယောက်တည်း ကျိတ်ရယ်ပြီးပါပြီ မွှေ့ရယ်၊ ငါက သူ့ရှေ့မှာ နင်နဲ့ ဖုန်းပြောပြီး နင့်အကြောင်း ဖြော့လိုက်ရော သူ့မှာလန့်ပြီး တုန်တောင်သွားတယ် သိလား၊ ချွေးတွေလည်း ပြိုက်ပြိုက်ကျလို့ ..."

"ငါတို့ နှိပ်စက်တာ သူ့ရုပ်လည်း တော်တော်ကျနေပြီ သိလား ..."

"ဒါ့ထက် ပိုကျသွားအောင် ဒီည အစီအစဉ် ရှိသေးတယ်လေ ..."

"အေး ... ဟုတ်သားပဲ၊ တွေ့မယ် လှေနံနှစ်ဖက်နင်းချင်တဲ့ သူ၊ တစ်ခါတည်း နောင်ကြဉ်သွားမယ်"

အဲ့ဒီညမှာ မွှေ့က ရွှေ့အိမ်လာအိပ်ပြီး လင်းရိပ်ညိုထံ ပြိုင်တူ ဖုန်းခေါ်ပြီး နှိပ်စက်လိုက်ကြသေးသည်။

လင်းရိပ်ညို ကောင်းကောင်း သင်ခန်းစာရနေသော အချိန်မှာပဲ မွှေ့နဲ့ ရွှေတို့ရဲ့ နောက်ဆုံးပွဲသိမ်း အစီအစဉ်ကို ဖန်တီးခဲ့ကြခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနဲ့ မွေ့သည် ထိုလုပ်ကြံဇာတ်ကို ခင်းဖို့ ခေါင်းချင်းဆိုင်ပြီး အကျိုတ်အနယ် တိုင်ပင်ခဲ့ကြရပါသည်။

အဲဒီနောက် မွေ့ကလည်း မွေ့ဇာတ်ကို ခင်းပြကာ မိုးပြေးဖို့ချိန်း၊ ရွှေကလည်း ချစ်ရချစ်ကို အကူအညီတောင်းကာ ရွှေ့ကိုမိုးပြေးဖို့ အကြောင်းကြားလိုက်ကြပြီး ဖုန်းတွေကို ပိတ်ထားလိုက်ကြပါသည်။

နောက်တစ်နေ့ မနက်စောစော မွေ့ရော ရွှေပါ မြို့အထွက်ဂိတ်မှာ သွားစောင့်နေကြဆဲ သကောင့်သားက ရုပ်ဖျက်ကာ ရောက်လာသည်။

သူ့ရုပ်များတော့ ချေးချီသွားတောင် မှတ်မိသေးတာမို့ ရွှေရော မွေ့ပါ သူ့ထံ အလျှင်အမြန် ချဉ်းကပ်သွားနိုင်သည်။

လင်းရိပ်ညိုက နှစ်ယောက်စလုံးကို တွေ့ပြီး သွေး





ပျက်ချောက်ချားကာ ချာခနဲ လှည့်ပြေးဖို့ ကြံစည်သော်လည်း နောက်ကျသွားခဲ့ပြီ။

ရွှေနဲ့ မွေ့က ဒင်းလက်တွေကို အားကုန်သုံး၍ ခြေကန်ဆွဲကြသည်။

ရွှေနဲ့ မွေ့ကြားမှာ တစ်ခဏချင်း ဖွတ်ဖွတ်ညက်ညက်ကြေကာ သွေးရူးသွေးတန်း ပြေးထွက်သွားသော သူ့ကို ကြည့်ရင်း နှစ်ယောက်သား အောင်မြင်စွာ ပြုံးလျက် လက်ဝါးချင်း ရိုက်လိုက်ကြပါသည်။

စောစောစီးစီး သိလိုက်ရတာ ကံကောင်းလို့ပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



မွေ့နဲ့ ရွှေကလည်း အဆိုအမိန့်လေး တစ်ခုတော့ ထားခဲ့ချင်သည်။

*တစ်ခါတစ်ခါ မိန်းမတွေကို နုံတယ်ဟု ထင်ကြသော ယောကျ်ားများသည် သူတို့ကိုယ်တိုင်က မိန်းမတွေထက် ပိုနုံကြောင်း မသိရှာကြပေ ... ။*





အပြင်းမောင်းလာသော ကျွန်တော့် ကားလေးက ဘာဖြစ်မှန်းမသိဘဲ တစ်နေရာမှာ ထိုးရပ်သွားပါသည်။

အနားပါးနီးကို ကျွန်တော် ကြည့်လိုက်တော့ ထိုနေရာဟာ ရန်ကုန် မန္တလေးလမ်းနှင့် ရန်ကုန် ပြည်လမ်းဆုံရာ လမ်းနှစ်ခွ ဖြစ်နေသည်။

ကျွန်တော်က နာနာကြည်းကြည်း တောက်ခေါက်လိုက်မိသည်။

၂ ဂဏာန်းတွေကို ကျွန်တော် တကယ်မုန်းသွားပါသည် ...။

ပုညခင်

9.8.2007

12:25 am



www.burmeseclassic.com